
mgyoe.com

# သော်တာဆွေ


# ပေါ်ဦး

## ဝတ္ထုတိုများ



ပြန်လည်စုစည်းသည့်မှ
ဒုတိယအကြိမ်

mgyoe.com



TTS0017
6,000.00KS

mgyoe.com

ပေါ်ဒူးဝတ္ထုတိုများ၊ သော်တာဆွေ
မျက်နှာဖုံးသရုပ်ဖော် - ပေသစ်တည်
စာမျက်နှာ ၄၆၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၂၊ ဇန်နဝါရီလ၊ ပြန်လည်စုစည်းစီစဉ်သည်
၂၀၁၃ မှ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၆၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပေါ်အူးတဲ့ ထိုအမည် | ၁ |
| ၂။ | ထောင်လျှောင်နေ | ၅ |
| ၃။ | သွားလုလုကျောင်း | ၄၆ |
| ၄။ | ချစ်ဒုတ်ခ | ၁၀၆ |
| ၅။ | မြင့်မြင့်ဖြူ | ၁၃၀ |
| ၆။ | မောင်တို့တောင်ပြုန်း | ၁၆၂ |
| ၇။ | သည်မောင့်လက်သံ | ၂၀၆ |
| ၈။ | ချစ်ကြောင်းကုန်စင် | ၂၅၈ |
| ၉။ | ဖုန်းမေ့လေ၏ | ၃၁၀ |
| ၁၀။ | ဘော်ဘီဂျူနီယာ | ၃၃၉ |
| ၁၁။ | ဖြစ်လေရာဘဝဝယ် | ၃၈၀ |
| ၁၂။ | ရွှေမန်းမြနှင်းရည် | ၄၂၈ |


❖

mgyoe.com

mgyoe.com

# ပေါ်အူးတဲ့ ထိုအမည်

အင်္ဂလိပ်စာသင်ကျောင်းသားကလေးတစ်ဦးအား တောက ဦးကြီးတစ်ယောက်က...

"ဟေ့၊ မင်း အင်္ဂလိပ်လို တော်တော်တတ်နေရော့မယ်၊ ကဲ... ငါ့နာမည်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်မလဲကွာ"

ဟု မေးခဲ့လျှင် သူငယ်ကလေး အဖြေကြပ်မည်ဖြစ်သော်လည်း ကျွန်တော်၏ဇာတ်လိုက် ပေါ်အူးကို အင်္ဂလိပ်လို ဘယ်လိုခေါ်မလဲမေးလျှင် မူကား လွယ်လွယ်ကလေး ဖြေလိုက်ပါမည်။ Jeeves (ဂျိဗ်စ်) ပါတဲ့ ခင်ဗျား။ အကြောင်းမှာ ကမ္ဘာကျော် အင်္ဂလိပ်ဟာသဝတ္ထုတိုများကို မှီး၍ ရေးထားသောကြောင့် ဖြစ်ပါ၏။

အောင်မယ်၊ Jeeves ၏ ပထမဦးဆုံးနာမည်မှာ ပေါ်အူး မဟုတ်သေးပါဘူး ခင်ဗျာ၊ အုပ်ပေါင်းတဲ့။

၁၉၄၇ ခုနှစ် မန္တလေးမြို့တွင် ကျွန်တော် ဆရာကြီး ရွှေဥဒေါင်း၏ အိမ်၌နေစဉ်၊ တစ်နေ့သောအခါ ဆရာကြီး၏ စာတိုပေစများ ထည့်သော သေတ္တာတစ်လုံးကို မွှေနှောက်ရာ၊ ဆရာကြီး၏လက်ရေး ၁၇ မျက်နှာရှိ ရေးလက်စ ဝတ္ထုတစ်ပုဒ်ကို တွေ့၍ ကျွန်တော် ဖတ်ကြည့်ရာ လွန်စွာ

mgyoe.com

mgyoe.com


သဘောကျမိ၏။ စက္ကူများမှာ ဝါကြန့်၍ နုတ်ခမ်းသားများ ပိုးကိုက်ထား ပါပြီ။ ဒါနှင့် ကျွန်တော်က ဆရာကြီး ပြ၍ "ဦးကြီး၊ ဒီဝတ္ထု ဆက်မရေး တော့ဘူးလား၊ ဘာလို့ ချောင်ထိုးထားသလဲ" ဟု မေးသောအခါ ဆရာ ကြီးက ယူကြည့်ပြီး "အေး ... မရေးတော့ပါဘူးကွာ" ဆိုသဖြင့် ...

"ဒါဖြင့် ကျွန်တော့်ပေး၊ ကျွန်တော် ဆက်ရေးမယ်"

"အောင်မယ်၊ ဖြစ်ရင် ယူရေးပါမောင်၊ ငါရေးတုန်းကလည်း ဟာသ ဝတ္ထုပဲကွ"

ဆရာကြီး စ,ထားသော ဝတ္ထုထဲမှ ဇာတ်ဆောင်နှစ်ယောက်မှာ ဆရာက မောင်ထွန်းလင်း၊ တပည့်က အုပ်ပေါင်း ဖြစ်နေလေရာ ဤအမည် တွေ ဟာသဝတ္ထုတွေနှင့် မကိုက်။ သူ့စရိုက်က ပျော့ညံ့ညံ့ရှိသူမှာ မောင် ထွန်းလင်းဆိုလျှင် 'မာ'နေသည်။ တပည့်က အုပ်ပေါင်း ဆိုသည်မှာလည်း မသင့်လျော်။ မြန်မာလူမျိုးထဲက ခေါင်းပေါင်း အုပ်ပေါင်းကို အထွတ် အမြတ်ထားကြသည် မဟုတ်ပါလား။ ထို့ကြောင့် ကျွန်တော်က ဆရာကို 'အေးဆွေ'၊ တပည့်ကို 'ပေါ်အူး' ဟု အမည်ပြောင်းလိုက်ပါသတည်း။

စင်စစ် ဆရာကြီးက ဤအရေးပါလှသော ဇာတ်ကောင်ကို အုပ် ပေါင်း ဟု နာမည်ပေးထားသည်မှာ အချည်းနှီးမဟုတ်ပေ။ ဆရာကြီးအား ချစ်ခင်လေးစား၍ ဂျပန်ခေတ်တွင် ဆရာကြီးက ရန်ကုန်မှ မန္တလေးသို့ အပြန်၊ ဗုံးတွေ တဝုန်းဝုန်းချနေသောကာလ၌ ကွမ်းခြံဘူတာကြီးမှာ ရထား လက်မှတ်ရရန် ဆရာကြီးကိုယ်စား တန်းစီယူပေးသော တရုတ်ဘိန်းစား၊ အုပ်ပေါင်းဖြစ်ကြောင်း ဆရာကြီး၏ တစ်သက်တာမှတ်တမ်း တတိယတွဲ ကို ဖတ်ရမှ ကျွန်တော်သိရ၏။ အစကသိပါမူ ဆရာကြီး အမှတ်တရ သုံးစွဲထားသော သူ၏အချစ်တော် အုပ်ပေါင်း၏နာမည်ကို ကျွန်တော် ပြောင်းရက်မည် မဟုတ်ပေ။

ကျွန်တော် ပေါ်အူးဟု ပြောင်းသည်မှာ ဤလူသည် ပြဿနာတို့ကို ဖြေရှင်းရာ၌ အမတ်ကြီးဦးပေါ်ဦးကဲ့သို့ ဉာဏ်ရှိသောကြောင့်၊ သို့သော် အိမ်စေတပည့်မျှ ဖြစ်နေသဖြင့် 'ပေါ်ဦး'မဟုတ်ဘဲ 'ပေါ်အူး' လုပ်လိုက်ခြင်း ဖြစ်ပါ၏။(စာစီနှင့် စာပြင်ဆရာတို့ သတိထားကြပါကုန်၊ ဦး နှင့် အူး လွဲကြပေါင်း များခဲ့လှပေပြီ)

mgyoe.com

mgyoe.com


ဤ 'အေးဆွေ–ပေါ်အူး' စ၍ ပါခဲ့သည်မှာ ၁၉၄၈ ခုနှစ် မတ်လ ရှုမဝ၊ အမှတ် ၁၀ တွင် သည်မောင့်လက်သံ ဝတ္ထုက ဖြစ်ပါ၏။ ဆရာကြီး၏ ရေးလက်စ ၁၇ မျက်နှာကို ကျွန်တော်က နောက်ထပ် ၃၀ မျှ ဖြည့်လိုက်ခြင်း ဖြစ်ပါ၍ ဤဝတ္ထုမှာ ဆရာကြီး ၄ ပုံ ၁ ပုံ၊ ကျွန်တော်က ၄ ပုံ ၃ ပုံ ဟု ဆိုထိုက်ပါ၏။ ယင်းဝတ္ထု ပြီးသည့်နောက်၊ ပေါ်အူး–အေးဆွေ ဇာတ်ကောင်များကို ကျွန်တော် နောက်ထပ်ဆက်ရေးရန် မရည်ရွယ်ပါ။ ရေးရန်အကြောင်းရှိမှန်းလည်း မသိသေး။

သို့သော် ဤဝတ္ထုထွက်ပြီး ကျွန်တော် ရန်ကုန်မြို့သို့ ရောက်၍ အစ်မကြီး ခင်မျိုးချစ်တို့ ဇနီးမောင်နှံနှင့် သိကျွမ်းပြီးသကာလ၊ တစ်နေ့သ၌ အစ်မကြီးက "မင်း ဂျိ(ဗ်စ်)ကို ပေါ်အူးလုပ် ရေးတာဟာ နည်းနည်း ကလက်တယ်ကွ၊ သူ့မူရင်း ဂျိ(ဗ်စ်) က တည်တည်နဲ့ ရယ်ရတာ"ဟု ပြောသည်။ ကျွန်တော် ရုတ်တရက် နဝေတိမ်တောင် ဖြစ်သွားပါသည်။

"ဗျာ ... ကျွန်တော် ဘယ် ဂျိ(ဗ်စ်)ကို ယူရေးလို့လဲဗျာ"

"ဟ ... မင်းရေးတဲ့ သည်မောင့်လက်သံဝတ္ထုဟာ ပီဂျီဝုဒ်ဟောက်စ်ရဲ့ ဂျိ(ဗ်စ်)ထဲက မဟုတ်လား"

ကျွန်တော် နားမလည်ပါ။ အင်္ဂလိပ်စာရေးဆရာကြီး ပီဂျီဝုဒ်ဟောက်စ် ရှိမှန်းကိုပင် ကျွန်တော်မသိ။ ကျွန်တော်သည် အင်္ဂလိပ်စာပေ၌ ကျွမ်းကျင်ခဲ့သူ မဟုတ်ပေ။ ကျွန်တော်က ဤဝတ္ထုရေးရခဲ့ပုံ ပြောပြသည်၌ အစ်မကြီးက အံ့အားသင့်လျက် "ဟေ ဒါဖြင့် ဆရာကြီးက ဂျိ(ဗ်စ်)ဝတ္ထုကို စထားတာ ဖြစ်ရမယ်ကွ၊ ကဲ မင်း ဂျိ(ဗ်စ်)ကို မသိသေးရင်ဖြင့် ငါ့ဆီမှာ အဲဒီဝတ္ထုတွေ အများကြီး ရှိပါတယ်ကွာ"ဆိုပြီး သူ့စာအုပ် ဗီရိုထဲမှ ထုတ်၍ ပေး၏။ ကျွန်တော်က ဝမ်းသာအားရယူသွား၏။

သို့သော် အိမ်ရောက်၍ ဖတ်ကြည့်တော့ ကျွန်တော် နားမလည်ချေတကား။ ကျွန်တော်သည် စာအုပ်များကို ပြန်ယူသွားကာ အစ်မကြီးကို ဝန်ခံရ၏။

"အစ်မကြီးရဲ့ ကျွန်တော် ဖတ်လို့ နားမလည်ဘူး။ ကျွန်တော်က အင်္ဂလိပ်စာ တတ်တာမဟုတ်ဘူး" ဟု ပြောပြသည်၌ အစ်မကြီးက ရယ်မော၍...

mgyoe.com

mgyoe.com


"ဟဲ့ ပီဂျီဝုဒ်ဟောက်စ် စာတွေက ဖတ်စမရှိသေးရင် မင်း ဘီအေ အောင်လည်း နားလည်မှာမဟုတ်သေးဘူး၊ ကဲ မင့် ငါ ဟောဒီဝတ္ထုတို တစ်ပုဒ်က စဖတ်ပြပါမယ်ကွာ"

ဤမှစ၍ ကျွန်တော်သည် သူတို့အိမ်၌ စာသင်ကျောင်းသားကလေး ဖြစ်သွားချေ၏။ သူတို့ဇနီးမောင်နှံမှာ တစ်ယောက်တစ်လဲ စိတ်ရှည်လက်ရှည် စာတက်ပေးကြပါ၏။ ပီဂျီဝုဒ်ဟောက်စ်နှင့် ကျွန်တော်နှင့် အကျိုးပေး လိုက်ပုံကလည်း အချို့ဝတ္ထုများမှာ အစ်မကြီးတို့ ဖတ်ပြနေ၍ မဆုံးမီ တစ် ဝက်တစ်ပျက်လောက်နှင့်ပင် ကျွန်တော်အဖို့ မြန်မာလိုရေးရန် ခေါင်းထဲ ဝတ္ထု အစအဆုံး ရောက်နေတော့၏။

ထို့ကြောင့် ကျွန်တော့် ဝတ္ထုများမှာ မှီးရေးသည်ဖြစ်သော်လည်း မူရင်းနှင့် များစွာခြားနားနေတတ်လျက် "ဟ .... မင်းပြန်ရေးတာက တို့ အဖို့ တစ်မျိုးဖတ်ကောင်းပြန်တယ်ကွ" ဟု ကျွန်တော့်အား စာတက်ပေးသူ များကပင် ပြောကြပါသည်။ မှီးရေးရသည်မှာ တိုက်ရိုက်ပြန်သကဲ့သို့ အင်္ဂလိပ်စာ ကျွမ်းကျင်ပြီး မြန်မာလို ရေးတတ်ရုံနှင့် မပြီးသေးချေ။ မြန်မာ လို အနေအထား၊ အသုံးအနှုန်း၊ အမူအကျင့်တို့ကို ဆီလျော်အောင် ရှာဖွေ ဖြည့်စွက်နိုင်စွမ်းရှိဖို့ လိုပေသေးသည်။ ထို့ပြင် မူရင်းစာရေးဆရာ၏ အာ ဘော်နှင့် ကိုယ့်အာဘော် တိုက်ဆိုင်ဖို့ကလည်း လိုပါသေး၏။ အစ်မကြီး ခင်မျိုးချစ်ကိုယ်တိုင်က ကျွန်တော့်ကို ပြောဖူးသည်။

"ငါ ဂျိဗ်စ်ကို တစ်ပုဒ်ရေးဖူးတယ်လေကွာ။ ရှမဝမှာ လွဲချက်ကယ်နာ ဆိုတာ မင်းဖတ်မိမှာပေါ့။ ဖြစ်ပါဘူးကွာ၊ ငါက ဝုဒ်ဟောက်စ် အာဘော် နဲ့ မလိုက်နိုင်ပါဘူး။ မင်းနဲ့ပဲ ကိုက်ပါတယ်။ မင်းပဲ ရေးလိုက်ပါတော့ ကွာ"

ဟု ပြောကာ ကိုယ်တိုင်ပင် ကျွန်တော့်အား စာတက်ပေးလိုက်ပါ၏။ ထို့ကြောင့် ဤပေါ်အူးဝတ္ထုတွေ ကျွန်တော် ရေးနိုင်ခြင်းဖြစ်ပါ၏။

ယခုအခါ အခွင့်သင့်ခိုက်တွင် အစ်မကြီးတို့ ဇနီးမောင်နှံအား ကျေး ဇူးတင်ကြောင်း အထူးဖော်ပြလိုပါသည်။

သော်တာဆွေ

၁၃–၇–၆၅

mgyoe.com

mgyoe.com

## ထောင်လှောင်နေ

"အား ... ပေါ်အူး"

"ဆရာ"

ကျွန်တော်သည် နံနက် အိပ်ရာမှနိုး၍ ချောင်းတစ်ချက်ဟန့်လိုက်သဖြင့် ထုံးစံအတိုင်း သွားတိုက်ဆေးတင်ပြီးသား သွားပွတ်တံနှင့် ရေဖလားတို့ကို ကိုင်၍ အိပ်ခန်းထဲသို့ ဝင်လာသော ပေါ်အူးအား မျက်စိဖွင့်ကြည့်လိုက်ရာ ပေါ်အူး၏ကိုယ်မှာ အငြိမ်မနေ တရိပ်ရိပ် လှုပ်၍နေသဖြင့်..

"မင့်ကြည့်ရတာကွာ ... အနှစ် ၂၀ လောက် ကြာနေတဲ့ ဘိုင်စကုတ်ကားဟောင်းကြီးကို ကြည့်ရသလိုပဲ၊ သုန်သုန်မှုန်မှုန်ကြီး ဖြစ်နေပါလားကွ"

ပေါ်အူးသည် ခုတင်ဘေး၌ ခြေစုံရပ်ကာ တည်ငြိမ်သောအသံဖြင့်..

"ဟုတ်ကဲ့ဆရာ တခြားကြောင့်မဟုတ်ပါဘူး၊ ညက ဆရာ့ဗိုက်ထဲဝင်သွားကြတဲ့ အရက်တွေက ပါတီအားကောင်းပြီး ဆရာ့မျက်စိကို မတရားလှည့်စားနေလို့ပါ ဆရာ"

"အေး ... ဟုတ်ပြီ"

ကျွန်တော့်မှာ ညက အဖြစ်အပျက်တွေကို တရေးရေး မြင်ယောင်

mgyoe.com

mgyoe.com


၍ စိတ်ထဲ၌ ဇဝေဇဝါဖြစ်လာသည်နှင့် ...

"အင်း ... ညက ငါ့ကား ငါမမောင်းဘဲနဲ့ ငါ့အိပ်ရာထဲ ငါပြန်ရောက်နေတယ် ထင်တယ်ကွ"

"ဟုတ်ပါတယ် ဆရာ"

"ဟင်း ... ညက ပါတီမှာ ငါ့မိတ်ဆွေအကုန်လုံး တစ်ယောက်မကျန် ဒေါင်းပြီထင်တာ ဘယ်အရက်ပြီးဆေး ထိုးထားတဲ့ကောင်များ ငါ့ကားကို မောင်းပို့လိုက်သလဲ မသိဘူး"

"မောင်းပို့လိုက်တာ မဟုတ်ဘူးဆရာ မောင်းယူခဲ့တာပါ"

ကျွန်တော်သည် သူ့စကား၏ အဓိပ္ပါယ်ကို နားလည်သဖြင့် မျက်လုံး ရှုံ့ကြည့်လိုက်ကာ ...

"ဟေ့– ညက ထမင်းစားပွဲကို မင့် ငါ ခေါ်မသွားခဲ့ဘူး အောက်မေ့တယ်"

"ဟုတ်ပါတယ် ဆရာ၊ ဒါပေသိ ဆရာဖြစ်မယ့်အခြေအနေကို ကျွန်တော် ကြိုတင်သိတာနဲ့ တမင်လိုက်ပြီး ဟိုတယ်အောက်က စောင့်နေပါတယ် ဆရာ"

"အား ... မင်း ဘယ့်နှယ်လုပ်ပြီး ကြိုတင်သိနိုင်သလဲ"

"မနေ့ညနေတုန်းက ဆရာ့သူငယ်ချင်း ရေတွင်းဆိုး ကိုဖေသန်းက ဆရာ့ကို 'ကိုဆွေရေ ... ခုညတော့ ကော့က်တေးလ်ပဲ'ဆိုတာနဲ့ သိတာပါ ဆရာ"

ဟုတ်ပါပေသည်။ လွန်ခဲ့သောညက 'ကြွက်တွင်း' အဘ 'ရေတွင်းဆိုး'ခေါ်ရသော ကိုဖေသန်းနှင့်အတူ အင်္ဂလိပ်ဘာသာ ကော့က်တေးလ် မြန်မာလို ကျွန်တော်ထင်သမျှ ဘာသာပြန်ရလျှင် (ဤနေရာ၌ ဒစ်ရှင်နာရီ ဆရာ ဦးထွန်းညိမ်းနှင့် သဘောကွဲလွဲကောင်း ကွဲလွဲပေလိမ့်မည်) ကြက်ဖ အမြီးကဲ့သို့ ပြည့်ဖောင်းဝေဆာ သိုက်မြိုက်ခမ်းနား စုံလင်စိုပြေလှစွာ အရက်မျိုးစုံ ကြိုက်သလိုရောနှော၍ သဘောရှိ ကလောဟိရသော သောက်ပွဲကြီးသို့ တက်ရောက်ခဲ့ကြပါသည်။

ဤပါတီမှာ အင်္ဂလန်ပြည်သို့ သွား၍ အင်္ဂလိပ်အစာကို စားကာ အင်္ဂလိပ်ပိုက်ဆံကို မြန်မာပြည်သို့ ပြန်ပို့ရန် (ဝါ) တစ်နည်းအားဖြင့် ရှုပ်

mgyoe.com

mgyoe.com


ထွေးလွတ်လပ်သော မြန်မာနိုင်ငံတော်သားအဖြစ်မှ အင်္ဂလိပ်ကြေးစား အမှုထမ်းလုပ်ရန် လန်ဒန်သို့ ထွက်ခွာတော့မည့် 'ပုပ်ကိုယ်' (မသွားခင် သုံးရက်လောက်က မူးမူးရူးရူးနဲ့ ကျွန်တော့်ပခုံးဖက်ကိုင်သွားတာနဲ့ သတ်ပုံမှားလိုက်တာပါနော်) တစ်ယောက်အတွက် စပါယ်ရှယ်ကျင်းပသည်ဖြစ်၍ ဤသောက်ပွဲ၌ အရောင်ကင်းမဲ့သော 'ဂျင်'ကို ဘော့စ်လုပ်ထားသဖြင့် နောက်ထပ်အရောင်နှင့် ကိုယ်လိုချင်သည့် အရက်တို့ကို ကြိုက်သလောက် ရောနှောသောက်ရသောကြောင့် ဤပွဲမှာ မည်မျှလောက် သဘောကျစရာကောင်းသည်ကို 'ကော့က်တေးလ်'အကြောင်း နားလည်သူတို့ သိကြပါလိမ့်မည်။

ကျွန်တော့်မှာ နဂိုကလည်း ဝါသနာခပ်ပြင်းပြင်း ပုလင်းတွေကလည်းစုံလှ၍ ဇလုံထဲမှ မပြတ် ခပ်ခပ်ထည့်ပေးနေသော ဂျင်နှင့် ဘီယာရောပြီးသားကို ကိုယ့်ဘာသာကိုယ် နောက်ထပ် ဘရန်ဒီ၊ ဝီစကီတွေနှင့် ကြိုက်သလောက် ထည့်ထည့်ပြီး အနည်းဆုံး သုံးနှစ်လောက် ခွဲရမည့် သူငယ်ချင်းအတွက် သုံးခါလည်စာ ဖူလုံအောင် သောက်လိုက်ရာ ကိုယ့်အိမ်ကို မည်ကဲ့သို့ ပြန်ရောက်မှန်း မသိသည့်တိုင်အောင် ဖြစ်ခဲ့ရပါသည်။

စင်စစ်အားဖြင့် "တပည့်လိမ္မာ ဆရာ အံ့ဖတ်လွတ်"ဆိုသည့်အတိုင်း ပေါ်အူး၏ ကျေးဇူးကြောင့်သာ မိတ်ဆွေအား ယခုကဲ့သို့ ကျွန်တော့်အိပ်ရာထဲမှ ကျွန်တော် နေ၍ နှုတ်ဆက်နိုင်ခြင်း ဖြစ်ပါသည်။

ပေါ်အူးမှာ မည်မျှ တော်သနည်း။ မည်မျှ အကြံဉာဏ်ကောင်းသနည်း ဆိုသည်ကို မိတ်ဆွေ တစ်စတစ်စနှင့် သိလာပါလိမ့်မည်။

"အေး ... တော်ပါပေ့ ပေါ်အူးရယ်"

ကျွန်တော်သည် သူ့အား ထုံးစံအတိုင်း ချီးကျူးရပြီးနောက် အိပ်ရာမှ ထကာ သူ့လက်ထဲမှ သွားပွတ်တံနှင့် ရေဖလားကို ယူလိုက်ပါသည်။

ကျွန်တော် မျက်နှာသစ်ပြီးသောအခါ၌ ပေါ်အူးလက်တွင်းမှ ဖန်ခွက်ထဲက ရေနှင့် ဖရဆော့ နပန်းလုံးနေပြီဖြစ်၍ ကျွန်တော် လှမ်းယူလိုက်ကာ မျက်စိမှိတ် အသက်အောင့် နှာခေါင်းရှုံ့ပြီး တစ်မော့တည်းနှင့် အကုန် ကျိုက်ချလိုက်ရပါတော့၏။

"အား ... (သော်တုံပြီး၍ ဖန်ခွက်ကို ပြန်ပေးရင်း) ပေါ်အူးရေ အခု

mgyoe.com

mgyoe.com


မနက် ငါ ငရုတ်သီးစိမ်းစပ်စပ် ကြက်သွန်ချဉ်များများနဲ့ မြူစွမ် ဝမ်းဘဲ ပေါင်း စားချင်တယ်ကွာ"

ပေါ်အူး၏ကိုယ်မှာ တည်ငြိမ်စွာဖြင့် ...

"ကျွန်တော် ဒီအတိုင်း စီမံပြီးပါပြီ ဆရာ"

ဆရာ့အလိုကို မပြောဘဲနှင့် သိတတ်သော ပေါ်အူး။

ကျွန်တော့်မှာ ကိုယ်အလိုရှိရာကို ပါးစပ်မဟဘဲနှင့် ရနိုင်ပါလျက်၊ ဤကဲ့သို့ ပြောလိုက်မိသည့်အတွက် ပေါ်အူး၏အသိဉာဏ်ကို စော်ကားရာ ရောက်သွားပါသဖြင့် ကျွန်တော့်ကိုပင် ကျွန်တော် အတော်စိတ်မကောင်း ဖြစ်မိပါသေးသည်။

"အေး ... ငါမလိုတာ ပြောမိလို့ ဝမ်းနည်းပါတယ်ကွာ။ ကဲ ... သွားတော့ သွားတော့၊ အား ... အား လာပါဦးကွ ပေါ်အူး"

ပေါ်အူး ကျွန်တော့်ကို ကျောခိုင်းသွား၍ ပြန်တုံးလုံးလဲတော့မည်ဟု ခေါင်းရင်းဘက်သို့ မျက်နှာမူလိုက်ရာ၊ ကျွန်တော့် အိပ်ရာ ခေါင်းရင်း၌ တရိုတသေ ချိတ်ဆွဲထားသော ဓာတ်ပုံနှစ်ခုအနက်မှ ရီရီလေး၏ ဓာတ်ပုံ မှာ ပြောင်ပြောင်လက်လက်ရှိနေ၍ ခင်မြမြမောင်းမောင်း၏ ပုံမှာ ဖုန်တွေ နှင့် ညစ်ပတ်နေသည်ကို တွေ့ရသောကြောင့် အခန်းပေါက်ဝသို့ ရောက် နေသော ပေါ်အူးအား ပြန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

သူသည် ကျွန်တော့်အနီးသို့ ပြန်လာပြီး ခြေစုံရပ်ကာ ...

"ဆရာ"

ကျွန်တော်သည် ဓာတ်ပုံနှစ်ခုကို ညွှန်ပြပြီး မျက်ခုံးကိုတွန့်၍ သူ့ မျက်နှာကို မချင့်မရဲကြည့်ကာ ...

"မင်းကွာ မနက်တိုင်း ဟောဒီ ဓာတ်ပုံနှစ်ပုံကို ဖုန်သုတ်ရတဲ့ ကိစ္စမှာ ရီရီလေး ဓာတ်ပုံသာ ပွတ်တိုက်ပြီး ခင်မြမြမောင်းမောင်းရဲ့ ပုံကို မသုတ်ရုံ မက ရီရီလေးပုံက ဖုန်တွေကို တစ်မှုန်မကျန် ဟောဒီ ခင်မြမြမောင်းမောင်း ရဲ့ ပုံပေါ်ရောက်အောင် တစ်ခုတစ်ခုစီ ပို့တယ် ထင်တယ်ကွ"

ကျွန်တော် စိတ်ပေါက်ပေါက်ရှိသည်နှင့် "ချက်ကျ လက်ကျ" ကြိမ်း မောင်းလိုက်ခြင်း ဖြစ်ပါသည်။ ပေါ်အူး၏ မျက်နှာမှာ သုန်မှုန်သွားလျက် ဘာမှ ပြန်မပြောသေးဘဲ တွေ၍နေပါသည်။

mgyoe.com

mgyoe.com


"ဟော့ ပြောပါကွ မေးတာကို"

ကျွန်တော် မေးလိုက်သော မေးခွန်းမှာ ကျွန်တော့်အဖို့ ကျွန်တော် အလွန်တရာ အသားပါလှသည် ဖြစ်သောကြောင့် ခပ်ထန်ထန်ကလေးပင် ထပ်ဆင့်လိုက်ပါသည်။ ဤလို မေးခွန်းမျိုးမှာ ကျွန်တော့်ဦးနှောက်ထဲ၌ တစ်ခါတစ်ရံမှသာ ပေါ်တတ်ပါသည်။

ပေါ်အူးသည် ကျွန်တော်၏ရင့်ကျက်သော အသံကို ကြားမှ တံထွေး တစ်ချက် မျိုချလိုက်ပြီး။

"ကျွန်တော် မမရီလေး ဓာတ်ပုံပေါ်က ဖုံတွေကို ခင်မြမြမောင်း မောင်းပုံပေါ်ရောက်အောင် တစ်မှုန့်မကျန် ပို့တယ်ဆိုတာတော့ မဟုတ်ပါ ဘူး ဆရာ"

"အေး ဒါဖြင့် ရီရီလေးဓာတ်ပုံသာ သုတ်ပြီး၊ ခင်မြမြမောင်းမောင်း ရဲ့ပုံတော့ မသုတ်ဘူးဆိုတာ ဟုတ်တယ်ပေါ့"

ကျွန်တော်က ဝတ္ထုတွေထဲက စုံထောက်တစ်ယောက်၏အမူအရာ မျိုးဖြင့် ခန့်တည်စွာ မေးလိုက်ရာ ပေါ်အူးသည် ညှိုးကြုံသော မျက်နှာ ကလေးနှင့် ...

"ဟုတ်ပါတယ် ဆရာ"

"အေး ဒါဖြင့် ငါ အမြတ်တနိုးထားတဲ့ ပုံချင်းအတူတူ မင်းက ဘာ ကြောင့် သိုး နဲ့ ဆိတ် ခွဲခြားနေတာလဲကွ"

ကျွန်တော်တို့ အိမ်နားက မိတ်ဆွေ ခရစ်ယာန်တစ်ယောက်၏ သမ္မာကျမ်းစာအုပ်ကို တစ်ကြိမ်သောအခါက တောင်လှန် မြောက်လှန်နှင့် မတောက်တခေါက် ဖတ်ဖူးသဖြင့် ဆီဆိုင်လား မဆီဆိုင်လားတော့ မသိ။ ပေါ်အူးအား စကားလုံးအဆန်းနှင့် နှံလိုက်ခြင်း ဖြစ်ပါသည်။

ပေါ်အူးသည် ယတိပြတ် ဆုံးဖြတ်ပြီးသော အသံနှင့် ...

"ကျွန်တော် ဆရာ့ ခင်မြမြမောင်းမောင်းကြီးကို သဘောမကျလို့ ပဲ ဆရာ"

ကျွန်တော်သည် မျက်လုံးကို ခပ်ပြူးပြူး ဖြလိုက်ကာ ...

"ဟော့ ခင်မြမြမောင်းမောင်းကို မင်း သဘောမကျဘူး၊ ရီရီလေးကို တော့ ..."

mgyoe.com

mgyoe.com


ပေါ်အူး ခေါင်းညိတ်ပြပါသည်။

ဤနေရာ၌ ရီရီလေးနှင့် ခင်မြမောင်းမောင်းမှာ မည်သူများပြစ်ကြသည်ကို မိတ်ဆွေတို့ သိရှိသွားအောင် ရှင်းလင်းပါရစေ။

သူတို့နှစ်ယောက်မှာ ကျွန်တော်၏ ရင်းနှီးသောမိတ်ဆွေ ဂုဏ်သရေရှိ အပျိုချောကလေးများ ဖြစ်ကြပါသည်။ အမှန်အားဖြင့် ယဉ်ကျေးအောင် "မိတ်ဆွေ"ဟု ဆိုရသော်လည်း စင်စစ် ရိုးရိုးမိတ်ဆွေမဟုတ်။ ကျွန်တော်က လူပျို၊ သူတို့က အပျို၊ ဆွေမျိုးလည်းမတော်စပ်။ တစ်ဦးနှင့်တစ်ဦး "ဂေါ်ဓာတ်" ဖြင့်သာ ရင်းနှီးနေကြခြင်းဖြစ်၍ ကျွန်တော်ကလည်း စွဲလိုစွဲငြားဂေါ်မည်။ သူတို့ကလည်း ကျွန်တော့်ကို 'ဂေါ်စေဂက်စေ' 'ပျော်စေမက်စေ' စာရင်း၌ တင်သွင်းထားသည်ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံနေကြသော "ဂေါ်မိတ်"များ ဖြစ်ကြပါသည်။

သူတို့နှစ်ယောက်မှာ အချောအလှချည်း ဖြစ်သော်လည်း လူပုံသဏ္ဍာန်နှင့် စိတ်နေသဘောထားတို့မှာ တစ်ဦးနှင့်တစ်ဦး လုံးဝမတူကြပါ။

"ခင်မြမြမောင်းမောင်း"ဆိုလျှင် မိတ်ဆွေ စဉ်းစားကြည့်ပါ။ သူ့နာမည်မှာ နာမည်ကျော် ရှေးမြန်မာသီချင်းကြီးတစ်ခုထဲမှ ယူငင်မှည့်ခေါ်ထားသည်ဖြစ်၍ မည်မျှလောက် ကဗျာဆန်ပါသနည်း။ ယခုခေတ်မိန်းကလေးတွေ နာမည်သုံးလုံးတွဲ၊ လေးလုံးတွဲ (တိုချင်လည်း တစ်လုံးတည်း) နှင့် အဆန်းထွင်နေကြသော မ–လောကကြီးတွင် သူ့နာမည်လောက် ကဗျာဆန်သော နာမည်ကို မိတ်ဆွေ ကြားဖူးဦးမည် မထင်ပါ။ ကဗျာဆန် ရုံတင်ပါလား။ မကသေးပါ။ သူ့နာမည်နှင့်သူ ကိုယ်ကာယကို နဘောထပ် ယှူလိုက်ပါလျှင် ခင်မြမြမောင်းမောင်း၊ တင်ကွကွဖောင်းဖောင်း၊ ရင်ကြွကြွဆောင်းဆောင်း၊ အို မြင်သမျှ အကောင်းကြီးဖြစ်နေပါ၍ ကျွန်တော့် သဘောအရ "တဏှာဆန်သည်"ဟုလည်း ဆိုချင်ပါသေးသည်။ (ရိုင်းများ သွားသလား ခင်ဗျာ၊ သည်းခံပါ)

ပြပြင် ဝတ်ဆင်နေလိုက်ပုံမှာ သူ၏ပြည့်ဖြိုးထွားကျိုင်းသော ကိုယ်လုံး တုံးတုံးခဲခဲကြီးတွင် မိန်းမတို့ဂုဏ်အင်္ဂါ အဖုအထစ်တို့အား တင်းတင်းရင်းရင်း ကွင်းကွင်းကွက်ကွက်ကြီး ထင်ရှားအောင် အမျိုးမျိုးထွင်၍ ဝတ်သည်။ သူ့ကိုယ်က သူများနှင့်မတူအောင် ပိုလှလာသည်။ လှလာတော့

mgyoe.com

mgyoe.com


"အလှ"သည် "အပြ"နှင့် ဆက်သွယ်နေသဖြင့် စက္ကူရှင်များ ပေါ်သောအရပ်ကို သွားသည်။ သူ့အလှ သူ ကြော်ငြာသည် "ကင်ဗာဆာ"မိတ်ဆွေများ ထားသည်။ ဤသို့ဆိုလျှင် မိတ်ဆွေခင်မြမြမောင်းမောင်း၏ စိတ်နေသဘောထားကို သိလောက်ပါပြီ။

ရီရီလေးမှာကား နွဲ့ပျောင်း ပျော့ပျောင်းသော ငါးရံ့ကိုယ်ကလေးနှင့် စိတ်နေသဘောထား ရိုး၏။ ယဉ်၏။ ကဗျာစာပေ ဖတ်ခြင်း၊ ရေးခြင်းကို ဝါသနာပါသည်။ မျက်နှာကလေးမှာလည်း ခင်မြမြမောင်းမောင်းကဲ့သို့ ယောကျ်ားတွေ မနေတတ်မထိုင်တတ်ဖြစ်အောင် ကြာဖြုတ်ပှာ မူရာတွေ မများ။ နာမည်နှင့်လိုက်အောင် ရီရီကလေးပင် နေတတ်လျက် ကျွန်တော် သူ့အိမ်သို့ သွား၍ ဧည့်ခန်းမှ စောင့်နေပြီဆိုလျှင် ပျာပျာသလဲ ဆင်းလာကာ ...

"ဟင် ... ကိုဆွေ ရောက်နေတာ ကြာပြီလား၊ ရီလေ ဟိုမဂ္ဂဇင်းဖို့ ကဗျာ ရေးနေတယ်၊ စာရေးနေတယ်"နှင့် စတင်နှုတ်ဆက်တတ်ပါသည်။

ခင်မြမြမောင်းမောင်းနှင့် တွေ့လိုက်လျှင်မူကား

"ဟော့ ... ကိုဆွေ၊ ခုတစ်ပတ် ကာလ်တန်က ရုပ်ရှင်ကောင်းတယ်၊ ကိုယ် အခုပဲ ကားလျှောက်မောင်းပြီး ကွန်တိုနီတယ်လ်က ရေခဲမုန့်စားခဲ့သေးတယ်။ ကိုဆွေ ကိုယ်နဲ့ လျှောက်လည်ဖို့ 'ဒိတ်'လိုချင်ရင် တစ်နာရီလောက် လက်မြှောက်ထား ဆရာ"

စသော စကားမျိုးတို့ကို ပြောတတ်ပါသည်။ သူ၏ ပြောပုံဆိုပုံ ပြုမူပုံတို့မှာ ကြားရမြင်ရသမျှတွင် စွဲမက်စရာချည်းသာ ဖြစ်နေပါသည်။

ယခု ကျွန်တော့်အိပ်ရာခေါင်းရင်း၌ ဆွဲချိတ်ထားသော သူတို့ဓာတ်ပုံနှစ်ခုကို နှိုင်းယှဉ်ကြည့်ကြပါဦး။ ရီရီလေးဓာတ်ပုံမှာ ရိုးရိုးအဝတ်အစားနှင့် ယဉ်ယဉ်လေးတင်ပါးလွှဲ ထိုင်နေသော ပုံဖြစ်၍၊ ခင်မြမြမောင်းမောင်းပုံမှာကား 'အပ်အပေါ်' မိန်းမလေး ဖြစ်သည့်အားလျော်စွာ ရေကူးအဝတ်အစားနှင့် ကိုယ်လုံးကိုယ်ထည်တုံးတုံးတစ်တစ်ကြီး အလှပြထားသဖြင့် သူ့ပုံကို ကြည့်မိလျှင် တော်တော်နှင့် မျက်စိခွာမရ။ နောက်ပြီးတော့လည်း စိတ်ထဲက တော်တော်နှင့် မထွက်။ ရက်ရက်စက်စက်ကြီးကို စွဲမက်စရာကောင်းလှပါပေသည်တကား။

mgyoe.com

mgyoe.com


ယခုမူ ပေါ်အူးလူမိုက်သည် ကျွန်တော် အလွန်တရာ မြတ်နိုးမက်မောလှသော ဥုံပုံကြီးကို ဖုန်မသုတ်ဘဲထားသဖြင့် ထင်ထင်ရှားရှား ကွင်းကွင်းကွက်ကွက်ကြီး မမြင်ရတော့၍ ကျွန်တော့်မျက်စိအာရုံနှင့် စိတ်ကူးပျက်ရသည်။ ထို့ကြောင့် ကျွန်တော် စိတ်ဆိုးလှ၍ ဥုံမက်မောစရာ ပုံကြီးကို အားမလိုအားမရကြည့်ကာ ...

"ဟော့ ... ပေါ်အူးရ မင်းက ဘာ့ကြောင့် ခင်မြမြမောင်းမောင်းကို သဘောမကျရတာလဲကွ"

ညက အရက်ရှိန်ကလည်း ကျန်သေး၍ တပည့်မိုက်ကို ခပ်ပြင်းပြင်းကလေးပင် ငေါက်လိုက်ပါသည်။ ပေါ်အူးကား ဣန္ဒြေ မပျက်။ မရွံ့ရဲသော မျက်နှာထားနှင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဒီမှာ ဆရာ"

"အေး ဆိုစမ်း"

ဒီလို တစိမ်းယောကျ်ားလေးတွေကို မိန်းကလေးသူငယ်ချင်းလို သဘောထားပြီး ရုပ်ရှင်အတူသွားကြည့်၊ နှစ်ယောက်တည်း ကားလျှောက်စီး၊ ကားပေါ် အတက်အဆင်းမှာ လက်ဆွဲတက်၊ လက်ဆွဲချနဲ့"

ကျွန်တော်က သူ့စကားကို ဖြတ်၍

"ဟော့ ဒါက ခေတ်ရှေ့ပြေးနေတဲ့ မိန်းကလေး၊ သူ ဗိုလ်ဆန်ဆန်နေတတ်တာပဲကွ"

"ဗိုလ်ဆန်တာက ဟုတ်ပါတယ် ဆရာ၊ ဒါပေသိ သိပ်ဆန်လွန်းအားကြီးတော့ ကျွန်တော်တို့ တိုင်းပြည်က ပူတယ်။ မြန်မာ့သွေး မြန်မာ့စိတ်နဲ့ မသင့်လျော်ဘူး ဆရာရဲ့၊ နို့ပြီး သူ့ဟာကလည်း တစ်ယောက်ယောက် ချစ်သူထားပြီးတော့ တွဲနေတာ မဟုတ်ဘူး။ ယောကျ်ားလေးတွေအလဲလဲနဲ့၊ ယောကျ်ားလေးတွေသာ ပြောင်းတယ်၊ သူ နားတယ်မရှိဘူး။ ဖက်ရှင်အမျိုးမျိုးဝတ်ပြီး နေ့တိုင်း လမ်းသလားနေတာပဲ"

ပေါ်အူးပြောတာ ဟုတ်ပါသည်။ သို့သော် ခင်မြမြမောင်းမောင်း၏အပြောမှာ ကမြင်းကြောထချင်သော ကျွန်တော်တို့ မြန်မာစကား၌ 'ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်" ဟုဆိုသည်။ သူသည် ယခုမည်သူ့ကိုမျှ ရည်းစားအဖြစ် ထားသေးသည် မဟုတ်။ ကျွန်တော်တို့လို

mgyoe.com

mgyoe.com


အကောင်မျိုးတွေကို ဝေ့လည်ကြောင်ပတ်လုပ်၍ သူ့ကိုယ်သူ ပျော်အောင်နေသည်။ ကျွန်တော့်လို မောင်ရင်ထွေးကလည်း ရနီးနီးနှင့် အနံ့ခံရင်း ကျေနပ်နေ၏။ တရုတ်စကားပုံ၌ 'ဘဝသည် ရယ်ခြင်းနှင့် ငိုခြင်းပေါ်တွင်ရှိ၏' ဟု ဆိုသည်။ ထို့ကြောင့် ခင်မြမြမောင်းမောင်းသည် တိုတောင်းလှသော ဘဝကလေး၌ ရယ်နိုင်သလောက် ရယ်ရအောင် ကြိုးစားနေသည်။ တစ်ယောက်ယောက်နှင့် အိမ်ထောင်ပြုလိုက်ပါလျှင် ယခုကဲ့သို့ ယောကျ်ားကလေးအလဲလဲတို့၏ အပြုအစုကို ခံရတော့မည်မဟုတ်၊ နောက်ဆုံးတစ်နေ့မှသာ သူ့ကိုယ်ကို တစ်ယောက်ယောက်ထံသို့ ပုံအပ်လိုက်မည်။ ဤအခါကျမှ လင်မှတ်မှတ်သားမှတ်မှတ် တည်တော့မည်။ ယခုအခါမူ သူ၏ပျော်ရွှင်လွတ်လပ်သောဘဝကို မတိုတောင်းစေချင်ပါနှင့်ဦး။ ကျွန်တော်နှင့် ဖူးစာထိုက်လျှင် ကျွန်တော်နှင့် ရမည်ဟု ကျွန်တော်က သူ့ကို ဗိုလ်ဆန်ဆန် (you marry me) "မင်း ငါ့ကို လက်ထပ်"ဟု ဆိုတိုင်း သူက ပြန်ပြောလေ့ရှိပါသည်။

ထို့ကြောင့် ကျွန်တော့်အား ယောကျ်ားလေးတွေနှင့် မျက်နှာများလွန်း၍ဟုဆိုပြီး တားမြစ်နေသော ပေါ်အူးအား ...

"ဟေ့ ပေါ်အူးရ သူက အခုလွတ်လွတ်လပ်လပ် ဘဝမို့သာ ပျော်အောင်နေတာ၊ နောက် အိမ်ထောင်ကျတဲ့အခါမှာ တည်တည်ကြည်ကြည် နေမှာပေါ့ကွ"

ပေါ်အူးသည် မျက်နှာကို ရှုံ့မဲ့လိုက်ကာ

"အို ဆရာ့နှယ်၊ အခု ဒီလိုနေလာတဲ့ မိန်းမဟာ နောက်ကျတော့ တည်မတဲ့လားလို့။ ခြံပြင်ထွက် မြက်စားဖူးတဲ့နွားလို အရသာကောင်းတွေ ပြန်သတိရပြီး ဒီအတိုင်းနေချင်ဦးမှာပေါ့ ဆရာရဲ့၊ နို့ပြီး သူ အခုအတိုင်း ဝတ်ပုံစားပုံတွေ၊ သုံးဖြုန်းလည်ပတ်ပုံတွေ၊ ကားအမျိုးမျိုး စီးချင်တာတွေ ကြည့်ရတာဖြင့် သူနဲ့ရတဲ့လင်ဟာ အလိုလိုက်နိုင် လိုက်ရော့။ မလိုက်နိုင်ရင်တော့ ဒုက္ခပဲသာ မှတ်ပေတော့။ ဆရာက အခုမရခင်သာ ဒုက္ခမမြင်ဘဲ သုခထင်နေတာ။ ဆရာ့လက်ထဲရောက်လို့ ဆရာ သူ့အလိုလိုက်ရပြီဆိုရင် ဆရာ စိတ်မောပြီး ရူးတောင်ရူးရချေရဲ့။ နို့ပြီး မိန်းကလေးဆိုပြီး ယဉ်ကျေးသိမ်မွေ့တဲ့ဣန္ဒြေ နည်းနည်းမှ မရှိဘူး။ တစ်ခါတလေ သူ့မိန်းကလေး

mgyoe.com

mgyoe.com

အဖော်တွေနဲ့ ဂျစ်ကားနဲ့ လာပြီဆိုရင် သူ့တင်ပါးဆုံဝွကြီးကလည်း ကားကား၊ လုံချည်နွတ်ခမ်းတွန့် အနားဖွာဖွာကြီးကိုလည်း ခြေချင်းဝတ်ပေါ် အောင် ဝတ်ထားပြီး၊ ဂျစ်ကားနောက်ကနေ လွှားခနဲ၊ ကားခနဲ နောက် ပြန် ခုန်တက်လိုက်တာ၊ ခုန်ဆင်းလိုက်တာများ ကျွန်တော့်မျက်စိထဲ"

"ဟ ... ဒါကတော့ သူ 'ဆပ်စပင်တာ' ဝတ်ထားမှာ ပေါ့ကွ"

"အင်း သူ 'ဆပ်စပင်တာ' ဝတ်ထားရင်သာ ထားရမယ်၊ ဒါပေသိ သူ့ 'ဆပ်စပင်ဒါ'ဟာ အဖြူမဟုတ်ဘူး ဆရာရဲ့"

"တယ် ... ဒီကောင် မျက်စိတော်တော်စူးတဲ့ကောင်ပဲ၊ အခု တက် ခေတ် ဂျစ်ကားနဲ့ မိန်းကလေးတွေဟာ အများအားဖြင့် ဒီလိုချည်းပဲကွ"

"ဘယ်လိုဖြစ်ဖြစ် ဆရာ၊ ဒီလိုအချိန်ရှိသမျှ အခွင့်အရေးရှိသမျှ ပျော် မယ်ဆိုတာတော့ ကျွန်တော် မကြိုက်ဘူး ဆရာ၊ နောက်နောင်မှာလည်း ပျော်စရာအခွင့်အရေးကို ရှာတတ်တယ်ဆရာရဲ့၊ အစမ်းသဘောဖြစ်မယ် ဆိုရင်တော့ ဆရာနဲ့ သူနဲ့ တစ်လလောက် နမူနာပေးစားကြည့်ချင်တယ် ဆရာ။ ဒါမှ ငါ့တပည့်ပြောတာ ဟုတ်ပါလားဆိုတာ သိရအောင်"

မိတ်ဆွေ စဉ်းစားကြည့်ပါ။ ပေါ်အူးပြောတာ ဟုတ်ချင်ဟုတ်ပါလိမ့် မည်။ သို့သော် ကျွန်တော်က ဆရာ၊ သူက တပည့်၊ သူ့စကားကို နား ထောင်ရမည်ဆိုလျှင် ကျွန်တော် မည်မျှ ရှက်စရာကောင်းပါသနည်း။ ထို့ကြောင့် ကျွန်တော်က ခပ်တင်းတင်းပင်။

"ဟေ့ .. ပေါ်အူးရာ မင်းဘာပြောပြော ခင်မြမြမောင်းမောင်းလို တုံးတုံးတစ်တစ် ချစ်စရာကောင်းတာကြီးတော့ ငါ လက်မလွှတ်နိုင်ပါဘူးကွ"

ပေါ်အူးသည် လက်လျှော့ခြင်းမပြုဘဲ ...

"အောင်မာ ဆရာက ဒီလိုလှတာဝတာကြီးတွေ မက်မနေပါနဲ့ ဒါ တွေက သင်္ခါရပစ္စည်းတွေပါ ဆရာ။ ဟိုနောက်တီးဆိုတဲ့ စာရေးဆရာ ရေးတဲ့ 'မ နှင့် အလှ'ဆိုတဲ့ စာအုပ်ကို ဖတ်ကြည့်ပါ။ သူ့မာတိကာကိုက 'လှတုန်း ဝတုန်းပဲ' 'စက်ကုန်ဖွင့်လိုက်ပြီ' 'ကျန်တော့ကျန်သေးတယ်' 'ဟင် ကုန်ပြီ' 'အို တကယ့်ကို မရှိတော့ဘူး'ဆိုတဲ့ ခေါင်းစဉ်ကြီးတွေနဲ့ ကျကျနန အလှအပရမွက်ရဲ့သင်္ခါရသဘောတရားကို ရေးတာ သိပ်ရှင်းတာပဲ ဆရာ ရဲ့"

mgyoe.com

mgyoe.com


ပေါ်အူးက ကျွန်တော့်ကို ဤသို့ တရားချနေစဉ် စောစောက 'ဖရဆော့' သောက်ထားလိုက်သော ကျွန်တော့်ဗိုက်မှာ ဂိုးဂိုးဝိုဝို ဖြစ်လာသဖြင့် ပေါ်အူး၏ တရားသံကို စိတ်ရှည်စွာ နားမထောင်နိုင်တော့ဘဲ ...

"ဟော့ တော်ကွာ ပေါ်အူးရာ၊ ငါက ဆရာ မင်းက တပည့်၊ မင်းပြောတာ နားထောင်ရမလားကွ၊ ခင်မြမြမောင်းမောင်း ဓာတ်ပုံကိုသာ ကြည်ကြည်လင်လင်တိုက်ထားလိုက်၊ ငါ့ဗိုက်ထဲက ဝါနင်ပေးလာပြီ၊ အိမ်သာသွားတော့မယ်"

ဟု ဆိုပြီး ထခဲ့ပါသည်။

ပေါ်အူးမှာ မကြည်သာသော အသံဖြင့်

"အင်း ဒါမျိုးကြီး နမူနာတစ်ယောက်လောက် ခဏတွေ့စေချင်ပါတယ်ဗျာ"

ဟု ညည်းညူရင်း ကျန်ခဲ့ပါသည်။

ကျွန်တော်သည် မြူစွမ်ဝမ်းဘဲပေါင်းကို စားလိုက်၍ ဝမ်းငါးခါမျှသွားပြီး ရေချိုးလိုက်ကာ ကြည်ကြည်လင်လင် ဖြစ်လာသည်တွင် အပြင်ထွက်ရန် အဝတ်အစားများ လဲနေစဉ်၊ ပေါ်အူးသည် ကျွန်တော့်အခန်းထဲသို့ ဝင်လာလျက် ...

"ဆရာ အပြင်ဘက်မှာ ဧည့်သည် ရောက်နေတယ် ဆရာ"

"ဟော့ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဒေါ်လှလှကြီးတဲ့ ဆရာ၊ မန္တလေးက တဲ့"

"သူတစ်ယောက်တည်းလား"

"မဟုတ်ဘူး ဆရာ၊ သူ့သားနဲ့တူတယ်၊ လူငယ်တစ်ယောက် ပါတယ်"

"အင်း မန္တလေးက ဘယ်ဒေါ်လှလှကြီးများပါလိမ့်"

ကျွန်တော်သည် ရုတ်တရက်စဉ်းစားမရသဖြင့် ခေတ္တမျှ တွေနေပြီးမှ ...

"အေး သိပြီဟေ့၊ သိပြီ၊ မိန်းမဖြူဖြူဝဝကြီး မဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ဝတာမှ စိတ်ပျက်စရာကောင်းအောင်ကို ဝတယ်ဆရာ၊ နို့ပြီး မျက်မှန်ကြီးကလည်း အကြီးကြီးနဲ့ ဘယ်သူလဲ ဆရာ"

mgyoe.com

mgyoe.com


"ရွှေမန်းလှလှကြီးဆိုတဲ့ စာရေးဆရာမကြီးပေါ့ကွာ၊ တစ်ခါတစ်ခါ ရေဒီယိုကနေပြီး အမျိုးသမီးတွေ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းလိုက်ပါ။ ယောကျ်ားတွေ မယားငယ်ယူရင် မိန်းမတွေက အညံ့မခံပါနဲ့။ သူများလင်ခိုးတာ ဆင်ခြင်ပါ။ အဆင်သင့်လို့ ခိုးမိရင်လည်း လူမသိပါစေနဲ့ ဆိုတဲ့ အမျိုးသမီး သင်ခန်းစာတွေ လျှောက်ပြောနေတဲ့ မိန်းမကြီးပေါ့ကွ။ နို့ပြီး သူ တစ်လောက အိန္ဒိယကို ၁၀ ရက်လောက် သွားလည်ဖူးတာနဲ့ အိန္ဒိယပြည်တွင်းရေးဆိုတဲ့ စာအုပ်ကို ရေးမလို့လား မသိဘူး။ သွားဟေ့ ပေါ်အူး ငါ အဝတ်လဲပြီးရင် လာခဲ့မယ်လို့ ပြောလိုက်"

ကျွန်တော် အဝတ်လဲပြီး၍ ဧည့်ခန်းသို့ ထွက်လိုက်သောအခါ၌ ကျွန်တော့်အိမ်က အကြီးဆုံးသော ကုလားထိုင်တွင် သူ၏ကြီးမားသော ကိုယ်ကာယကြီးနှင့် ပြည့်ပြည့်ထစ်ထစ်ကြီး စို့ရိုက်သွင်းထားသလို ထိုင်နေသော ဒေါ်လှလှကြီးသည် သူ့ပါးစပ်တွင်းမှ ရှိသမျှသွားအားလုံးကို တစ်ခုမကျန် ဖြဲထုတ်လိုက်ကာ ...

"ဟော့ မောင်အေးဆွေ၊ ကျန်းကျန်းမာမာပဲကွယ့်နော်။ မတွေ့တာ ကြာပြီ၊ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်၊ ဟဲဟဲ ... ဟဲဟဲ"

အလွန်ပင် တကယ့်ကို မချိတရိကြီးဝမ်းသာသော မျက်နှာမျိုးနှင့် စတင်နှုတ်ဆက်လိုက်ပါသည်။ ကျွန်တော်ကလည်း အားကျမခံပဲ ...

"ဟုတ်ကဲ့၊ ဒေါ်ဒေါ် ရတနာသုံးပါးဂုဏ်၊ ဆရာသမား မိဘ ဘိုးဘွား ဂုဏ်တွေကြောင့် ကျန်းမာပကတိ ချမ်းသာစွာရှိပါတယ်။ ကျွန်တော်လည်း ဒေါ်ဒေါ့်ကို ဒီလိုမမျှော်လင့်ဘဲနဲ့ တွေ့ရလို့ ဝမ်းသာလိုက်တာဗျာ၊ ဟား ဟား ဟား ဟား မပြောပါနဲ့တော့"

"အေးကွယ် မောင်က မန္တလေးများ မရောက်တာလည်း တော်တော် ကြာပြီကိုးကွယ့်၊ ဟောဒါ ဒေါ်ဒေါ်သား မောင်မောင်ရွှေပဲကွယ့်။ မောင်အေး ဆွေနဲ့ မတွေ့ဖူးသေးဘူး ထင်တယ်။ လူကလေး၊ ဟောဒါ မေမေ ခဏခဏ ပြောနေတဲ့ မောင်အေးဆွေ၊ လူကလေး ကြားဖူးတယ် မဟုတ်လား။ ဟို ဂုဏ်တန်းရပ်က ဒေါ်ဒေါ်စိုးရဲ့ တူပေါ့ကွယ်"

သူ့သား မောင်မောင်ရွှေဆိုသူမှာ တကယ့်ကလေးသူငယ်ကလေး သဖွယ် သူ့လက်မကို သူ့ပါးစပ်နှင့် ကိုက်နေရာမှ သူ့အမေက မိတ်ဖွဲ့ပေး

mgyoe.com

mgyoe.com


သည်တွင် ကျွန်တော့်ကို မော်ကြည့်လိုက်ကာ ခေါင်းတစ်ချက်ညိတ်ပြီး၊ သူ့လက်မသူ ပြန်ကိုက်နေပါသည်။ သူ့အသက်မှာ ၂၀ ကျော်မျှ ရှိနေပြီ ဖြစ်သော်လည်း လူရည်မလည်သေးသော ကလေးသူငယ်ကလေးနှင့် တူပါသည်။ သူတို့ သားအမိနှစ်ယောက်မှာ မအေက ကိုယ်လုံးကိုယ်ထည်ကြီးမားကာ ဝသလောက် သားမှာ သေးငယ်ကြုံလှီသဖြင့် သားအမိဆိုသည်ကိုပင် မယုံကြည်လိုပါက မည်သူ့မျှ အပြစ်ဆိုနိုင်စရာ ရှိမည်မဟုတ်ချေ။ ဒေါ်လှလှကြီးမှာ ကျန်းမာခြင်း၊ ဝဖြိုးခြင်း၊ ပျော်ရွှင်ခြင်းတို့နှင့် ပြည့်စုံ၍ ဟက်ဟက်ပက်ပက်ကြီး ရယ်မောတတ်လျက် မောင်မောင်ရွှေမှာမူကား ဖြူဖတ်ဖြူရော် အသားအရေကလေးနှင့် စကားမျှ ကောင်းစွာမပြောတတ်သလို သူ့လက်မသူကိုက်၍သာ ကုပ်ချောင်းချောင်းကလေး နေပါသည်။ ကျွန်တော်က မောင်မောင်ရွှေကို ကြည့်ကာ ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဒီလို ကျွန်တော့်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝင်လာတာကိုပဲ အထူးကျေးဇူးတင်ပါတယ်ဗျာ"

"ဩော် လာဆို မင့်အဒေါ်၊ ဒေါ်ဒေါ်စိုး ကိုယ်တိုင်ကပဲ ရန်ကုန်ရောက်ရင် သူ့တူ မောင်အေးဆွေ အိမ်မှာ ဝင်တည်းပါ။ လိုသမျှ အကူအညီတောင်းပါနဲ့ မှာလိုက်တာကိုးကွယ့်။ ဒါနဲ့ ဒေါ်ဒေါ်တို့ သားအမိလည်း ဒီကို တန်းလာခဲ့တာပဲ"

ဤစကားကို ကြားလိုက်ရသည်တွင် ကျွန်တော့်မှာ အတော်ပင်ဝမ်းသာ၍ သွားပါသည်။ အကြောင်းမူကား မန္တလေးမြို့က ကျွန်တော့်အဒေါ် ဒေါ်ကြီးစိုးသည် ကျွန်တော် မန္တလေးမြို့သို့ သွားရောက်လည်ပတ်စဉ်က သူ သဘောမကျသော မိန်းမတစ်ယောက်နှင့် ကြိုက်ဖူးသဖြင့် ကျွန်တော့်ကို စိတ်ဆိုးနေခဲ့ရာ ယခုကဲ့သို့ သူ့မိတ်ဆွေအား ကျွန်တော့်အိမ်၌ တည်းခိုရန် မှာကြားလိုက်သည်ကို ထောက်သဖြင့် ဒေါ်ကြီးစိုး ကျွန်တော့်ပေါ်၌ စိတ်ပြေသွားပြီကို သိရသောကြောင့် ဖြစ်ပါသည်။

"အား ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ဒေါ်ကြီးစိုးနဲ့ ဦးကြီးသိန်းတို့၊ မသေးတို့၊ ဘော်ဘီတို့ ကျန်းကျန်းမာမာပဲ မဟုတ်လား၊ နေပါခင်ဗျာ ကျွန်တော့်အိမ်မှာ ဒေါ်ဒေါ်တို့သားအမိနှစ်ယောက် သဘောရှိသလို နေနိုင်ပါတယ်"

mgyoe.com

mgyoe.com


ဒေါ်လှလှကြီးသည် သူ့မျက်မှန်ကို လက်နှင့် မ,တင်လိုက်ကာ ...

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒေါ်ဒေါ်တော့ မနေနိုင်သေးဘူး၊ မြန်မာပြည်က ထောင်တွေအကြောင်း စာတစ်အုပ်ရေးမလို့ သာယာဝတီထောင်တို့၊ ပေါင်းတည်ထောင်တို့ လျှောက်ကြည့်မယ်လို့။ ဒေါ်ဒေါ် အဲဒီတွေသွားနေတုန်း ဟောဒီက သားကလေးကို မောင်အေးဆွေဆီမှာ အပ်ထားခဲ့ချင်တာပါကွယ်"

"ဩော ... စိတ်ချပါ ခင်ဗျာ၊ ကျွန်တော့်ညီလေးအရင်းလို စောင့်ရှောက်လိုက်ပါမယ်"

"ကောင်းပါလေကွယ်၊ အစဦးတော့ သူ့ကိုပါ ဗဟုသုတဖြစ်အောင် လျှောက်ခေါ်သွားမလို့ဟာ၊ သူက ရထားခရီးရှည် မစီးနိုင်ဘူးကွယ့်။ ခေါင်းမူးတတ်တယ်။ လူက အင်မတန် နုတာပဲကွယ်။ မန္တလေးမှာဆိုရင် အိမ်ထဲက အိမ်ပြင် ထွက်တယ်မရှိဘူး။ အဲဒါကြောင့် လူက မြို့အကြောင်း မလည်မဝယ်နဲ့ကွယ့်"

"ဟာ ဒေါ်ဒေါ် ရန်ကုန်ရောက်လာလို့ ရှိမှတော့ လူရည်လည်သွားအောင် ကျွန်တော် သူ့ကို ဟိုတယ်တွေ၊ ကပွဲတွေ၊ ဘားတွေ၊ ကစားဝိုင်းတွေကို ခေါ်ပြလိုက်ပါမယ်။ ဗဟုသုတဖြစ်သွားအောင်"

ဒေါ်လှလှကြီးသည် ကျွန်တော် ပြောနေသည်ကို ပြုံးပြုံးကြီး ခေါင်းခါလိုက်ကာ ...

"မောင်အေးဆွေ၊ ဒေါ်ဒေါ့်သားအဖို့ ဒါတွေ မလိုပါဘူးကွယ်။ သူကလည်း အပျော်အပါးတွေ ဝါသနာမပါဘူးကွယ့်။ စာအုပ်ကောင်းကောင်းပေးထားလိုက်ရင် ပြီးတာပဲ၊ သူက စာရေးဆရာမသားပီပီ အင်မတန် စာဖတ် ဝါသနာပါတယ်ကွယ့်။ ဟင် ဟုတ်တယ် မဟုတ်လား လူကလေး"

သူ့သားဘက်သို့ လှည့်၍ မေးလိုက်ပါသေးသည်။ သူ့သားကလည်း မျက်စိကို အောက်ချ၍ လက်မကို ကိုက်နေရာမှ ခေါင်းညိတ်ပြလိုက်ပါသည်။ စင်စစ် ဒေါ်လှလှကြီး စကားပြောနေပုံမှာ သူ့သားကို သူ့အနား၌ရှိသည်ဟူ၍ပင် အောက်မေ့ဟန်မတူ။ သားကလည်း သူ့အကြောင်းကို ပြောနေပါလားဟု မသိသကဲ့သို့ပင် အေးစက်စက်နိုင်လှပါသည်။

ပေါ်အူးသည် ကော်ဖီနှင့် မုန့်များ ယူလာ၍ စားသောက်ပြီးကြသည့်

mgyoe.com

mgyoe.com


တွင် ဒေါ်လှလှကြီးက ...

"ကဲ ... မောင်အေးဆွေ၊ ဒေါ်ဒေါ် လူကလေးကို ခဏခေါ်သွားဦးမယ်။ နေ့လယ်လောက်တော့ ပြန်လွှတ်လိုက်ပြီး ဒေါ်ဒေါ် သာယာဝတီကို သွားမယ်ကွယ်။ ဘယ်နှစ်ရက် ကြာမယ်တော့ အမှန်မပြောနိုင်သေးဘူး။ သူတို့ထောင် အခြေအနေကို အတော်နံ့နံ့စပ်စပ် ကြည့်ရမှာ၊ မြန်မာပြည် ထောင်တွေက အတော်ညံ့တယ်လို့ ပြောနေကြတာ ကောင်းကောင်းမွှန်မွှန် ဖြစ်သွားအောင် စာအုပ်တစ်အုပ်တော့ ရေးလိုက်ဦးမှကွယ့်။ အဲဒါ ဒေါ်ဒေါ် ပြန်မလာခင်အတွင်း လူကလေးကို ကောင်းကောင်းကြည့်ထားလိုက်ပါကွယ်။ သူက ရန်ကုန်မြို့ကြီးကို ဒီတစ်ကြိမ် ပထမ ရောက်လာတာပဲကွယ့်"

"စိတ်ချပါခင်ဗျာ စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပါတယ်"

"လူကလေးကလည်း မင့်ကိုကို စကားကို နားထောင်ကွယ့်နော်"

သူ့သားမှာ အသက် ၂၀ ကျော်မျှရှိပြီ ဖြစ်သော်လည်း ၄၊ ၅ နှစ်သားကလေးကို သွန်သင်သကဲ့သို့ မှာကြားနေပါသည်။

သူ့သားကလည်း လက်မကိုသာ ကိုက်နေလျက် စကားမပြောတတ်သကဲ့သို့ သူ့မိခင်အား ခေါင်းညိတ်ပြပါသည်။ ကျွန်တော့်မှာ ယခုအချိန်အထိ ဒီအသက်ဒီအရွယ်နှင့် ဤမျှ ဆိတ်ငြိမ်နူးညံ့သော ယောကျ်ားကလေး မျိုးကို မတွေ့ဖူးခဲ့သေးပါ။

ဒေါ်လှလှကြီးသည် ထီးနှင့် လက်ဆွဲသားရေအိတ်ကို ကိုင်ပြီး မတ်တပ်ထလိုက်ကာ သူ့သားကို ဦးထုတ်ဆောင်းပေးနေရင်း ...

"ကဲ ... လူကလေးကလည်း မင်းကိုကိုနဲ့ ရန်ကုန်မြို့မှာ နေရတုန်း နားမျက်စိပါ ဖွင့်ကြည့်ကွယ့်"

ဟု မှာကြားခဲ့ပါသေးသည်။ သူ့သားမှကား ပါးစပ်မှ ပြန်မပြော၊ ခေါင်းညိတ်၍သာ ပြပါသည်။ ကျွန်တော့်မှာ ရောက်ကတည်းက မောင်မောင်ရွှေ၏အသံကို မကြားရသေးပါ။ စကားမှ ပြောတတ်ပါလေစ၊ ဘယ်လို ကောင်လေးပါလိမ့်။ ကျွန်တော့်စိတ်ထဲ၌ ဇဝေဇဝါရှိသည်နှင့် သူတို့သားအမိ ထွက်ခွာသွားပြီးနောက် ပေါ်အူးကို ခေါ်၍ ...

"ဟေ့ ... ပေါ်အူး၊ ခုန ဟိုအဒေါ်ကြီး ပြောတဲ့စကားတွေ မင်းကြားတယ် မဟုတ်လား"

mgyoe.com

mgyoe.com


"ကြားသားပဲ ဆရာ"

"သူ့သားကို တို့အိမ်မှာ ထားခဲ့မလို့တဲ့ကွ"

"ဟုတ်ကဲ့ဆရာ"

"ဘယ့်နှယ် ကောင်လေးမှန်း မသိဘူး။ ပျော့စိစိကလေးနဲ့ စကား လည်း မပြောဘူးကွ"

"ဟုတ်ကဲ့ ဆရာ"

ပေါ်အူးမှာ ကျွန်တော် ပြောနေသည်တို့ကို စိတ်ပါဝင်စားဟန် မရှိဘဲ၊ ဝတ်ကြေဝတ်ကုန်သာ လုပ်နေခြင်းဖြစ်ပါသည်။ ခါတိုင်းအခါများကဆို လျှင် ကျွန်တော် အရိပ်အမြွတ်လောက် ပြောရုံမျှနှင့်ပင် ဘယ်သင်းက ဘယ်လို၊ ဘယ်လူက ဘယ်သို့ဟု ရှင်းလင်းပြောပြတတ်ပါသည်။ ယခုမူ ခင်မြမြမောင်းမောင်း ကိစ္စနှင့် ပတ်သက်ပြီး သူ စိတ်ကောက်နေသည်ကို ကျွန်တော် သိပါသည်။

ပေါ်အူးနှင့် ကျွန်တော်မှာ ဆရာတပည့်ပင် ဖြစ်သော်လည်း သူက သာ ကျွန်တော့်ကို နည်းပေးလမ်းပြလုပ်နေ၍ ကျွန်တော်က လိုက်နာရသည် သာ များပါသည်။ သူ့အလိုကို ဆန့်ကျင်လျှင် သူက တင်းမာသည်။ တစ် ကြိမ်သောအခါက (သည်မောင့်လက်သံ ဝတ္ထု) ကျွန်တော် ဘင်ဂျိုတီးသည် ကို သူတားမြစ်သည်။ ကျွန်တော်က နားမထောင်သောကြောင့် သူအလုပ်မှ ထွက်သွား၏။ ကျွန်တော် နောက်ဆုံး ဘင်ဂျိုကို ရိုက်ခွဲပစ်လိုက်မှ သူပြန် လာ၏။

ဤမျှ ခေါင်းမာသော သူပင်။ ကျွန်တော့်မှာလည်း သူ့အကူအညီ မရှိလျှင် မနေတတ်မထိုင်တတ်ပင် ဖြစ်နေ၍ အခြားလူများကို သူ့နေရာ အစားထိုးဖူးပါသော်လည်း သူ့လောက် မတော်သည်ကို တွေ့ရသဖြင့် သူ့ ကိုပင် လက်မလွှတ်နိုင် ဖြစ်နေပါသည်။ စင်စစ် ပေါ်အူးသည် ကျွန်တော့် အပေါ်၌ အလုပ်ရှင်နှင့် အလုပ်သမားဟု သဘောထားရုံသာ မဟုတ်ဘဲ ကျွန်တော့်အား နည်းပေးလမ်းပြ ဆုံးမသွန်သင်နေသော အထိန်းတော်ကြီး သဖွယ် ဖြစ်နေပါသည်။ သူ သွန်သင်ညွှန်ကြားသည်တို့မှာလည်း အဟုတ် အမှန် အကောင်းချည်းသာ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်စိတ်ဓာတ် မှာ သူက တပည့် ငါက ဆရာဟု သဘောထားလျက် ကျွန်တော်က တတ်

mgyoe.com

mgyoe.com


နိုင်သမျှ ခေါင်းမာတတ်သူ ဖြစ်ပါသည်။

ယခု ကြည့်ပါဦးတော့။ ကျွန်တော့်ချစ်သူ ခင်မြမြမောင်းမောင်း ကိစ္စနှင့်ပင် သူနှင့်ကျွန်တော် ဘုကျ၍နေပါပြီ။ ကျွန်တော်ကလည်း ဂုဏ်မာနပျော့ညံ့သူ မဟုတ်မူ၍ အလျှော့မပေး။ နံနက်စာ ထမင်းစားပြီးသည်နှင့်ပင် ...

"ဟေ့ ... ပေါ်အူး၊ ငါ မောင်းမောင်းဆီ သွားလိုက်ဦးမယ်။ မင်းမောင်မောင်ရွှေဆိုတဲ့ ချာတိတ်ရောက်လာရင် နေရာထိုင်ခင်း ပေးထားလိုက်"

ဟု သူ့ကို အရွဲ့တိုက် မှာကြားပြီး ကားနှင့် ထွက်ခဲ့ပါသည်။

စင်စစ်အားဖြင့် ထိုနေ့တစ်နေ့လုံးတွင် ခင်မြမြမောင်းမောင်းနှင့်မတွေ့မူ၍ ရောင်ဒဗ္ဗဟိုတယ်၌ ဘီလီယက်ထိုးရင်း၊ ဘီယာသောက်ရင်းသာ အချိန်ကုန်ခဲ့ပါသည်။

ညနေ ၆ နာရီ၌ အိမ်သို့ ပြန်ရောက်၍ ...

"ဟေ့ ... ပေါ်အူး၊ မောင်မောင်ရွှေ ပြန်ရောက်လာပြီလားကွ"

"ပြန်ရောက်လာပြီ၊ ပြန်ထွက်သွားတယ် ဆရာ"

"သူ့မေမေနဲ့ပဲလား"

"မဟုတ်ဘူးဆရာ သူ့မိတ်ဆွေတစ်ယောက်နဲ့"

"ဟေ ... သူက ရန်ကုန်မှာ မိတ်ဆွေတွေ ဘာတွေနဲ့လားကွ။ လူကောင်းသူကောင်းမှ ဟုတ်ပါလေစ။ ကောင်လေးက ရိုးအအနဲ့"

"ဒီအတွက် ဆရာ ပူစရာ လိုမယ်မထင်ပါဘူး ဆရာ"

"နို့ ... သူ ထမင်းစားမီ ပြန်လာမယ်တဲ့ မှတ်လား"

"မလာဘူးတဲ့ ဆရာ"

"ဘယ်လိုတဲ့လဲ"

"အိမ်မှာ ဘာဟင်းချက်သလဲ မေးတယ်။ ကြက်သားရိုစ့်နဲ့ အစိမ်းကြော်လို့ ပြောတော့ သူ မစားဘူးလို့ ပြောသွားတယ် ဆရာ"

"ဟာ ... ဒီကောင်လေးက သတ်သက်လွတ်စားမယ့် ကောင်လေးနဲ့တူပါတယ်ကွာ။ မနက်ဖြန်ကျ သူကြိုက်သလို ချက်ပြုတ်ကျွေးလိုက်ပါကွာ"

mgyoe.com

mgyoe.com


ညဆယ်နာရီကျော်၊ ကျွန်တော် အိပ်ရာဝင်သည့်တိုင်အောင်မှ မောင်မောင်ရွှေမှာ ပြန်မလာသေး။ ကျွန်တော့်မှာမူ သူ့ မိခင်ကြီးက စိတ်ချလက်ချ အပ်ပစ်ခဲ့သည် ဖြစ်သောကြောင့် ဤမလည်မဝယ် ကောင်လေးအတွက် စိတ်သောက ရောက်ရပါတော့သည်။ စိတ်ကောက်နေသော ပေါ်အူးက လည်း ကျွန်တော့်ကို ဘာအကူအညီမျှ မပေး။ သူ့ဘာသာသူ ခပ်အေးအေး ပင်နေပါသည်။ ညဥ့် ၁၁ နာရီခန့်၊ ကျွန်တော် မှေးခနဲ့ အိပ်ပျော်သွားသည် တွင် အိမ်ရှေ့တံခါးမှ ကုတ်သံခြစ်သံကြားရသဖြင့် ရုတ်တရက် လန့်၍ နိုးပါသည်။ ထိုအသံမှာ ရပ်သည်မရှိဘဲ တဗျင်းဗျင်းနှင့် ပွတ်တိုက်ကုတ် ခြစ်နေပြီးနောက် ဗုန်းခနဲ ကျသံကို ကြားရပါသည်။

"ဟော့ ... ပေါ်အူး"

"ဆရာ"

"အပြင်ဘက်က ဘာသံလဲ၊ မီးဖွင့်ပြီး သွားကြည့်စမ်းကွာ"

"ကောင်းပါပြီ ဆရာ"

ပေါ်အူး မီးဖွင့်ပြီး၍ တံခါးမင်းတုံးဖြုတ်သံ ကြားရပြီးနောက် ...

"ဘာလဲဟေ့ ပေါ်အူး"

"မောင်မောင်ရွှေလေးရယ် ဆရာ"

"ဟေ ဘယ်လိုဖြစ်နေတာလဲ"

"လဲနေတယ် ဆရာ"

"ဟင် ဘယ်လိုများ ဖြစ်လာတာပါလိမ့်"

ဟုဆိုပြီး အပြင်ထွက်ကြည့်လိုက်ရာ မောင်မောင်ရွှေကလေးမှာ အံ ဖတ်တွေ ဗရပေနှင့် အရုပ်ကြိုးပြတ် လဲနေသည်ကို တွေ့ရပါသည်။

ကျွန်တော် ခေါင်း၌ မီးတောက်ကာ ...

"ဟော့ ... ပေါ်အူး၊ အံဖတ်တွေနဲ့ တစ်ခုခု အစားမှားလာပြီ ထင်တယ် ကွ၊ ဆရာဝန် သွားခေါ်မှပဲ"

ပေါ်အူးသည် မထူးခြားသော အသံနှင့် ...

"ခေါ်စရာ မလိုပါဘူး ဆရာ၊ ဆရာ ခြေထောက်က မ ကျွန်တော် ခေါင်းက မ ပြီး သူ့အိပ်ရာထဲ သွားပို့လိုက်မယ်။ မနက်ကျ အကောင်းဖြစ် သွားပါလိမ့်မယ်"

mgyoe.com

mgyoe.com


ပေါ်အူး ပြောသည့်အတိုင်း အိမ်ထဲသို့ ချီသွင်းရာ၊ မောင်မောင်ရွှေ ကိုယ်မှ အရက်စော်နံလှသဖြင့် ....

'ဟော့ ပေါ်အူး ဒီကောင်လေးကို ဘယ်သူများ အရက်ချော့တိုက်လိုက် ပါလိမ့်။ ခက်တော့တာပဲကွာ ကောင်ကလေးက မအူမလည်နဲ့"

ပေါ်အူးက မည်သို့မျှ ပြန်မပြော မောင်မောင်ရွှေမှာလည်း အမူးလွန် နေ၍ မျက်လုံးမျှ ဖွင့်မကြည့်နိုင်။ ကျွန်တော့်စိတ်ထဲ၌ ဒီကောင်ကလေးအား မနက်မှ ဆုံးမစကားပြောမည်ဟု စိတ်ကူးကာ သူ့အိပ်ရာထဲသို့ ပို့ပြီးနောက် ကျွန်တော့် အိပ်ရာသို့ ပြန်ခဲ့ပါတော့သည်။

နံနက်လင်းသောအခါ၌ ကျွန်တော်သည် အိပ်ရာမှထ၍ မျက်နှာ သစ်ပြီး မောင်မောင်ရွှေ၏ အခန်းထဲသို့ ကူးခဲ့ပါသည်။ အပေါင်းအသင်း များ၏ သွေးဆောင်မှုကြောင့် မသောက်စဖူးသောက်သူဖြစ်၍ ခေါင်းကိုက် ခဲလျက် နေမကောင်း ထိုင်မသာကြီးဖြစ်ကာ ညည်းညူနေသည်ကို တွေ့ရ မည်။ ဤအခါ၌ ကျွန်တော်၏ ဆုံးမစကားကို ကောင်းစွာနားမထောင်မိ ၍ မှားမိကြောင်း ဝန်ခံလိမ့်မည်ဟု အောက်မေ့ခဲ့၏။

သို့သော် ကျွန်တော် ထင်သမျှ တက်တက်စင်လွဲချေသည်။ မောင် မောင်ရွှေမှာ ကြည်လင်ရွှင်ပျစွာနှင့် အဝတ်အစားများပင် လဲပြီးနေ၍ ခေါင်း ဖြီးရင်း "အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ် ချစ်တလင်းခေါ်မယ်၊ ပျို့ ချစ်ဆွေ ဇာနည်ဘွားဟာ ယောက်ျားလည်းပီသတယ်၊ ယောက်ျားခင်ဗျာက သူကပဲ ပိုပြန်တယ် သူ့ထက်ကဲချင်တယ်" စသော စကားလုံးများနှင့် အမြီး အမောက်မတဲ့ ရှေ့နောက်မညီသလောက် တဏှာရာဂတက်ကြွဖွယ် ကောင်းလှသော သီချင်းကို သီဆိုလျက်နေပါသည်။ ကျွန်တော်သည် အံ့ အားသင့်မိကာ ...

"ဟဲ့လို ... မောင်မောင်ရွှေ"

"ဟဲ့လို ... ကိုအေးဆွေ"

မနေ့က သူ့အမေရှေ့၌ စကားမပြောသော်လည်း ယခုမူ သွက်လက် လှချေတော့သည်။

"မင်းညက ဘယ်လိုဖြစ်တာလဲ"

သူသည် ပြုံးစိစိမျက်နှာနှင့် ...

mgyoe.com

mgyoe.com


"ဘယ်လိုဖြစ်လာတယ်လို့ ခင်ဗျားထင်လဲ"

"အရက်မူး လွန်လာတယ်လို့ ထင်တာပဲ"

သူသည် ခတ်ဟက်ဟက်ကလေးပင် ရယ်မောလိုက်ကာ ...

"ဟုတ်လိုက်လေ နောင်ကြီးရာ"

ကျွန်တော်က မျက်နှာထား ခပ်တည်တည်နှင့်ပင် ...

"အင်း ညက မိတ်ဆွေတစ်ယောက်ယောက်က တိုက်တွန်းတာနဲ့ မှားလာထင်ပါရဲ့လားကွာ၊ နောက် သတိထားတာပေါ့ကွာ"

သူ့အား ခွင့်လွှတ်အောင် တောင်းပန်စေရန် လမ်းကြောင်းပေးလိုက်ပါသည်။ သို့သော် သူက ကျွန်တော့် စကားကို မမှုဘဲ...

"အို ဘယ်သူကမှ တိုက်တွန်းလို့ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် သောက်ချင်တာနဲ့ နင်းကန်သောက်တာပဲ၊ သောက်လိုက်တာမှ တစ်ပုလင်းပြီး တစ်ပုလင်း သောက်ကောင်းလိုက်တာပဲ မပြောနဲ့တော့။ ဒီနေ့လည်း သောက်ဦးမှာပဲ နက်ဖြန်လည်း သောက်ဦးမှာပဲ၊ သန်ဘက်ခါရော အို နောက်ကိုလည်း ဒီလိုပဲ သောက်ဦးမှာပဲလေ။ ကျွန်တော် ညာမပြောတတ်ဘူး။ ဘုရားစူးရစေရဲ့"

ကျွန်တော့်မှာ အောင့်သက်သက်နှင့် မျက်လုံးပြူးကာ ....

"ဟ ဒီလိုဆို ခက်ရချည့်ရဲ့ကွာ၊ ငါ့ဘက်များ ကြည့်ပါဦးကွ"

"အို ... ခင်ဗျားဘက်ကနေ ဘာကို ဘယ်လိုကြည့်ရမှာလဲဗျ"

"ဟ ကောင်ရ မင့်မေမေက မင့်ကို ငါ့ အပ်သွားတာကွ၊ မင်းဒီလို လုပ်နေရင် မင့်မေမေလာတော့ ငါ ချောက်မကျဘူးလား"

"အို ခင်ဗျားချောက်ကျတာ မကျတာ ကျွန်တော်မတတ်နိုင်ဘူး။ ကျွန်တော်အဖို့ကို ခင်ဗျားစဉ်းစားပါဦး၊ ကျွန်တော်ဟာ အခု အသက် ၂၂ နှစ်ရှိပြီ။ ဒီရန်ကုန်မြို့ကြီးကို ရောက်ရတာဟာ ဒါ ပထမအကြိမ်ပဲ။ မန္တလေးမှာဆိုရင် ကျွန်တော်တို့ လူမျိုးက ဘုရားလူမျိုး။ စီးပွားလမ်း အပေါက်တဲ့လည်း ဘုရားရှိခိုး၊ မတဲ့ပြန်လည်း နင်းကန်ရှိခိုး၊ အမျိုးမျိုးဆုတောင်း၊ ရွှေချနေတဲ့ လူစုထဲမှာ သူတော်ကောင်းကလေး လုပ်ပြီး ကြီးပြင်းလာခဲ့ရတာဗျ။ ဘယ်မှာ လောကီစည်းစိမ်သုခကို ခံစားခဲ့ရဖူးမလဲ။ အခု မေမေက စိတ်ရှုးပေါက်ပြီး ကျွန်တော့်ကို လျှောက်ခေါ်လာတာနဲ့ ဒီရောက်တော့

mgyoe.com

mgyoe.com


ကျွန်တော် ခရီးရှည်မသွားနိုင်ဘူး၊ ခေါင်းမူးတယ်လို့ လိမ်ပြောပြီး ခင်ဗျာ့ အိမ်မှာ နေခဲ့တာဗျ။ နို့ပြီး ခင်ဗျားကိုလည်း တပည့်တစ်ယောက်နဲ့ တစ်ကိုယ်တည်းပွေနေတဲ့ လူပျိုကြီးဆိုတော့ ကျွန်တော့်ကို ပွေနည်းထွေနည်းတွေ ညွှန်ပြလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်ဗျ။ အခုတော့ဗျာ ခင်ဗျားကြီးကပဲ လူသူတော်ကောင်းကြီး လုပ်ပြီး ကျွန်တော့်ကို .... အံ့ဩလို့မဆုံးပါဘူး။ ဒီမှာ ကိုအေးဆွေ ခင်ဗျား သေသေချာချာ စဉ်းစားစမ်း၊ ဒီရန်ကုန်မြို့ကြီးမှာ ဟော်တယ်တွေ၊ အရက်တွေ၊ မိန်းမတွေနဲ့ ငွေရှိ ရှိသလောက် ကာမဂုဏ်ဆီ အိမဝနိုင်စရာတွေဟာ ဘာလုပ်ဖို့ ရှိနေတာလဲ။ ကဲ ဆိုစမ်း"

သူကပဲ ကျွန်တော့်ကို မေးခွန်းထုတ်၍ နေပြန်ပါသည်။ ကျွန်တော်က ပြုံးမဲ့မဲ့နှင့် တွေနေရာမှ သူက ဆက်လက်၍ ...

"ကျွန်တော်တို့လို လူငယ်ကလေးတွေ ပျော်ပါးဖို့ မဟုတ်လား။ ဒီမှာ ကိုအေးဆွေ လူ့ဘဝမှာ နံနက်ခင်းရယ်၊ မွန်းတည့်ချိန်ရယ်၊ ညနေပိုင်းရယ် ဆိုပြီး သုံးမျိုးသုံးစားရှိတယ်။ ဒီသုံးမျိုးမှာ နံနက်ခင်းဟာပျော်စရာ အကောင်းဆုံးပဲ မဟုတ်လား။ ဒီပျော်စရာကောင်းတဲ့ နံနက်ခင်းမှာ ကျွန်တော် အခွင့်ရတုန်း ပျော်ပါးပါရစေလားဗျာ။ ခင်ဗျားက ကျွန်တော့်မေမေ မှာခဲ့တာနဲ့ ခင်ဗျာ့တာဝန်ကျေတယ်ဆိုတဲ့ ခင်ဗျာ့ကို ကောင်းဖို့ဂုဏ်ကို လိုချင်တဲ့ အတွက် ကျွန်တော့်ရဲ့ သာယာတဲ့နံနက်ခင်းလေးကို ဖျက်မယ်၊ တားဆီးမယ်ဆိုရင်တော့ ခင်ဗျားလောက် ရက်စက်တဲ့လူ လောကမှာ ရှိဦးမှာလားဗျာ။ ဒီလိုဆိုရင် ခင်ဗျာ့လိုကြင်နာသက်ညှာမှုမရှိတဲ့လူ၊ လူတစ်ဖက်သားရဲ့ အလိုဆန္ဒကို မသိတဲ့လူ အဲဒီလူမျိုးတစ်ယောက်ရဲ့ စကားကို ကျွန်တော် လိုက်နာသင့်လားဗျာ။ ခင်ဗျား သေသေချာချာ စဉ်းစားကြည့်စမ်း"

အလို ... ခက်ရချည့်၊ လာလည်းလာတဲ့ အကောင်ကလေး၊ မနေ့က တင် ကျွန်တော့်မှာ သူ့အမေရှေ့၌ စကားမှ ပြောတတ်ပါ့မလားဟု အောက်မေ့ခဲ့ပါသည်။

သူသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ ဆေးလိပ်ဘူးကို ကျွန်တော့်ဘက်သို့ ပစ်ပေးပြီးမှ တစ်ဖန်ဆက်လက်၍

"ဒီမှာ ကိုအေးဆွေ၊ ခင်ဗျား တစ်ခုစဉ်းစားစမ်းပါဦး၊ ခင်ဗျားဟာ ကျွန်တော့်ထက်လည်း အသက်ကြီးတယ်။ ရန်ကုန်မြို့ပေါ်မှာ နေတဲ့လူ

mgyoe.com

mgyoe.com


လည်း ဖြစ်တယ်။ ဒီမြန်မာပြည်ရဲ့ မျက်နှာဖုံး၊ ရန်ကုန်မြို့ကြီးရဲ့ စည်ကားသိုက်မြိုက်တယ်ဆိုတဲ့ ဂုဏ်ပုဒ်ဟာ ဘယ်အပေါ်မှာ တည်သလဲ။ တခြားမြို့တွေနဲ့မတူအောင် ပျော်မှု၊ ပါးမှု၊ စည်းစိမ်ခံစားမှုတွေ ပေါများတဲ့အပေါ်မှာ တည်တယ် မဟုတ်လား။ လူတွေဟာ ဒီပျော်ပါးမှုတွေကြောင့် ရန်ကုန်မြို့ကြီးကို နှစ်သက်ကြတယ်။ မက်မောကြတယ်။ အထင်ကြီးကြတယ်။ မြို့ကြီးသားဆိုတဲ့ ဂုဏ်ကို ယူကြတယ်။ စင်စစ်အဓိပ္ပာယ်ကတော့ဗျာ ရန်ကုန်မြို့ကြီးဟာ ဒီလိုစည်းစိမ်ခံစားမှုတွေနဲ့ လူတွေကိုသွေးဆောင်နိုင်တယ်။ စွဲမက်စေတယ်။ ရန်ကုန်မြို့ကြီးကို ရောက်လာပြီဆိုရင် ဘယ်သူဟာ မပျော်ဘဲ၊ မနှစ်သက်ဘဲ နေနိုင်သလဲ။ ဒါဟာ ရန်ကုန်မြို့ကြီးရဲ့ သတ္တိထူးပဲ၊ တကယ်လို့သာ ကျွန်တော့်လိုချာတိတ်ကလေးက ကိုယ့်မှာ အခွင့်အရေးရှိပါလျက်နဲ့ ရန်ကုန်မြို့ကြီးရဲ့ ပျော်ပါးမှုတွေကို မခံစားဘဲ နေနိုင်တယ်ဆိုရင် ခင်ဗျားတို့ ရန်ကုန်မြို့ကြီးဟာ အလကားပေါ့ဗျ။ ဘယ်မှာ ပျော်ပါးမှုတွေနဲ့ လူတွေကို သွေးဆောင်နိုင်တယ်ဆိုတဲ့ ဂုဏ်ရှိတော့မှာလဲ။ ဒီလိုဆိုရင် ခင်ဗျားတို့ရန်ကုန် မြို့ကြီးရဲ့ဂုဏ်ကို မထိခိုက်ပေဘူးလား ကိုအေးဆွေ ခင်ဗျား သေသေချာချာ စဉ်းစားကြည့်စမ်း"

ချာတိတ်ငယ်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ မေးခွန်းထုတ်နေပြန်ပါသည်။ သူ့စကားမှာလည်း ဟုတ်သလိုလိုပင် ရှိနေ၍ ကျွန်တော်ဘာမျှပြန်မပြောနိုင်မီပင် သူက တစ်ဖန်ဆက်လက်ကာ ...

"အဲဒီတော့ ကိုအေးဆွေ၊ ကျွန်တော့်ရဲ့ သာယာတဲ့နံနက်ခင်းကလေးကိုလည်း မဖျက်ချင်ပါနဲ့။ ခင်ဗျားနေတဲ့ ရန်ကုန်မြို့ကြီးရဲ့ ဂုဏ်သိက္ခာကိုလည်း မထိခိုက်စေချင်ပါနဲ့။ နို့ပြီး ခင်ဗျာ့ရှေ့တင်ကပဲ ကျွန်တော့်မေမေက ကျွန်တော့်ကို 'လူကလေးရေ မြို့ကြီးပြကြီးရောက်တုန်းမှာ မျက်စိဖွင့်' လို့ မှာသွားတာလည်း ခင်ဗျားအကြားပဲ။ ကဲ ဒီတော့ ဆရာရေ 'ပျော်သလိုသာ နေ ကိုယ့်လူရေ၊ အကြိုက်တွေ့တော့ ဝမ်းသာလုံးဆို့ဆို့'ဆိုတဲ့ သီချင်းလိုပဲ နေပါရစေတော့ဗျာ။ ဩော် ဒါထက်"

သူသည် မျက်နှာအမူအရာနှင့် စကားလမ်းကြောင်း ပြောင်းလိုက်ကာ–

"ခင်ဗျား တပည့်ဟာ နာမည် ဘယ်သူ၊ အေး – ပေါ်အူး ပေါ်အူး၊

mgyoe.com

mgyoe.com


ဒီလူ တယ်တော်တဲ့လူပဲဗျ။ မနက်စောစောက ကျွန်တော့်ကို လိမ္မော်သီးရည် လား၊ ဘာရည်လဲ မသိဘူး လာပေးတာ၊ အဲဒါသောက်လိုက်တာနဲ့ လူ့ကို တစ်ခါတည်း ခေါင်းရှင်းသွားတာပဲဗျို့။ သူပြောတယ် အဲဒီဖျော်ရည်ဟာ အရက်မူးတဲ့လူတွေအတွက် နောက်တစ်မနက်မှာ ခေါင်းရှင်းသွားအောင် သူ တီထွင်ထားတာတဲ့ တော်တယ်ဗျ။ ခင်ဗျား့လူ ကျွန်တော်နဲ့ အံကိုက်ပဲ။ ကျွန်တော်ကလည်း နင်းကန်သောက်မှာနဲ့ သူမှာ ဖြေဆေးရှိတာနဲ့ ကဲ ဒီနေ့ တော့ စောစောစီးစီး လျှောက်ထွေရအောင် သွားလိုက်ဦးမယ်ဗျာ။ ခင်ဗျား ကော ကျွန်တော်နဲ့ လိုက်ခဲ့ပါဦးတော့ ရန်ကုန်မြို့ကြီးရဲ့ စားကျက်တွေ နဲ့အောင်ပြစမ်းပါဗျ"

ကျွန်တော့်မှာ ဤသတ္တဝါလေးအား မည်သို့မျှ တားဆီး၍ မရနိုင် တော့သည်ကို သိရှိရသဖြင့် သူ့ကို တစ်ယောက်တည်း လွှတ်ထား၍လည်း မဖြစ်သောကြောင့် ထိုနေ့၌ကျွန်တော် သူနှင့်အတူ လိုက်သွားပါသည်။

သို့သော် ဤနေ့သည် ကျွန်တော် သူနှင့်အတူသွားသော ပထမနေ့ နှင့် နောက်ဆုံးနေ့ဖြစ်ပါသည်။

ကြည့်ပါဦးတော့၊ ညပိုင်း၌ မိန်းကလေးတွေရှိသော ဟိုတယ်သို့ သွား ချင်သည်ဆိုပါ၍ ကျွန်တော် ပို့ပါသည်။ အားရပါးရ နင်းကန်သောက်ပြီး ဆူသည်။ ဟိုတယ်က မိန်းကလေးတစ်ယောက်အား အင်္ဂလိပ်ဓာတ်ရှင် (သူတို့ မန္တလေးစကားအတိုင်း) ထဲက ဓာတ်လိုက်မင်းသမီးနဲ့ မင်းသားလို အကြာကြီး ကစ်(စ်) လုပ်ရအောင်ဆိုပြီး မူးမူးရူးရူးနှင့် အတင်းနင်းကန်ပြီး နှုတ်ခမ်းစုတ်သည်။ ကြာလွန်းတော့ မိန်းကလေးက အခံရခက်၍ ရန်း သည်ကို ငြိမ်ငြိမ်မခံရကောင်းလားဟု ဆိုပြီး ကလေးမ၏ လက်နှစ်ချောင်း ကို ချုပ်ကာ ခေါင်းမလှုပ်နိုင်အောင် လည်ပင်းကိုဖျစ်ပြီး သူစိတ်ရှိ လက်ရှိ နှုတ်ခမ်းချင်း စုပ်သည်။ မည်မျှဆိုးဝါးတဲ့ သတ္တဝါကောင်ပါနည်း။

ထိုမျှမကသေးပါ။ သူကတော့ ဆူချင်သမျှဆူပြီး တစ်ဖက်ခန်းက ဆူသည်ကို နားညည်းသည်ဟုဆိုပြီး ဟိုဘက်ဒီဘက် ကာထားသော ခန်းဆီးမှန်ကို လက်သီးနှင့် ထိုးခွဲသည်။ ၎င်းနောက် စားပွဲပေါ်က ပန်းကန် တွေ ပုလင်းတွေကို ခြေနှင့်ကန်ချပြီး၊ စားပွဲပေါ်တက်၍ "တက်ပ် ဒန့်စ်" ကသည်။

mgyoe.com

mgyoe.com


နောက်ဆုံး အတိုချုံး၍ ပြောရလျှင် ကျွန်တော့်မှာ အခြားဘက်အခန်းက လူတွေကို တောင်းပန်၊ ဟိုတယ်ရှင်ကိုလည်း စားတာသောက်တာ အပြင် ကွဲရှသည့်အတွက် အလျော်များပေး၍ သူ့ကိုမေ့အောင် နောက်ကောက်ချပြီး ဟိုတယ်ပေါ်မှ ကားပေါ်ရောက်အောင် ထမ်း၍ ဆင်းခဲ့ရပါသည်။

ထိုအကြိမ်မှ စ၍ ကျွန်တော် နောက်ထပ်သူနှင့်အတူ မလိုက်ဝံ့တော့ပါ။

သူမှုကား ကျွန်တော့်ကို သူရဲဘောနည်းသူတစ်ယောက်ဟု ဆိုပြီး နှုတ်ဆက်စကားပြောမှ မလုပ်တော့ဘဲ ကျွန်တော့်အိမ်ကို သူပြန်ချင်တဲ့ အချိန် ပြန်လာသည်။ သွားချင်တဲ့အချိန်၌ သွားသည်။ နောက် ၃–၄ရက်လောက် ကြာသောအခါတွင်မူ သူတစ်ယောက်တည်း မဟုတ်တော့ဘဲ သူ့အဖော်တွေကိုကပါ ကျွန်တော့်အိမ်သို့ ခေါ်လာပြီး ညဥ့်နက်သန်းခေါင် ဆူဆူပူပူလုပ်သည်။ ကျွန်တော်က တားဆီးတောင်းပန်လျှင် ကျွန်တော့်ကို သူ့အဖော်တွေကပါ မူးမူးရူးရူးနှင့် ဝိုင်းပြီး အရူးလုပ်သည်။ မည်မျှလောက် ခက်ပေသနည်း။ ခင်မြမြမောင်းမောင်းကိစ္စနှင့် စိတ်ကောက်နေသော ပေါ်အူးကလည်း ကျွန်တော့်ကို အကူအညီမပေးတော့ပါ။ သူ့ဘာသာသူ လုပ်စရာ ရှိသည်ကိုသာ ဝတ္တရားအတိုင်း လုပ်ကိုင်သည်ဟု ထင်ရပါ၏။

တစ်နေ့သော နံနက်ခင်း၌ ...

"ပေါ်အူးရေ"

"ဆရာ"

"ငါတော့ ဟိုကောင်လေးကြောင့် ခက်ပြီကွ"

ပေါ်အူးသည် မထုံတက်တေးနှင့် မြုံစိစိလုပ်၍ နေပါသည်။ ကျွန်တော်က များစွာညှိုးငယ်သော မျက်နှာနှင့် ...

"မင်းကြည့်ကွ၊ ဒီကောင်လေး ပြောလို့ဆိုလို့လည်း မရဘူး။ အိမ်က နှင်ထုတ်ရပြန်လည်း သူ့အမေမျက်နှာထက် ဒေါ်ကြီးစိုးကို ငါကြောက်ရတယ်။ ဒေါ်ကြီးစိုးကိုယ်တိုင်က ငါ့အိမ်မှာ တည်းပါခိုပါလို့ လွှတ်လိုက်တာကွ၊ ဒီအတိုင်း အိမ်မှာထားပြီး ပြောမရဆိုမရနဲ့ ကြည့်နေရပြန်လည်း တစ်နေ့နေ့ တစ်ခုခုဖြစ်လာတော့ ငါ့အိမ်မှာ အပ်ထားရက်နဲ့ ဒီလိုဖြစ်ရမလား

mgyoe.com

mgyoe.com


ဆိုပြီး ငါ့အပေါ် တာဝန်ကျဦးမယ်ကွာ။ ဟင် မဟုတ်ဘူးလား ပေါ်အူးရဲ့"

ကျွန်တော် သူ့မျက်နှာကို အားမလိုအားမရ ကြည့်ပြီး မေးလိုက်မှ သူက မထုံတက်တေးနှင့်ပင် ...

"ဟုတ်ပါတယ် ဆရာ"

"ကဲ ... ဒီတော့ ငါ ဘယ့်နှယ်လုပ်ရမလဲကွာ"

"မသိဘူး ဆရာ"

ကျွန်တော့်မှာ သူ့ဆီက အကူအညီရမလား အားကိုးကြီးနှင့် မေးသည်ကို သူက ဤကဲ့သို့ ပြန်ဖြေလိုက်သဖြင့် ရင်ထဲ၌ ဟာခနဲဖြစ်သွားပါသည်။

"ဟေ့ မင်းခေါင်းထဲမှာ အကြံဉာဏ် မရှိတော့ဘူးလားကွာ"

"မရှိဘူး ဆရာ"

ပေါ်အူးခေါင်းထဲ၌ အကြံဉာဏ်မရှိဘူးဆိုသည်မှာ သူ လိမ်၍ပြောခြင်းမျှသာ ဖြစ်ပါသည်။ သူ့ခေါင်းထဲ၌ အကြံဉာဏ်များ ပြွတ်သိပ်နေအောင်ရှိသည်ကို ကျွန်တော် သိခဲ့ပြီးဖြစ်ပါသည်။ ယခု သူနှင့် ကျွန်တော် စကားပြောနေသည်မှာ ကျွန်တော့်၏ အိပ်ခန်းထဲတွင်ဖြစ်၍ ကျွန်တော့် ခေါင်းရင်းရှိ သူတမင် အမြင်ကတ်ပြီး ပြောင်လက်အောင် ဆီသုတ်ထားသော ခင်မြမြမောင်းမောင်း၏ဓာတ်ပုံတွင် သူ မျက်စောင်းခဲနေသည်ကို ထောက်ချင့်ခြင်းအားဖြင့် သူ့စကားကို ကျွန်တော်လိုက်နာပါက မောင်မောင် ရွှေနှင့် ကျွန်တော့်ကိစ္စမှာ တစ်မိနစ်အတွင်း ငြိမ်းချမ်းသွားမည်ဟူသော အဓိပ္ပာယ်သည် သူ၏ခန့်ညားသော မျက်နှာ၌ပေါ်လွင်နေပါသည်။ သို့သော် ကျွန်တော်က ဆရာ၊ သူက တပည့်။ 'မင်းစကား ငါနားထောင်ပါတော့မယ်ကွာ'ဟု အောက်ကျခံပြီး မပြောလိုပါသဖြင့် ...

"ဟေ ဖြစ်ချင်သလို ဖြစ်ကြပေါ့ကွာ"

ဟုသော သဘောနှင့် သူ့ကို နောက်ထပ်ဘာမျှ ဆက်၍မပြောဘဲ နေလိုက်သည်။ ကျွန်တော် စိတ်သက်သာမှုဖြစ်စေရန် ခင်မြမြမောင်းမောင်း ထံမှ 'ဒိတ်'တောင်း၍ လည်ပတ်ခြင်း၊ ရုပ်ရှင်ကားများကို တစ်ကားပြီး တစ်ကားကြည့်ခြင်းဖြင့် မောင်မောင်ရွှေ၏ညှင်းဆဲမှုကို ကြံ့ကြံ့ခံခဲ့ပါသည်။

သို့သော် မောင်မောင်ရွှေ ရောက်၍ ဆယ်ရက်မြောက်သောနေ့တွင်

mgyoe.com

mgyoe.com


မူကား ကျွန်တော်သည် ရုပ်ရှင်ညပွဲကြည့်၍ ၁၀ နာရီလောက်၌ အိမ်သို့ ပြန်လာခဲ့ရာ အိမ်ရှေ့ခန်းမှာ မှောင်နေသဖြင့် ခါတ်မီးခလုတ်ဆီသို့ စမ်း၍ သွားနေစဉ် ကျွန်တော့် ခြေထောက်သည် အရာဝတ္ထုတစ်ခုကို တိုက်မိပြီး ဝုန်းခနဲ မြည်ဟိန်းသံကြီးနှင့်အတူ ကျွန်တော့်လုံချည်ကို တစ်စုံတစ်ခုက တရကြမ်းချိတ်ဆွဲလိုက်သည်တွင် ကျွန်တော့်မှာ ငယ်သံပါအောင် ကုန်း၍ အော်လိုက်ရင်း နောက်သို့ တအားခုန်၍ ဆုတ်လိုက်ရပါသည်။

ပေါ်အူးသည် ကျွန်တော့် အော်သံကြောင့် သူ့အိပ်ခန်းထဲမှ ထွက်လာကာ ...

"ဆရာ ကျွန်တော့်ကို ခေါ်သလား ဆရာ"

"ခေါ်ရုံတင်မကဘူးကွ၊ ဟေ့ လာစမ်း ... လာစမ်း ဒီအခန်းထဲမှာ ဘာကောင်ကြီးလဲကွ"

ကျွန်တော့်မှာ အသံတုန်လူတုန်ပင် ဖြစ်နေသော်လည်း ပေါ်အူးမှာ မထူးခြားသော အသံဖြင့် ... "အော်ဂလီပါ ဆရာ"

"ဟေ့ ဘာလဲ အော်ဂလီဆိုတာ"

"ခွေးပါ ဆရာ"

"ဟေ ဘယ်က ခွေးလဲ"

"ကိုမောင်မောင်ရွှေရဲ့ ခွေးပါဆရာ"

"ဟာ ဒီကောင့်နှယ်၊ ဘယ်က ခွေးများ ယူလာပါလိမ့်၊ မီးဖွင့်စမ်းပါဦးကွာ"

ပေါ်အူး မီးဖွင့်လိုက်သည်။ တိုင်၌ချည်ထားသော ဘူးလ်တယ် ရီယာ ခွေးကြီးတစ်ကောင်သည် ကျွန်တော့်အား ကာလကြာမြင့်စွာက သတ်မှတ်ထားသော ရန်သူကြီးသဖွယ် မျက်တောင်မခတ်ဘဲ မာန်ဖီ၍ကြည့်နေပါသည်။ ပေါ်အူးကား ကြောက်ရွံ့ခြင်းမရှိဘဲ သူပိုင်ခွေးကဲ့သို့ ယုယစွာကိုင်တွယ်လျက် ...

"ကိုမောင်မောင်ရွှေရယ် မန္တလေးယူသွားဖို့ ဝယ်ခဲ့တာတဲ့ ဆရာ၊ အင်မတန် အိမ်စောင့်ကောင်းတဲ့ ခွေးကြီး ဆရာရဲ့"

ဟု ဆို၍ ပွတ်သပ်ပေးနေပါသည်။

ခွေးကြီးမှာ ပေါ်အူးကိုမူ သူ့သခင်ကဲ့သို့ သဘောထား၍ ကျွန်တော့်

mgyoe.com

mgyoe.com


ကိုကား ရန်သူသဖွယ် မျက်စောင်းခဲနေပါသဖြင့် ...

"ဟေ့ မင်းခွေးကောင်းတာက ငါ့အိမ်ထဲနေပြီး ငါ့ကို မာန်ဖီနေတော့ မခက်ပေဘူးလားကွ"

"ဟာ ဒါခဏပါ၊ နောက် ဆရာနဲ့ သူရင်းနှီးသွားတော့ ဟန်ကျသွားမှာပေါ့ ဆရာ"

"ဟေ သူနဲ့ငါ ရင်းနှီးသွားအောင် ငါက ဘယ်လောက်ကြာစောင့်ရအုံးမှာလဲကွ"

"ဒါတော့ ကျွန်တော် ဘယ်ပြောနိုင်မလဲ ဆရာ၊ အော်ဂလီရဲ့ သဘောပေါ့"

"အောင်မယ် မင့်ခွေးသဘောပဲ ငါက နာခံရမလို ဖြစ်နေပြီ။ ငါ့အိမ်မှာ ဘယ်ထားနိုင်မလဲကွ၊ အခုဘယ်မလဲ သူ့သခင် မောင်မောင်ရွှေရယ်၊ ရှိရဲ့လား"

"မရှိဘူး ဆရာရယ်၊ ညနေကပဲ သူ့ခွေးသူ ဆရာအိပ်ရာဝင်ခါနီး သောက်ဖို့ ကျွန်တော်လုပ်ထားတဲ့ ဆိတ်ရိုးစွပ်ပြုတ်ကို ထမင်းနဲ့ ဖျော်ကျွေးပြီး မြို့ထဲထွက်သွားတယ် ဆရာ"

ကျွန်တော့် စိတ်ထဲ၌ ထောင်းခနဲ ဖြစ်သွားကာ ...

"ဟေ သူက ငါသောက်ဖို့ စွပ်ပြုတ်ကို သူ့ခွေး ကျွေးတယ်"

"ဟုတ်တယ် ဆရာ"

"မင်းက ဘာမှ မပြောဘူးလား"

"ကျွန်တော်က ပြောတော့ ဆရာက အိမ်ရှင်၊ သူက ဧည့်သည် ကိစ္စမရှိပါဘူးလို့ ပြန်ပြောတယ် ဆရာ"

"ဟေ လူကိုသာ သူ့အမေနဲ့ ဒေါ်ကြီးစိုး မျက်နှာကြောင့် မလွှဲသာလို့ သည်းခံရမယ်၊ ခွေးတော့ လက်မခံနိုင်ဘူးကွာ။ သူပြန်လာရင် ပြောလိုက်"

"ဒါကို ကျွန်တော် ပြောပြီးသွားပြီ ဆရာ၊ သူက သူ့ခွေးကို သူ့ထက်ပိုပြီး သည်းမခံနိုင်ရင် ဆရာဟာ အလကားလူပဲလို့ ပြန်ပြောတယ် ဆရာ။ ဘယ်နည်းနဲ့မှတော့ ပြောလို့ရမှာ မဟုတ်ဘူး။ သူ မန္တလေးမပြန်ခင်ကလေးပဲ သည်းခံလိုက်ပါဆရာ"

ပေါ်အူးက ကျွန်တော့်ကို နားချ၍ နေပါသေးသည်။ သို့သော် ကျွန်

mgyoe.com

mgyoe.com


တော့် ရင်ထဲ၌ ဗလောင်ဆူ၍ နေသဖြင့် ...

"ငါ သည်းမခံနိုင်ဘူးကွာ"

"ဆရာ သည်းမခံနိုင်ရင် ဘယ်လိုလုပ်မလဲ"

"ငါ့အိမ်က ငါထွက်သွားမယ်ကွာ"

"ဆရာ ဘယ်ကို သွားမလဲ"

"မော်ဘီ လှပဒါးရွာက ငါ့မိတ်ဆွေ ကိုတင်အေးတို့အိမ် သွားနေမယ်ကွာ"

"ကျွန်တော်ကော လိုက်ရဦးမလား ဆရာ"

"မလိုက်နဲ့ကွာ မင်းသူ့အရိပ်အခြည်သာ ကြည့်နေ၊ သူ့အမေ ရောက်လာပြီး ပြန်ခေါ်သွားမှ ငါ့ဆီကို အကြောင်းကြားလိုက်"

"ကောင်းပါပြီ ဆရာ"

"ကဲ ဒါဖြင့် ငါ့အဝတ်အစားတွေ ခုည ပြင်ထားလိုက်၊ နက်ဖြန်မနက် စောစော သွားမယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်သည် ဧည့်သည်တော် မောင်မောင်ရွှေ၏ ဒဏ်ကို မခံနိုင်တော့သဖြင့် မော်ဘီမြို့မှ လှပဒါးရွာသို့ ရောက်ခဲ့ရပါပြီ။ ကျွန်တော့် မိတ်ဆွေ ကိုတင်အေးကလည်း ဝမ်းသာအားရနှင့် ဧည့်ခံပြုစုကာ သူ့အိမ်၌ရှိသော ဘဲတစ်အုပ်သာမက ဦးလေးကိုထွန်းရင် အိမ်က ကြက်မြီးကောင်ပေါက်တွေပါ ကုန်သည့်တိုင်အောင် စိတ်တိုင်းကျ စားသောက်နေထိုင်ရန် ပြောပါသည်။

သို့သော် ကျွန်တော့်စိတ်ထဲ၌ ကောင်းစွာ မပျော်နိုင်၊ မောင်မောင်ရွှေကိုသာ သောကရောက်လျက်၊ သူ့အမေ ပြန်လာ၍ သူ့သားကိုခေါ်သွားပြီဟူသော ပေါ်အူးစာကိုသာ မျှော်လင့်နေမိတော့ပါသည်။

ပေါ်အူးစာကား ခုနစ်ရက်ကြာသည့်တိုင်အောင်မှ ရောက်မလာ။ ရန်ကုန်မြို့ကြီးပေါ်တွင် စိတ်ထင်သလို သုံးဖြုန်းလည်ပတ်နေခဲ့သော ကျွန်တော်မှာ နံဘေးလယ်ကွင်း ရှုမျှော်ခင်းသာရှိသော ဤရွာကလေး၌ သီတင်းတစ်ပတ်ထက် ပို၍ မနေနိုင်။ ထို့ကြောင့် ပေါ်အူးစာကို မစောင့်နိုင်တော့ဘဲ ခုနစ်ရက်အတွင်း ဘယ်လိုများဖြစ်နေကြပြီလဲဟု ရင်ထဲတထိတ်ထိတ်နှင့်

mgyoe.com

mgyoe.com


ရန်ကုန်သို့ ပြန်လာခဲ့ပါတော့သည်။

"ဟော့ ပေါ်အူး"

ကျွန်တော် အိမ်သို့ရောက်သောအချိန်မှာ နေဝင်ဖျိုးဖျဖြစ်၍ ဟိုတစ်ပတ် ကျွန်တော့်ကို နှုတ်လိုက်သော အော်ဂလီကို သတိရသဖြင့် ကိုယ့်အိမ်ထဲပင် ကိုယ် ရဲတင်းစွာမဝင်ဝံ့သေးဘဲ၊ ပေါ်အူးကို လှမ်းခေါ်လိုက်ရပါသည်။ ပေါ်အူးသည် အိမ်ထဲမှ ထွက်လာကာ ...

"ဟာ ဆရာပြန်လာပြီလား"

"အေးကွ၊ ဟိုကောင့် ခွေးကြီးကော"

"မရှိတော့ဘူး ဆရာ၊ သေသွားပြီ"

"ဟေ ဘာဖြစ်လို့လဲ"

"သူ့ခွေးသူ သတ်ပစ်တယ် ဆရာ"

"ဟင် ဘာပြုလို့တဲ့လဲ"

"သူ ညအချိန်မတော် ပြန်လာတဲ့အခါမှာ သူ့ကို ဟောင်လို့တဲ့ ဆရာ"

"ဟာ တယ်မိုက်တဲ့ ကောင်လေးပဲ၊ နို့ သူကော အခုဘယ်မှာလဲ"

"ထောင်ထဲမှာ ဆရာ"

ကျွန်တော် မျက်လုံးပြူးသွားကာ ...

"ဟေ ထောင်ထဲမှာ"

"ဟုတ်တယ် ဆရာ"

"ဘာမှုနဲ့လဲ၊ သူ့ခွေးသူ သတ်တဲ့ အမှုနဲ့လား"

"မဟုတ်ဘူး ဆရာ"

"ပုဒ်မ ငါးနဲ့လား"

"မဟုတ်ဘူးဆရာ၊ ရဲကုလားတစ်ယောက် မဏိကို ကွမ်းကျွေးလိုက်လို့ ဆရာ"

"ဟေ ဘာလဲကွ၊ ရဲကုလားဆိုတာက"

"ရဲလုံခြုံရေးဝန်ထမ်း ကုလားတစ်ယောက်ကို ပြောတာပါဆရာ"

"ဘာလဲ သူက ကုလားလုံခြုံရေးဝန်ထမ်းကို ဘာဖြစ်လို့ လုပ်ရတာလဲ"

mgyoe.com

mgyoe.com


"မသိဘူးဆရာ၊ မူးမူးရူးရူးနဲ့ ရမ်းတာဖြစ်မှာပေါ့ ဆရာ"

ကျွန်တော်သည် ဆိုဖာပေါ်သို့ ကိုယ်ကို ပစ်ထိုင်လိုက်ကာ ...

"အဲ သူ့မေမေ သိသွားရင် ငါတော့ ဒုက္ခပါပဲကွာ"

"သူ့မေမေ မသိနိုင်ပါဘူး ဆရာ၊ သူကျတာက ခုနစ်ရက်တည်းပဲ၊ သူ့မေမေ ပြန်မလာခင် လွတ်လာပါလိမ့်မယ် ဆရာ၊ အခုပဲ လေးရက်ရှိသွားပါပြီ"

"အေး တကယ်လို့ သူ မလွတ်ခင် သူ့အမေရောက်လာရင်ကော"

"အဲဒီလိုဆိုတော့လည်း နည်းနည်းပါးပါး စိတ်ကူးဉာဏ်ထုတ်ပြီး တစ်မျိုးတစ်ဖုံ လှည့်ပြောရတာပေါ့ ဆရာရယ်"

ကျွန်တော့်မှာ ခေါင်းပူသလောက် ပေါ်အူးတွင် စိတ်အေးလက်အေး ရှိလှသည်။

"ဘယ်လို လှည့်ပြောရမှာလဲကွ"

"ကိုမောင်မောင်ရွှေရယ် ဒေသန္တရဗဟုသုတအတွက် တွံတေးကို ခဏသွားလည်နေတယ်လို့ ပြောပေါ့ ဆရာရယ်"

ကျွန်တော့်တပည့် ပေါ်အူးမှာ ဘာပြောပြောဘာလုပ်လုပ် အင်မတန် ပိပိရိရိရှိအောင် စိတ်ကူးဉာဏ် ထုတ်တတ်သူဖြစ်ပါ၍ ကျွန်တော်က သူ့အကြောင်းပြချက်ကို သိရန်မေးလိုက်ပါသည်။

ပေါ်အူးသည် ကိုယ်ကို မတ်တပ်ရပ်ကာ ...

"တွံတေးကို ရွေးချယ်တဲ့ကိစ္စမှာ အကြောင်း ၂ ချက်ရှိပါတယ် ဆရာ"

"အင်း ဆိုစမ်း"

"ပထမအချက်က တွံတေးမြို့မှာ စဉ့်အိုးလုပ်ငန်းရှိတယ်။ မန္တလေးမြို့မှာ ဒီလိုလုပ်ငန်းတွေ မမြင်ဖူးတဲ့အတွက် တမင်သက်သက် ကြည့်ရအောင်သွားတယ်လို့ ပြောနိုင်ပါတယ် ဆရာ"

"အေး ဟုတ်ပြီ၊ ဒုတိယအချက် ကကော"

"ဒုတိယအချက်ကတော့ သူ့အမေကြီးဟာ သူ့သား ဘယ်သွားသလဲ ဆိုတာကို ကျွန်တော့်လည်းလာမေးမယ်၊ ဆရာ့လည်းမေးမယ်၊ ဒီတော့ ဆရာက မေ့တတ်တဲ့အတွက် ကျွန်တော်က တွံတေးလို့ပြောထားပြီး၊ ဆရာ

mgyoe.com

mgyoe.com

က ဒီပြင်မြို့နာမည်တွေ လျှောက်ပြောနေမှာစိုးလို့ ဆရာ။ တွံတေးဆိုတော့ စနေနံ တဝမ်းပူနှစ်လုံးထပ်နဲ့ မြန်မာပြည်မှာ သူတစ်မြို့တည်းရှိတယ်။ နို့ပြီး သူ့လို တဝမ်းပူချည်းပါတဲ့ 'တောက်တဲ့'တို့ 'တစ်တီတူး'တို့နဲ့လည်း တွဲပြီး မှတ်ထားနိုင်တယ် ဆရာ၊ ဒါကြောင့် ကျွန်တော် တွံတေးကို ရွေးချယ်လိုက်တာပါ"

ကျွန်တော်သည် ပေါ်အူး၏လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်ကာ

"တော်တယ်ကွာ ပေါ်အူး၊ မင်း တယ်တော်တဲ့ကောင်"

စိတ်ပါလက်ပါ ချီးမွမ်းလိုက်ရပါသည်။

"ဒါတောင် ဆရာ တွံတေးဆိုတာနဲ့ ဆရာ့စိတ်ထဲမှာ စွဲနေတဲ့ တာဝွတွေ၊ ကံ့ဘဲ့ရွာတွေ ရောက်ပြောနေမှာ စိုးရသေးတယ် ဆရာ"

"အေး ငါ သတိထားပါမယ် ကွာ"

ပေါ်အူးမှာ အင်မတန်အကြံဉာဏ်ကောင်းသူ ဖြစ်ပါသည်။ ယခု ကြည့်ပါဦးတော့ သူ့ဆရာ မေ့တတ်သည်ကို ထည့်၍စဉ်းစားပြီး ကြိုတင်စီမံတတ်ပါသည်။ ကျွန်တော့်မှာ အတော်ပင် စိတ်သက်သာရာရှိ၍ သွားပါ၏။

မောင်မောင်ရွှေအတွက်ကို ကြည့်လိုက်ပြန်လျှင်လည်း သူ ထောင်သို့ရောက်သွားခြင်းမှာ လူနာတစ်ယောက်အား ဆေးရုံသို့ပို့လိုက်သကဲ့သို့ သင့်လျော်လှပါသည်။ အကယ်၍သာ သူ့အမေ ပြန်မလာမီ သူ ရန်ကုန်တွင် ထောင့်အပြင်၌ နေပါက ကျွန်တော့်အဖို့ရော သူ့အတွက်ပါ မည်မျှလောက် ဆိုးဝါးချေမည်နည်း။ လူသတ်မှုကြီးပင် ဖြစ်မည်လော။ သူပင် အသတ်ခံရမည်လော။ ဟိုတယ်လှေကားပေါ်က လိမ့်ကျ၍ပင် ခြေကျိုးလက်ကျိုး ဖြစ်နေမည်လော။ မည်သူပြောနိုင်ပါသနည်း။ ယခုမူးမူးနှင့် ရဲဝန်ထမ်းရိုက်မှုကလေးနှင့် ထောင်ခုနစ်ရက်မျှသာ ကျသွားသည်မှာ တော်ပါသေး၏။ အတော့်ကို တော်ပါသေး၏။

သူထောင်က မလွတ်မီ သူ့အမေ ပြန်လာလျှင် ပေါ်အူးစီမံထားသကဲ့သို့ပင် ပြောရမည်။ သူထောင်က လွတ်ပြီးမှ ပြန်လာရင်ကား ကိစ္စမရှိ၊ 'ငါလည်းမကောင်း မဖြစ်ရအောင် မင့်မေမေလည်း စိတ်မချမ်းမသာ မဖြစ်ရအောင် မင်းဘာမျှမပြောနဲ့၊ ဘာမျှမဖြစ်ခဲ့သလိုနေ' ဟုတိုင်ပင်ထားပါက

mgyoe.com

mgyoe.com


ကောင်ကလေးမှာလည်း ထောင်ကျဖူးပြီးဖြစ်၍ နောင်တတရား ရနေချေမည် ဖြစ်သောကြောင့် ဘာမျှစိုးရိမ်စရာရှိတော့မည် မဟုတ်ပါ။

သို့သော် ကျွန်တော့်အတွက် မဟုတ်တာ၊ မကောင်းတာတွေဖြစ်ဖို့ရန် ကြိုတင်စီမံထားကြလေသလားမှ မသိ။ မောင်မောင်ရွှေ ထောင်ကျ၍ ခုနစ်ရက်မြောက်သောနေ့ လွတ်လုတည်းကာနီးကလေးမှ နံနက်စောစောကြီး သူ့အမေဒေါ်လှလှကြီး ရောက်လာပါတော့သည်။

"ဂွတ်မောနင်း ဒေါ်ဒေါ်၊ ဒေါ်ဒေါ် မနက်အစောကြီး ရောက်လာပါလား"

"ဟုတ်တယ် အစောကြီး ရောက်လာတာပဲ"

ဒေါ်လှလှကြီးမှာ သူယခင်က ထိုင်သွားသော ကုလားထိုင်ကြီးပေါ်မှာပင် ကြပ်ကြပ်တည်းတည်းကြီး ထိုင်လျက် ရှိသော်လည်း မျက်နှာထားမှာမူ ဟိုတုန်းကကဲ့သို့ ရှိသမျှသွားတွေ အကုန်ဖော်မထားရုံမက တစ်ချောင်းမျှ မမြင်ရအောင်ပင် နှုတ်ခမ်းချင်းတင်းတင်းကြီး စေ့ထားကာ ကျွန်တော့်စကားကို တိုတောင်းစွာ ပြန်ပြောလိုက်ပါသည်။

သို့သော် ကျွန်တော်က ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့ဆိုသည့်အတိုင်း ဣန္ဒြေမပျက်စေဘဲ ...

"ပေါ်အူးရေ ... ဒေါ်ဒေါ့်ဖို့ ကော်ဖီ ယူခဲ့ပါကွယ်"

"တော်ပြီ .. ကျေးဇူးတင်ပါတယ်"

"တော်ပြီ" ဆိုသော စကားမှာ တစ်စုံတစ်ရာကို စားပြီးသောက်ပြီး၍ ဝမှ (သို့မဟုတ်) ကျေနပ်မှ သုံးရမည့် စကားပင်ဖြစ်သော်လည်း သူတို့ရွှေမန်းသားများမှာ တစ်စုံတစ်ဦးက လောကွတ်ပြုလိုက်ပါက အလိုမရှိလျှင် သို့မဟုတ် အားနာလျှင် သုံးနေကျစကားဦး ဖြစ်သည့်အတိုင်း ကျွန်တော့်ဧည့်ဝတ်ကို လက်မခံလိုကြောင်း တိုတောင်းစွာ ပြန်ပြောလိုက်ပါသည်။

ကျွန်တော်က လက်မလျှော့သေးဘဲ ...

"ဩော် ... ဒေါ်ဒေါ်က ကော်ဖီမသောက်လို့လား၊ ဒါဖြင့် ပေါ်အူးရေ လက်ဖက်ရည်များ ဖျော်ခဲ့ပါကွယ်"

"အိုး ... တော်ပြီ၊ တော်ပြီ ဘာမှ မသောက်ချင် မစားချင်ပါဘူး"

mgyoe.com

mgyoe.com


ဤ စကားကို ပြောရာ၌ ဒေါ်လှလှကြီး၏ မျက်နှာထားမှာ နိုင်ငံခြား ဖြစ် ကော်ဖီ၊ လက်ဖက်ရည်တွေ အသုံးပြုခြင်းမှ တားမြစ်ရန် ဖွဲ့စည်းထား သော အသင်းကြီး၏ ဥက္ကဋ္ဌကြီးနှင့် တူလှပါသည်။

ကျွန်တော်သည် သူ့အား အစားအသောက်နှင့် ပျူငှာ၍ မရတော့ ပြီကို သိသည်နှင့် စကားကြောင်းပြောင်းလိုက်ကာ ...

"ဪ ... ဒေါ်ဒေါ် သာယာဝတီထောင်နဲ့ ပေါင်းတည်ထောင်ကို အတော်နှံ့နှံ့စပ်စပ် ကြည့်ခဲ့ပြီးပြီပေါ့"

ဒေါ်လှလှကြီးသည် တင်းမာသော မျက်နှာထားနှင့်ပင် ...

"ဟုတ်တယ် ကြည့်ခဲ့ပြီးပြီ"

"ဒါဖြင့် ပေါင်းတည်ထောင်မှာ ယောကျ်ားထောင်နှင့် မိန်းမထောင် တစ်ဖက်နဲ့တစ်ဖက် ထောင်သားအချင်းချင်း ဆက်သွယ်မရဘူးဆိုတာနဲ့ သာယာဝတီထောင်မှာ ပုဒ်မ ငါးနဲ့ ဖမ်းတဲ့လူတွေကို နှိပ်စက်တယ်ဆိုတာ ဟာ မဟုတ်မှန်ကြောင်း သိခဲ့ပြီ မဟုတ်လား"

ကျွန်တော်မှာ သူ့ကိစ္စနှင့် ပတ်သက်၍ သဘောကျလေမလားဟု ပေါက်တတ်ကရ လျှောက်ဖြန်းနေပါသော်လည်း ဒေါ်လှလှကြီးသည် ကျွန် တော့်စကားကြောင်းကို ဂရုမစိုက်ဘဲ နောက်ဆုံး၌ မအောင့်အည်းနိုင်သော အသံကြီးဖြင့် ...

"မောင်အေးဆွေ လူကလေးမောင်မောင်ရွှေကို ဂရုမစိုက်ဘဲ ပစ်ထား တယ် ထင်တယ်"

ကျွန်တော့်မှာ ရင်ထဲ၌ ရုတ်တရက် ထိတ်ခနဲ ဖြစ်သွားပါသည်။ သို့သော် ပေါ်အူးအားကိုးနှင့် မျက်နှာမပျက်စေဘဲ ...

"အာ ဒေါ်ဒေါ်နှယ် ဘယ့်နှယ်ပြောပါလိမ့်၊ ဂရုစိုက်ပါတယ်ဗျာ ... ဘယ်မှာ ပစ်ထားမလဲ၊ ဒေါ်ဒေါ် ပေါ်အူး မေးကြည့်ပါတော့"

ကျွန်တော့်မှာ ချောက်ပေါက်တွေ့နေပြီဖြစ်၍ ပေါ်အူးက အချိန်မီ လာကယ်ရန် သူ့နာမည်ကို စကားထဲ ထည့်ပြောလိုက်ရပါသည်။ ပေါ်အူး မှာလည်း နောက်ဖေးခန်း၌ အလုပ်လုပ်ရင်း ကျွန်တော့်တို့ စကားသံကို နားထောင်နေဟန် တူပါသည်။ ဒေါ်လှလှကြီးသည် ကျွန်တော့်မျက်နှာ ကို စိမ်းစိမ်းကြည့်ကာ ...

mgyoe.com

mgyoe.com


"ဒါဖြင့် မောင်မောင်ရွှေဟာ မောင်အေးဆွေရဲ့ မျက်စိအောက်မှာ မပြတ်နေခဲ့တာပေါ့"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့နှစ်ယောက် စားလည်း အတူတူ၊ သွားလည်း အတူတူ၊ မနက်စောစော အိပ်ရာက ထကြပြီဆိုရင် ကော်ဖီပါသောက်ပြီး အဝတ်အစားလဲ၊ ညီအစ်ကိုနှစ်ယောက် မြို့ထဲထွက် လည်ကြတာပဲ။ နောက်ပြီး မနက်စာ စားမီ ပြန်လာ၊ စားသောက်ပြီးကြ ရင် သူက စာဝါသနာအိုးလေးပဲ။ တစ်ခါတည်း စာအုပ် ဆွဲကိုင်တာပဲ။ ကျွန်တော်တို့ အင်္ဂလိပ် ရုပ်ရှင်တွေ၊ ဘာတွေ နေ့ခင်းပွဲ သွားကြည့်ကြတယ်။ ညဆိုရင်လည်း ၈ နာရီမှန်မှန် အိပ်ရာဝင်ကြတာပဲ။ သူကလည်း ပျော်လို့၊ ကျွန်တော်ကလည်း ညီလေးတစ်ယောက် အဖော်ရတာနဲ့ ဝမ်းသာအားရ ဖြစ်နေတာပဲ။ အဲဒီလို ဖြစ်နေတုန်းမှာ အခု သူက တာဝကန်ဘဲရွာ၊ ဟင် ... ဟုတ်ပါဘူး၊ တွံတေးဘက်ကို အလည်ထွက်သွားတာနဲ့ ကျွန်တော့် တစ်ယောက်တည်း ကျန်ခဲ့တာ"

ဒေါ်လှလှကြီးသည် အံ့ဩသော မျက်စိကြည့်ပုံမျိုးကြီးနှင့် ကျွန် တော့်စကားကို ဖြတ်ကာ ...

'ဟင် အခု သူ တွံတေးသွားနေတယ်လား"

"ဟုတ်ပါတယ် ကျွန်တော်က အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ မှော်ဘီ လှပဒါးရွာကို ခဏသွားရတုန်း မောင်မောင်ရွှေက ကျွန်တော် မရှိရင် ပျင်း တယ်ဆိုပြီး တွံတေးကို ဒေသန္တရဗဟုသုတအတွက် ထွက်သွားပါတယ်။ ဒါလည်း သူ့အဖို့ ကောင်းပါတယ်လေ။ တွံတေးမှာဆိုတော့ မန္တလေးမှာ မမြင်ဖူးတဲ့ စဥ့်အိုးလုပ်တာတို့၊ ငါးပိလုပ်တာတို့ မြင်ရတာပေါ့။ ဒေါ်ဒေါ့် သားက စာရေးဆရာမသားပီပီ အင်မတန် ဗဟုသုတစုဆောင်းချင်တဲ့ သူငယ်လေးပဲ။ သူကြီးလာရင် ဒေါ်ဒေါ့်လို စာရေးဆရာတစ်ယောက် ဖြစ်မှာ ပဲ ထင်ပါတယ်"

ကျွန်တော့်မှာ ပေါ်အူးသင်ထားသည့်အတိုင်း အဘွားကြီးကို လျှောက် လိုမ့်နေစဉ် မိန်းမကြီးသည် မကျေမနပ်ဖြစ်နေသော မျက်နှာကြီးနှင့် ...

"မောင်မောင်ရွှေ တွံတေးကို သွားတာ အသေအချာပဲနော်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဘာလို့ လိမ်ပြောနေမှာလဲ၊

mgyoe.com

mgyoe.com


မယုံ ပေါ်အူးကိုသာ ခေါ်မေးကြည့်ပါလား၊ ဟော့ ... ပေါ်အူး လာပါဦးကွ"

ကျွန်တော့်မှာ ကိုယ့်စိတ်ကိုယ် မလုံ ဖြစ်လာသည်နှင့် ပေါ်အူးကို အကူအညီ ခေါ်လိုက်ရပါသည်။ ပေါ်အူးထွက်လာသောအခါ၌

"ဟော့ ပေါ်အူး မင်းက မောင်မောင်ရွှေကို ငါပြန်လာမှ ဆရာနဲ့ အတူတူ သွားလို့တောင် ပြောသေးတယ် မဟုတ်လား"

"ဟုတ်တယ် ဆရာ"

ပေါ်အူးက ကျွန်တော်၏ စကားကြောင်းကိုလိုက်၍ ထောက်လိုက်သဖြင့် ကျွန်တော်က ဒေါ်လှလှကြီးအား 'ကဲ မဟုတ်လား'ဟူသော အမူအရာနှင့် ကြည့်လိုက်ရာ ဒေါ်လှလှကြီး မျက်နှာမှာ ရုတ်တရက် ကွဲအက်တော့ခမန်း တင်းမာခက်ထရော်လှစွာ ...

"ကဲ ဒါဖြင့် မောင်အေးဆွေ၊ မနေ့က ဒေါ်ဒေါ် ရောက်ရောက်ချင်း ရေးမယ့်စာအုပ်အတွက် ရန်ကုန်ထောင်ကြီးကို ဝင်ကြည့်တော့ ကျုပ်သား လေး မောင်မောင်ရွှေဟာ ထောင်သား အင်္ကျီအစင်းကလေးဝတ်ပြီး အုန်းဆံ ထုနေတာကို တွေ့ရတာ မောင် ဘာပြောချင်သလဲ"

သေပဟဲ့ နန္ဒိယ။

ကျွန်တော်ဘာမျှ ပြန်မပြောနိုင်တော့ပါ။ ပေါ်အူး သင်ထားသော စကားလည်း ကုန်ပါပြီ။ စူးစူးဝါးဝါး ကြည့်နေသော ဒေါ်လှလှကြီး၏ မျက်စိအောက်၌ လင်ကြီးက လင်ငယ်နှင့် လက်ပူးလက်ကြပ်မိနေသော မိန်းမရိုးကလေးကဲ့သို့ ပါးစပ်အဟောင်းသားနှင့် ကြောင်တက်တက်ဖြစ်၍ နေပါတော့သည်။

ဒေါ်လှလှကြီးသည် ပိုင်ပိုင်နိုင်နိုင် မျက်နှာထားကြီးနှင့် ...

"ဟင် မောင်အေးဆွေ၊ ဒါဟာ ကျုပ်သားလေးကို ကောင်းကောင်း မွန်မွန် ကြည့်ရှုထားလိုက်တာပဲလား။ စိတ်ချပါလို့ အာမခံပြီး ဂရုစိုက်လိုက်တာပဲလား။ ကျုပ်ကတော့ ယုံကြည်လို့ ပုံအပ်ထားခဲ့တယ်။ ကျုပ်သားလေး ဟာ ငယ်ပါသေးတယ်။ လူမှုရေးရာ ဘာမှ နားမလည်သေးဘူး၊ ရန်ကုန်လို မြို့ကြီးပြကြီးကို တစ်ခါမှမရောက်ဖူးသေးလို့ ကျကျနနမှာပစ်ခဲ့တယ်။ မန္တလေးက မင့်ဒေါ်ဒေါ်စိုး စကားကြောင့် မင့်ကို ယုံပြီးပုံခဲ့တာပါကွယ်။ နို့မို့ ငါ့မှာ တခြားမိတ်ဆွေတွေ အများကြီး ရှိပါတယ်။ ခုတော့ဖြင့် ယုံ

mgyoe.com

mgyoe.com


သမျှ ပုံသမျှ ဖုန်ထအောင် လုပ်ရက်ပါပေ့ကွယ်။ လုပ်ရက်ပါပေ့”

ကျွန်တော့်နှုတ်မှ ပြောရန်စကား တစ်လုံးမျှ ရှာမတွေ့တော့ပါ။ ဒေါ်ကြီးစိုး၏ မျက်နှာကိုသာ မျက်စိထဲ၌ မြင်ယောင်လာပါသည်။

အကြောင်းကိုသိ၍ ဒေါ်ကြီးစိုး ဒေါပွလျှင် ကျွန်တော့်မှာ ဒုက္ခ၊ အဓိပတိ ဒုက္ခ။ ဒေါ်ကြီးစိုးသည် ကျွန်တော်ငယ်စဉ်ကလေးကပင် ဆဲဆိုမာန်မဲလာသူဖြစ်၍ ကျွန်တော့်မှာ ငယ်ကြောက်,ကြောက်ရပါသည်။ ထို့အပြင် ဒေါ်ကြီးစိုး စိတ်ဆိုးပြီဆိုလျှင် အခြားသူများနှင့်မတူ။ ကမ္ဘာပျက်တော့ခမန်း အသံကုန်လွှင့်တတ်၍ ကျွန်တော့်ကို မဆိုထားဘိ၊ သူ့ယောကျ်ားဦးကြီးသိန်းပင်လျှင် တောင်ပြေးရတော့မလိုလို၊ မြောက်ပြေးရတော့မလိုလို၊ အနားက ခွေးဘော်ဘီကိုပဲ ကိုင်ပေါက်လိုက်ရတော့မလိုလိုနှင့် မနေတတ်မထိုင်တတ်ဖြစ်ရပါသည်။

တကယ်စင်စစ် ဒေါ်ကြီးစိုး စိတ်ဆိုးပြီဆိုပါက မန္တလေးနှင့် ရန်ကုန်ကိုပင် လေယာဉ်ပျံနှင့် ချက်ချင်း လိုက်လာမည်။ ကျွန်တော့်ပါးနား လက်ဝါးတစ်ဝဲနှင့် ကြိမ်းမောင်းတော့မည်။ ကျွန်တော် တခြားမြို့သို့ ပြေး၍လည်း မလွယ်။ သူ့ဒေါသကို အကြွေးမထားဘဲ ချက်ချင်းမတွေ့တွေ့အောင် လိုက်တော့မည်။ အမှန်ကား၊ ဒေါ်ကြီးစိုး စိတ်ဆိုး၍ ကျွန်တော်ပြေးရန်မှာ မြန်မာပြည်ကလေးသည် အလွန်ငယ်လှပါ၏။

ယခု၌ပင်လျှင် ကျွန်တော့်ရှေ့၌ ဒေါဖောင်းနေသော ဒေါ်လှလှကြီးကို မမြင်။ ဒေါ်ကြီးစိုး၏ နီရဲနေသော မျက်နှာကိုသာ မြင်ယောင်လျက် ကျွန်တော့်ကိုယ်မှာ ချာချာလည်၍ လေထဲ၌လွင့်သလို ထင်ရကာ မျက်စိတွေဝေပြီး နားနှစ်ဖက်အူ၍ပင် နေပါသည်။

သို့သော် ဤခဏလေးအတွင်း၌ ကျွန်တော့်ကိုယ်မှာ လူသေကို အသက်ပြန်သွင်းလိုက်သလို ဖြစ်လာသည်ကား ပေါ်အူး၏ အသံထွက်လာခြင်းပင် ဖြစ်ပါသည်။

“ဒေါ်ဒေါ်လှ ခင်ဗျား၊ ဒေါ်ဒေါ့်ကို ကျွန်တော် တဆိတ်ကလေး အစီရင်ခံပါရစေခင်ဗျား”

လာပြီ၊ လာပြီ ပေါ်အူး၊ ကျွန်တော့်တပည့်ပေါ်အူး။ သူ့ဆရာကို ချောက်ထဲက ဆွဲတင်ပါတော့မည်။

mgyoe.com

mgyoe.com


"ဒီကိစ္စမှာ ကျွန်တော်သိသမျှ ရှင်းလင်းရရင်"

ပေါ်အူးသည် စကားစရင်း ဒေါ်လှလှကြီးမျက်မှောက်သို့ ချည်းကပ်လာသည်၊ ဒေါ်လှလှကြီးက မကျေနပ်သော မျက်နှာကြီးနှင့် ပေါ်အူးအား အစေခံကလေး တစ်ယောက်အနေဖြင့် တုန်လှုပ်သွားအောင် မျက်စောင်းခဲ၍ ကြည့်လိုက်သည်။ သို့သော် ပေါ်အူးက ဒီအကြည့်မျိုးလောက်တော့ အပျော့။ ပေါ်အူး ပေါ်အူး၊ နံနံကာယ ပေါ်အူး မဟုတ်။ မြန်မာပြည် ဘုရင်ခံ ဒေါ်မံစမစ်က ဦးစောအား ယူဂန်ဒါက ပြန်ခါနီးတွင် ချီးကျူးသလို ချီးကျူးလိုက်ချင်ပါသည်။

ပေါ်အူးသည် ဒေါ်လှလှကြီးရှေ့၌ ခြေစုံရပ်ကာ ...

"ဒေါ်ဒေါ်ဟာ ကျွန်တော့်ဆရာ ကိုဆွေရဲ့အပေါ်မှာ အထင်လွဲစရာ ဖြစ်နေတယ်လို့ ကျွန်တော် ဆိုချင်တယ်ဗျာ။ ဘာပြုလို့လဲဆိုရင် အမှန်စင်စစ်အားဖြင့် ဆရာကိုဆွေဟာ ဒေါ်ဒေါ့်သားကလေးမောင်မောင်ရွှေ ဖြစ်သွားတဲ့ကိစ္စကို သူဘာမျှ မသိရှာပါဘူး။ သူ မှော်ဘီကို အရေးကြီးတဲ့ကိစ္စ တစ်ခုနဲ့သွားပြီး ပြန်လာတော့ ကိုမောင်မောင်ရွှေကို ခါတိုင်းရှိနေကျ စာကြည့်ခန်းထဲမှာ မတွေ့လို့ ကျွန်တော့်ကို မေးတော့ ကျွန်တော်က အဖြစ်အပျက်မှန်ကို ပြောလိုက်ရင် ဆရာဟာ စိတ်မကောင်းရုံမက သူ့ညီလေးအရင်းလို ချစ်နေတဲ့ မောင်မောင်ရွှေအတွက် သိပ်ပြီးအကြီးအကျယ်သောကရောက် သွားမှာကို စိုးတာနဲ့ ကျွန်တော်ကပဲ ဖြစ်ပြီးသားကိစ္စ၊ သိလည်း မထူးပါဘူးလေဆိုပြီး ဆရာစိတ်မချမ်းမသာ မဖြစ်ရအောင် ကိုမောင်မောင်ရွှေဟာ တွံတေးကို အလည်သွားတယ်လို့ လိမ်လွှဲပြီး ပြောလိုက်ခြင်းဖြစ်ပါတယ်။ နို့ပြီး ကိုမောင်မောင်ရွှေဟာ မြင့်မြတ်တဲ့ စိတ်ထားတစ်ခုနဲ့ သူ့ကိုယ်သူ တမင်သက်သက် ထောင်ကျအောင်လုပ်တာလို့ ကျွန်တော်က အမှန်အတိုင်း ပြောရင်လည်း ဆရာက ကျွန်တော့်စကားကို ယုံမှာမဟုတ်ဘူး ခင်ဗျာ့"

ဤနေရာ၌ ဒေါ်လှလှကြီးသည် မျက်လုံးပြူးကြီးကို ဖြဲထုတ်လိုက်ကာ

"ဘာ မောင်မောင်ရွှေက သူ့ကိုယ်သူ တမင်သက်သက် ထောင်ကျအောင် လုပ်တယ်"

mgyoe.com

mgyoe.com


ပေါ်အူးက ဤ္ကခြွေရစ္စာပင် ...

"ဟုတ်ပါတယ် ခင်ဗျာ၊ အမှန်ကို အစီရင်ခံရရင် စင်စစ်မှာတော့ ဒေါ်ဒေါ်သားလို စိတ်သဘောထား ကြီးရင့်မြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်အဖို့ ဒီကိစ္စဟာ ဒါလောက်အံ့ဩစရာရှိမယ်မထင်ပါဘူး။ ဘာပြုလို့လဲဆိုရင် ကိုမောင်မောင်ရွှေကလေးဟာ ဒေါ်ဒေါ်က ထောင်တွေအကြောင်း စာတစ်အုပ်ရေးဖို့ စုံစမ်းရအောင် သွားကတည်းက သူ့မေမေကို မွေးကျေးဇူးတစ်ခါမျှ မဆပ်ရသေးဘူး၊ မိခင်ရဲ့ ကျေးဇူးဟာ အင်မတန်မှ ကြီးတယ်။ ဘုရားတောင်မှ နို့တစ်လုံးဖိုးပဲ ကျေတယ်လို့ ပြောကြတယ်၊ သူလည်းပဲ မိခင်ရဲ့ ကျေးဇူးကို နို့တစ်လုံးဖိုး မတတ်နိုင်တောင် တစ်စက်နှစ်စက်လောက်တော့ တစ်နည်းနည်းနဲ့ တတ်နိုင်သမျှ ဆပ်မှပဲလို့ ဟောဒီကျွန်တော့်ဆရာကို ခဏခဏ ပြောနေတာ ကျွန်တော် အမြဲတမ်းလိုလို ကြားနေရပါတယ် မဟုတ်လား ဆရာ"

ဤတွင် ကျွန်တော်က အလျင်အမြန် ကောက်တဲ့၍ ...

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဟုတ်ပါတယ် အမှန်ပါပဲ"

ဟု ကမူးရှူးထိုးသံနှင့် ဝမ်းသာအားရ ကျူးရင့်ထောက်ခံလိုက်ရပါသည်။

ဒေါ်လှလှကြီး၏ မျက်နှာမှာလည်း ရုပ်ရှင်မင်းသမီးကြီး အမူအရာပြောင်းလိုက်သလို ရုတ်တရက် ရွှင်လန်းသွားပါသည်။ ပေါ်အူးက ဆက်လက်၍

"ဒါနဲ့ သူ အဲဒီလို ပြောပြောနေပြီး ဆရာ မှော်ဘီသွားတဲ့နေ့မှာပဲ ထောင်ကျခံပြီး သူ့မေမေရေးမယ့် စာအုပ်မှာ ကိုယ်တွေ့ဗဟုသုတပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ရဲကုလားတစ်ယောက်ကို နောက်ကနေ ဘေတာပါပဲခင်ဗျာ။ ကျွန်တော်ဖြင့် အံ့ဩပါရဲ့၊ ရုံးမင်းက သူ့ကို လူငယ်မို့လို့ ဒဏ်ရာကလည်း သိပ်မကြီးတာနဲ့ ၃ ရက်တည်းချတာကို သူက မကျေနပ်ဘဲ အနည်းဆုံး ၇ ရက်တော့ ချရမယ်ဆိုတာနဲ့ ရုံးမင်းကလည်း အံ့ဩပြီး သူ့စကားမလွန်ဆန်နိုင်ကြဘဲ သီတင်းတစ်ပတ်ချလိုက်တာပါ။ ဒီနေ့ဆိုရင် စေ့ပြီ၊ ဒေါ်ဒေါ် သွားကြိုဖို့ပဲ ရှိပါတော့တယ်"

ဟု ပေါ်အူးက စကားအဆုံးသတ်လိုက်သည်တွင် ဒေါ်လှလှကြီး

mgyoe.com

mgyoe.com


သည် ထိုရာမှ ငေါက်ခနဲထလိုက်ကာ ...

"ကဲ မောင်အေးဆွေ၊ ဒေါ်ဒေါ် အထင်လွဲမိတာ သည်းခံပါနော်၊ ရုတ်တရက်မို့ စိတ်ဆိုးလို့ ပြောလိုက်မိတာတွေကို တောင်းပန်ပါတယ် ကွယ်"

"ဟာ ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် ဘယ်လိုမှ မအောက်မေ့ ပါဘူး"

"မောင်ပေါ်အူးလည်း ကျေးဇူးတင်ပါတယ်ကွယ်၊ မင်း ရှင်းရှင်းလင်း လင်း ပြောပြလို့ ဒေါ်ဒေါ်သိရတာ။ ကဲ ဒေါ်ဒေါ်သွားမယ်၊ ခွင့်ပြုပါဦး"

ဟု ဆိုကာ သူ့ထိုးနှင့် ဘေးဆွဲသားရေအိတ်ကြီးကို ကောက်ယူပြီး

"ဩော် သားကလေး သားကလေး မေမေ့ကျေးဇူးကို ဆပ်ချင်တဲ့ သားလေး မင်း ဒီလိုလုပ်လိုက်တာဟာ နို့တစ်စက်ဖိုး မဟုတ်ပါဘူးကွယ်၊ နို့နှစ်လုံးပါမက၊ အစစအရာရာ အကုန်လုံး အောက်ခြေသိမ်းမကျန် ကျေ ပါတယ်ကွယ်"

ဟု နှုတ်မှ ရေရွတ်ရင်း အိမ်ပေါ်မှ ထွက်သွားတော့၏။

ပေါ်အူးမျက်နှာကား မချိုမချဉ်နှင့်။ ကျွန်တော်မူကား မနေတတ် မထိုင်တတ် ဖြစ်အောင်ပင် ပေါ်အူးကို ချီးကျူးနေမိရာမှ ...

"ဟေ့ ဒါထက် ပေါ်အူးရေ၊ ဟိုကောင်လေးက သူ့အမေကို မင်း ပြောတဲ့အတိုင်း မပြောရင် ချောက်ကျဦးမယ်ကွ"

"ဒါကို စိတ်ချပါ ဆရာ၊ ကျွန်တော်က သူ့ကို ဖြစ်မိမှဖြင့် မင့်မေမေ မျက်နှာကောင်းရအောင် ဒီအတိုင်းပြောလို့ သင်ပြီးသားပါ"

ကဲ မိတ်ဆွေ၊ ပေါ်အူးဟာ ဘယ်လောက်အကြံဉာဏ်ကောင်းတယ်၊ ပိရိစေ့စပ်ဆိုတာ သိပြီမဟုတ်လား။ ပေါ်အူး ပေါ်အူး၊ ကျွန်တော့်တပည့် ပေါ်အူး။ ကျွန်တော့်ရဲ့ Life Saver ကျွန်တော့်အသက်ကို ကယ်သောသူ။ ထို့ကြောင့်ပင် သူ့ကို လက်မလွှတ်နိုင်ဘဲ နည်းပေးလမ်းပြ လက်စွဲတော် တစ်ယောက်အနေနှင့် သူ့စကားကို အမြဲတမ်းနားထောင်၍ နေရပါသည်။

"ဟေ့ ပေါ်အူး၊ ဒီကိစ္စမှာ မင့်ကျေးဇူး ငါ့အပေါ် ကြီးလှတယ်ကွာ၊ ငါ့ဆီက မင်းလိုချင်တာကို တောင်းစမ်း"

ပေါ်အူးသည် မျက်နှာထား ခပ်ပျော့ပျော့ပြင်လိုက်ကာ ...

mgyoe.com

mgyoe.com


"ကျွန်တော် ပထမ လိုချင်တာကတော့"

"ကဲဟေ့ ပြောစမ်းဟေ့"

"ဆရာ ခင်မြမြမောင်းမောင်းကြီးကို စိတ်ထဲက ဖြတ်ပစ်လိုက်ဖို့ပဲ ဆရာ"

ကျွန်တော့်မှာ 'ပျော်နိုင်တုန်း ပျော်နိုင်သမျှ ပျော်မည်' ဟု ဆိုသည်ကို မောင်မောင်ရွှေတစ်ယောက်နှင့်ပင် အော့ကြောလန်သွားပြီဖြစ်၍ ...

"အေးဟေ့ သူ့ဓာတ်ပုံကြီးကို ရိုက်ခွဲပစ်လိုက်တော့"

"ကျေးဇူးပါပဲ ဆရာ၊ ကျွန်တော် ဒုတိယလိုချင်တာက"

"ဆိုစမ်း"

"ငွေ ၅၀ ဆရာ"

"ဟင် ငွေ ၅၀"

ပေါ်အူးမှာ ငွေကို မတောင်းစဖူး တောင်းသဖြင့် ကျွန်တော် အံ့သြ၍ သွားပါသည်။

"ဟုတ်ပါတယ်၊ ငွေ ၅၀ ဆရာ၊ ကျွန်တော် ပေးဖို့ ကတိခံထားလို့ပါ"

"ဘယ်သူ့ကိုလဲ"

"မောင်မောင်ရွှေကိုပါ ဆရာ"

"ဟေ ဘာကိစ္စကြောင့်လဲ"

"သူနဲ့ ကျွန်တော်နဲ့ အလောင်းအစားပြုထားလို့ပါ ဆရာ"

"ဘယ်လို အလောင်းအစားလဲ"

"ဆရာမရှိတုန်း သူမူးပြီး ပြန်လာတဲ့ညမှာ ကျွန်တော်က ဟေ့ မောင်မောင်ရွှေ မင်းမိုက်ရင် ဟိုရဲလုံခြုံရေးဝန်ထမ်းကို ရိုက်ဝံ့ပါ့မလား မေးတော့၊ သူက ငါရိုက်ဝံ့ရင် ငွေ ၅၀ ပေးမလားလို့ ပြန်ပြောတယ်ဆရာ၊ ဒါပါပဲ"

ကဲ မိတ်ဆွေ ပေါ်အူးရဲ့ ဆင်လုံးထွင်လုံးကို သိလောက်ပါပြီ။

ကျွန်တော်သည် အိတ်ထဲမှ ငွေတစ်ရာကို ထုတ်ကာ ...

"ရော့ဟေ့ ပေါ်အူး၊ ၁၀၀ ယူကွာ"

"ကျေးဇူးပါပဲ ဆရာ၊ ဩော် ဒါထက် မမရီရီလေးတို့အိမ်က ဒီမနက် ဆွမ်းကျွေး၊ ည ဘုရားကိုးဆူကပ်တဲ့ ဆရာ၊ လာဖိတ်ထားတယ်။ ဆရာ မနက်ထမင်းစားမိ သွားလိုက်ရင် ကောင်းမယ် ဆရာ"

mgyoe.com

mgyoe.com


"သွားမယ်၊ ရီရီလေး 'ဖေးဗရိတ်ကာလာ' ဖြစ်တဲ့ အဝတ်အစားနဲ့ ငါ့ကို ဆင်စမ်း"

"အသင့်ပါပဲ ဆရာ၊ ရုပ်အင်္ကျီကြည်ပြာနုရောင်၊ အပေါ်အင်္ကျီခိုရောင်နဲ့ ဇန်ကောက်လုံချည် ခရမ်းရင့်ရောင် အသင့်ထုတ်ထားပါတယ် ဆရာ"

ဤမျှ အလိုလိုက်၍ အကြိုက်သိတတ်သော ပေါ်အူး။

"ကျွန်တော် အလွန်ပျော်တာ ချစ်သူလေးရဲ့ အိမ်သာ"

"ဟာ ဆရာ မနံဘူးလား ဆရာ"

ကျွန်တော်သည် အဝတ်အစား ဝတ်ရင်း၊ မိမိသွားမည့်ကိစ္စနှင့် ဆီလျော်အောင် သီချင်းကျူးရင့်လိုက်သည်တွင် ရုပ်အင်္ကျီလက်ကြယ်သီးတပ်ပေးနေသော ပေါ်အူးက ကောက်၍ နောက်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ သူပြောသည့်စကား အဓိပ္ပာယ်ကို နားလည်၍ ...

"အေး မင်းပြောတာ ဟုတ်သားပဲကွ၊ ပြင်ဆိုမှပဲ"

"ကျွန်တော် အလွန်ပျော်တာ ချစ်သူလေးရဲ့ထံသာ သွားလို့သာ လည်ချင်တာ လာဒါ ဒါဒါဒါ"

❖

mgyoe.com

mgyoe.com

## သွားလုလုရျောင်း

နှစ်ဦးနှစ်ဖက် အားလုံးသောသက်သေများ၏ ထွက်ချက်တို့ကို လက်နှိပ်စက်ဖြင့် ရိုက်နှိပ်၍ ပြီးလေပြီ။

နေ့ရှိသမျှ မကောင်းမှုတွေကိုသာ ကြားနာစစ်ဆေးနေရသော တရားသူကြီးသည် တစ်ချိန်ချိန်၌ သူ့နှာခေါင်းပေါ်မှ ဒိုင်ဗင်ထိုးချတော့မည် ထင်ရသော မျက်မှန်ကြီးကို ဖောက်ထွင်း၍ ဤစစ်ချက်တို့ကို ပြန်လည်သုံးသပ်ပြီးလျှင် သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါဖြူဖြူကြီးကို ထုတ်ကာ မြက်စိမ်းစားမိသော ခွေးအိုကြီးကဲ့သို့ ချောင်းခြောက်ကြီးကို နှစ်ချက် သုံးချက်နှင့် ပဏာမ အစပျိုးလိုက်ပြီးမှ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လျက် ...

"တရားခံ အေးဆွေ၊ ဒဏ်ငွေ ငါးဆယ်ကျပ်တိတိ"

ဟု အမိန့် ချမှတ်တော်မူလိုက်လေ၏။

"အား ... ငါးဆယ်ကျပ်တိတိ၊ အိုကေ"

ကျွန်တော့်မှာ အမှုမဖြစ်စဖူး ဈေးဦးပေါက် တရားခံ ရောက်ခဲ့ရသည် ဖြစ်၍ မိမိ၏ပြစ်မှုအတွက် မည်ကဲ့သို့ အမိန့်များ ချမှတ်လေမည်နည်းဟု စိတ်စောနေမိရာ ဤမျှသော ဒဏ်ငွေလောက်သာ ကြားရသဖြင့် ဝမ်းသာအားရဖြစ်သွားလျက် အထက်ပါအတိုင်း ရုတ်တရက်ရေရွက်မိကာ ပတ်

mgyoe.com

mgyoe.com


ပတ်လှည်လှည့်ကြည့်ရင်း နံဘေးလူအုပ်ထဲမှ ပေါ်အူးကို ရှာလိုက်ပါသည်။

"ဟေ့ ... ပေါ်အူး ... ပေါ်အူး"

ကျွန်တော်၏ လက်ယာဘက်လူစု နောက်ဘက်တွင် သူ့ဆရာ အမူကို လာရောက်နားထောင်သော တပည့်ကျော်ကို မြင်ရသဖြင့် ...

"ဟေ့ ... မင်းမှာ ငွေငါးဆယ် ပါခဲ့ရဲ့လားကွ"

"ရှူး ... ရုံးခန်းထဲမှာ မဆူရဘူး"

ကျွန်တော်၏ သွက်သွက်လက်လက် လှမ်းအော်မေးမြန်းနေသည်ကို နံဘေးလူအုပ်သည် အထူးအဆန်းသဖွယ် ဝိုင်းဝန်းကြည့်ရှုနေရာမှ ရှေ့ဘက်သတ္တဝါသည် သူ့ပါးစပ်ပေါက်ကို လက်ညှိုးနှင့် ကန့်လန့်တား၍ ကျွန်တော့်ကို အမိန့်ပေးလိုက်ပါသည်။ ကျွန်တော်သည် သူ့ကို ယခုမှပင် သတိ ပြုမိသလို ကြည့်ကာ ...

"ဒါ ... ဆူတာ မဟုတ်ဘူးလေ၊ ဒဏ်ငွေ ငါးဆယ် ချတယ်ဆိုလို့ ဒဏ်ဆောင်ဖို့ ငွေတောင်းတာပဲဗျ။ ဟေ့ ... ပေါ်အူး ပါခဲ့ရဲ့မဟုတ်လား"

လူအုပ်ထဲမှတိုး၍ ကျွန်တော့်ဆီ လာနေသော ပေါ်အူးဘက်သို့ လှည့်၍ မေးလိုက်ပြန်ပါသည်။ ပေါ်အူး ပါခဲ့ရဲ့ မဟုတ်လား"

လူအုပ်ထဲမှ တိုး၍ ကျွန်တော့်ဆီ လာနေသော ပေါ်အူးဘက်သို့ လှည့်၍ မေးလိုက်ပြန်ပါသည်။ ပေါ်အူးသည် ခေါင်းညိတ်ကာ ...

"အဆင်သင့်ပဲ ယူခဲ့ပါတယ် ဆရာ"

"အိုကေ ... ပေးလိုက်စမ်းပါကွာ"

တရားသူကြီးသည် ပေါ်အူးကို ဆီး၍ကြည့်ကာ ...

"မင်းက တရားခံရဲ့ လူလား၊ သွား ... ဟိုဘက်ခန်းက စာရေးဆီမှာ ဒဏ်ငွေဆောင်လိုက်"

ဟု အမိန့်ပေးလိုက်ပြီးနောက် ရဲသားတို့အား ကျွန်တော့်လက်ကောက်ဝတ်မှ ခေတ်သစ်ရာဇဝတ်သားတို့ကို ချည်စေသော လေထီးကြိုးတို့ကို ဖြုတ်စေပါသည်။

ထို့နောက် ဥပဒေအစေခံကြီးသည် တစ်ဖက်သာ စိတ်မချမ်းသာဖွယ် အကောင်းဆုံးသော မျက်နှာကြီးနှင့် ကျွန်တော့်သူငယ်ချင်း အောင်မြသွင်ဘက်သို့ လှည့်ကြည့်ပြန်ကာ ...

mgyoe.com

mgyoe.com


"ဒီတရားခံ မိုးတိမ်တောင်။ ဒါ ... လူနာမည်လည်း မဟုတ်ဘူး၊ ဇာတ္တ သူ့နာမည် မဟုတ်ဘူး။ လွဲပြောတာ ဖြစ်ရမယ်။ ဒါပေမဲ့ ဒါက အရေးမကြီးဘူး။ သူ ကျူးလွန်တဲ့ ပြစ်မှုက အတော်ပဲဆိုးဝါးတယ်။ အလွန် အကျွံသောက်စားမူးယစ်ပြီးတော့ ပထမ တာဝန်ကျနေတဲ့ ရဲဝန်ထမ်း တစ်ယောက်ကို ရန်စတယ်။

ဒုတိယ ဝမ်းဗိုက်ကိုလက်သီးနဲ့ ထိုးတယ်။ ဒါကြောင့် တာဝန်ကျ အမှုထမ်းတစ်ယောက်ကို နှောက်ယှက်ခြင်း၊ နာကျည်းစေခြင်း၊ အမှုထမ်းရဲ့ ဝတ္တရားကို ပျက်ကွက်စေခြင်း၊ လမ်းလယ်ကောင်တွင် ရုန်းရင်းဆန်ခတ် ဆူဆူပူပူဖြစ်စေခြင်းတို့ကြောင့် ဒီနာမည်ရင်းကို မဖော်ပြသူ မိုးတိမ်တောင် ခေါ် တရားခံသည် ဒဏ်ငွေ မဖက်၊ ထောင်ဒဏ်သက်သက် အရက်သုံး ဆယ် ကျခံစေ"

"အား ... အား ... နေပါဦး၊ ဒီမှာ တရားသူကြီးမင်းရဲ့"

သနားစရာကောင်းနေသော ကျွန်တော့်သူငယ်ချင်း အောင်မြသွင် သည် သူ့ကို ရဲဝန်ထမ်းက ပြန်ဆော်သေးကြောင်း ပြောမည်လုပ်ရာ သူ့ စကားမဆုံးမီ ရှေ့ဘက်က ဖြတ်၍ "တိတ်"ဟု အော်လိုက်ပြီး တရားသူကြီး က "နောက်တစ်မှု"ဟု ဆိုလိုက်သဖြင့် အောင်မြသွင်ခမျာမှာ ခေါင်းငိုက် စိုက် ကျသွားရရှာပါတော့သည်။

ဤအဖြစ်အပျက်ကလေးကား ကျွန်တော်တို့အဖို့ အင်မတန်ဝမ်း နည်းဖွယ် ကောင်းလှပါတော့သည်။ စင်စစ် ကျွန်တော်၏ ပယောဂကြောင့် ဖြစ်ရသော်လည်း အမှန်အားဖြင့် သူငယ်ချင်းမိတ်ဆွေတစ်ယောက်အတွက် စိတ်ကောင်းသက်သက်ဖြင့် ပြုမူမိကြောင်းကို မိတ်ဆွေ အောက်ပါအတိုင်း သာ ကြည့်ရှုပါတော့။

ဤနေရာ၌ ကျွန်တော်၏ ဂုဏ်သိက္ခာကို အနည်းအကျဉ်းမျှ ထိခိုက် ချင်လျှင် ထိခိုက်ပါစေ မိတ်ဆွေအား ရင်းနှီးစွာပြောပြရလျှင် ကျွန်တော် သည် သူရာမေရယကံကို အကြိမ်များစွာ လွတ်ကင်းခဲ့သူ မဟုတ်ပါ။ သို့ ရာတွင် မူးမော်မိုက်မှား၍ ရာဇဝတ်မှုနှင့် မကင်းသော အကုသိုလ်ဒုစရိုက် တို့ကို ကျူးကျော်မိအောင်ကား ခဲယဉ်းကြီးမက ခဲယဉ်းလှပါသည်။

သို့သော် မည်သို့ပင် ဖြစ်လင့်ကစား လောကခံဆိုသော တရား

mgyoe.com

mgyoe.com

လေးစုံတို့သည် လောကသားမှန်သမျှတို့အား တစ်ယောက်မျှ မလွတ်ကင်းရအောင် ကြဲကြဲဖန်ဖန် လိုက်လံနှောင့်ယှက်တတ်သည့်အတိုင်း ကျွန်တော်ကဲ့သို့ လူအေးလူကောင်းတစ်ယောက်ကိုပင် သူတို့စွမ်းရည် ပြသရန် အခွင့်ကောင်း ကြုံကြိုက်သွားသည်ဟု ဆိုလိုက်ချင်ပါတော့သည်။

စင်စစ်လည်း ခါတိုင်းကဲ့သို့ဆိုလျှင် ကျွန်တော် ဘာမျှဖြစ်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် ၎င်းနေ့၌ ယခုခေတ်မျိုးချစ်လူငယ်တိုင်း စိတ်ဝင်စားကြသော နိုင်ငံရေးစိတ်ဓာတ်နှင့် ပတ်သက်သည့် ဝမ်းသာမှုကြီးတစ်ခုကို ကြုံကြိုက်နေတုန်းတွင် ဤလောကဓံတရားက အငိုက်ဖမ်းလိုက်ခြင်းမျှသာ ဖြစ်ပါသည်။

အကြောင်းကို ဆိုရသော် ထိုနေ့သည် (ဧပြီလ ဘယ်နှစ်ရက်နေ့လဲတော့ ကျွန်တော် မမှတ်မိတော့) အရေးပါအရာရောက်သော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေရာ။ ထိုသတင်းသည် နံနက်သတင်းစာတို့၌ ထွက်ပေါ်ပြီးဖြစ်သော်လည်း ကျွန်တော့်မှာ ဟိုတယ်တစ်ခု၌ ဘီယာသောက်ရင်း ဘီလိယက် ထိုးနေစဉ်မှ ကျွန်တော်တို့မြန်မာနိုင်ငံ၏ ညနေသတင်းစာ ခေါ်မွန်းမတည့်မီ ပြီးစီးနေသော တစ်စောင်တစ်ပဲ၊ တစ်မူးဖိုးသုံးမျိုး၊ သုံးစောင်တွဲ သတင်းစာများမှ သိရှိရတော့သည်။ သိလျှင်သိချင်း၊ "တယ်လည်း သဘောပြည့်ဝတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေပါလား" ဟု အကြိမ်ကြိမ်ရေရွတ်မိကာ ဝမ်းသာလိုက်ပုံများ ပြောစရာမရှိတော့ပါ။ ဝမ်းသာလျှင်လည်းကောင်း၊ ဝမ်းနည်းလျှင်လည်းကောင်း၊ အပြင်းအထန်သောက်သော ကျွန်တော်၏ ဝမ်းတွင်းပါဝါသနာအတိုင်း ဘီယာငှဲ့ပေးနေသော ဘွိုင်အားဝိစကီသို့ တစ်မုဟုတ်ချင်း ပြောင်းလဲစေပြီး အချိန်မည်မျှကြာအောင် မည်မျှလောက် သောက်မိသည်မသိ။ နောက်ဆုံး၌ ကျွန်တော့်စားပွဲကို စောင့်သော ဘွိုင်က ...

"ဟာ ... ဆရာ၊ လွန်ပြီဆရာ၊ ဆရာ ခါတိုင်းသောက်တာထက် အများကြီးပိုနေပြီ ဆရာ"

ဟု ဆိုမှ ကျွန်တော် သတိရသလို ဖြစ်ကာ ...

"ဟေ ... ဟုတ်လား၊ အောရိုက် အောရိုက်၊ ဒါပေမဲ့ ပေးဦးကွာ၊ ဝမ်းပက် နိဂ္ဂစ်ဝမ်းပက်"

mgyoe.com

mgyoe.com


"ဟာ ဆရာ၊ သိပ်လွန်နေလိမ့်မယ် ဆရာ"

"နိုး ... နိုး ... ဂစ်(ဗ်) မီ ဝမ်းပက်၊ သသစ်(စ်) အစ်(စ်) လတ် (စ်) ဝမ်း ဖော်မီ၊ ဘော ... ဝေါ"

ထို့နောက်၌ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် မမူးဘူးကွ၊ ခြေလှမ်း မမှားဘူးကွ ဟူသော အမူအရာဖြင့် ပြုံးစိစိ မျက်နှာလုပ်ကာ ဆိုင်ပြင်သို့ ထွက်ခဲ့ပြီး ဆူးလေဘုရားလမ်းအတိုင်း ပလက်ဖောင်းပေါ်မှ လူတောထဲ တိုး၍ လမ်းလျှောက်ခဲ့ပါသည်။

ရုပ်ရှင်ရုံများအောက်မှ ဖြတ်၍ ကွန်တီနင်တယ်ဒေါင့်သို့ ရောက်သောအခါ သတင်းစာရောင်းသူ ချာတိတ်ငယ်တစ်ယောက်၏ ပါးစပ်မှ သတင်းစာ အော်ရောင်းသံကို ကြားရပြန်သဖြင့် ထပ်မံဝမ်းသာလာပြီး ထပ်မံသောက်ချင်စိတ် ပေါ်လာသောကြောင့် လက်ဝဲဘက်လမ်း ချိုး၍ တာဟု ဟိုတယ်ဘက်သို့ စုန်ခဲ့ပါသည်။ ဆိုင်ဝသို့ ဝင်မိလျှင်ပင် ကျွန်တော် အကြီးအကျယ် ဝမ်းသာသွားရသည်ကား ကျွန်တော့်သူငယ်ချင်း အောင်မြသွင် တစ်ယောက်တည်း စားပွဲတစ်ခုခု၌ ဝီစကီပုလင်းကြီးတစ်လုံးနှင့်အတူ တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။

"ဟား ... ဟလို ... ဟလို ... အောင်မြသွင်၊ မင်း တစ်ယောက်တည်း လား"

ဟု ပြေး၍ဖက်တော့ခမန်း နှုတ်ဆက်လိုက်ပါသည်။ သို့သော် အောင်မြသွင်မှာ ကျွန်တော့်ကို ဤနေရာမျိုး၌ တွေ့ရ၍မှ ဝမ်းမသာနိုင် သောအမူအရာဖြင့် ကျွန်တော့်ဘက်သို့ အေးစက်စက်ကြီး လှည့်လိုက်ကာ

"လာဟေ့ ... အေးဆွေ၊ အေးကွာ တစ်ယောက်တည်းရယ်"

ဟုဆိုပြီး အရက်ဖန်ခွက်ပေါ် မျက်နှာငုံ့၍ ခေါင်းကုတ်နေပါသည်။ ကျွန်တော်က သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရင်း ...

"ဟေ့ကောင် မင်းက အစာငတ်နေတဲ့ ခွေးအိုကြီး ပြာပုံထိုင်မှိုင်နေ တာလို ဘာဖြစ်နေတာလဲကွ"

သူသည် လေးလေးမှန်မှန်နှင့် ...

"အေးဆွေ၊ ကြုံတွေ့ရတော့မယ့် အန္တရာယ်တစ်ခုအကြောင်းကို ငါတို့ စဉ်းစားဉာဏ်ကျယ်သူပီပီ အတွေးဖြန့်ပြီး ထိုးထွင်းသိရှိမှုကြောင့်

mgyoe.com

mgyoe.com


မွှာခနဲ မွှာခနဲ ဖွာထွက်လာတဲ့ ကြိုတင်မျှော်လင့်ခြင်းသောကတွေဟာ တစ်စစီတစ်စီ အစိုင်အခဲကြီး ဖြစ်ဖြစ်လာပြီး ဟော့ဒီရင်ခေါင်းထဲမှာ အသည်းနှလုံး ကို ဗဟိုပြုပြီး ခြတောင်ပို့တက်သလို တက်နေပြီဆိုမှဖြင့် တစ်နေ့တခြား ဒီရေလားကဲ့သို့"

"ကဲ ... ဟော့ကောင်၊ ရှည်ဝေးတော်မူလိုက်တာကွာ။ လိုရင်းပဲ တိုတို နဲ့ ပြောပါတော့"

အောင်မြသွင်မှာ သူ့အဒေါ် အပျိုကြီးတစ်ယောက်၏ ထောက်ပံ့မှု ကို မှီတင်းနေထိုင်ရသော အလုပ်လက်မဲ့ အလွမ်းဝတ္ထုစာရေးဆရာပေါက် စနကလေးဖြစ်၍ သူ စကားပြောလျှင် သူ့ဝတ္ထုထဲရေးရန် တွေးထားသော စကားလုံးတို့ကို ရေးကြီးခွင့်ကျယ် ဖွဲ့နွဲ့ပြောဆိုတတ်သူ ဖြစ်ခြင်းကြောင့် ကျွန်တော်မှာ သူ့စကားကို မစောင့်နိုင်ဘဲ၊ လိုရင်းကို ဖြတ်မေးလိုက်ခြင်း ဖြစ်ပါသည်။

အောင်မြသွင်မှာ ဝတ္ထုရေးကောင်းနေတုန်း နှောင့်ယှက်ခြင်းခံရ သော အလွမ်းစာရေးဆရာများ၏ မျက်နှာမျိုး ဖြစ်သွားကာ ...

"မင်းက စာပေနဲ့ဝေးတဲ့အ ကောင်ဆိုတော့ မင့်ပြောရတာဟာ ကျွဲပါး စောင်းတီးသလိုပါပဲကွာ။ ဘာမှ စကားလုံး အရသာကို ခံနိုင်တာမရှိဘူး"

"အေးကွာ ထားပါတော့။ ထပ်ရှည်မနေနဲ့ဦး။ လိုရင်း ပြောစမ်းပါ ကွာ"

"ကဲ ... မင်းနားလည်အောင် လိုရင်းတိုတိုနဲ့ ပြောရရင်တော့ ငါ့မှာ တစ်သက်တာမှာ အခက်တကာတို့၏ အမေ့လင်ခေါ်လောက်တဲ့ ချောက် ပေါက်တိုးမှုကြီးကို မလွဲနိုင်မရှောင်နိုင်အောင် ရင်ဆိုင်တိုးနေရပြီကွ"

"အေးကွာ ... အဲသလို ပြောလိုက်တော့လည်း ပြီးလွယ်တာပါပဲ။ ဘယ်လို ချောက်ပေါက်များတုန်း"

"ဟိုကွာ ... မြောင်းမြမှာ ငါမသွားချင်ဆုံး၊ ငါမတွေ့ချင်ဆုံး၊ ငါ အစက်ဆုတ်ဆုံး၊ ငါအကြောက်ဆုံးဖြစ်တဲ့ အိမ်သားတစ်စုနဲ့အတူ အနည်း ဆုံး တစ်လတိတိသွားနေရဖို့ ငါ့အဒေါ်ဆီက မလွဲမရှောင်နိုင်တဲ့ အမိန့် ရောက်လာတယ်ကွ"

"အို ... မင်းနှယ် ဘာခက်သလဲကွာ။ မင်းလည်း စာရေးဆရာပဲ၊

mgyoe.com

mgyoe.com

တစ်ခုခု အကြောင်းပြပြီး ငြင်းလိုက်တာပေါ့ကွ"

"ဒါကို မင်းမပြောခင် ငါသိပါတယ်ကွာ။ ဒါပေမဲ့ ဒီကိစ္စက ငါ့အကြောင်းနဲ့ ပြန်ပတ်တာဖြစ်နေလို့ ဘယ်လိုမှ ငါထပ်ပြီးအကြောင်းမပြနိုင်တော့ဘူးကွ"

"ဟင် ဘယ်လိုတုန်း"

"ဒီလိုကွာ နောက် ၅ ရက်လောက်တော့ ငါ့အဒေါ်က သူတို့ ရေကူး၊ ကန်ဘဲ့မှာ တည်ထားတဲ့ ဆယ်တောင်ထွာ ဘုရားအတွက် အလှူခံထွက်တဲ့အခါ ဒိုးပတ်ဝိုင်းမှာ သီချင်းဆိုဖို့ ငါ့ကို ခေါ်တယ်ကွ"

"မင်းက အဆို တော်တော်ကောင်းလို့လား၊ အရင်တုန်းက ဆိုဖူးသလား"

"သင်္ကြန်တွင်းတုန်းက တစ်ခါ ဆိုဖူးတယ်ကွာ၊ ကောင်းမကောင်းတော့ ငါ့ဟာငါ မသိဘူး။ အဲဒီတစ်ခါ ဆိုမိတာနဲ့ ငါ့ကို ခင်မင်တဲ့လူတွေက သူတို့နဲ့ နောက်ဆက်ပြီး မိတ်ဆွေဖြစ်နေချင်သေးရင် နောက်ထပ် ဘာသီချင်းမှ မဆိုဖို့ကို တားကြတယ်ကွ"

"ဟင် ... ဒါဖြင့် မင့်အဆိုက ရစရာမရှိအောင် ဆိုးပုံပေါ်တယ်ကွ၊ ဒါနဲ့ မင့်အဒေါ်ကတော့ ဘာပြုလို့ ထပ်ဆိုဖို့ ခေါ်နေတာလဲ"

"သူက နားထိုင်းကြီးကွာ၊ ငါဆိုတဲ့အသံ ကြားတာလည်း မဟုတ်ဘူးကွ၊ အခုဘုရားကိစ္စမှာတော့ ဒီဘုရားပွဲကို မနာလိုတဲ့လူတွေက 'ခင်ဗျားတူ အဆိုကောင်းတယ် ဘာညာ'နဲ့ ခြေထိုးတာနဲ့တူတယ်ကွ"

"အေး ... ဒါနဲ့ မင်းက ငြင်းလိုက်ကရောလား"

"ငါ့အဒေါ်ကို ငါငြင်းလို့ ဘယ်ရမလဲကွာ။ သူ ကျေနပ်လောက်အောင် အကြောင်းပြရတယ်ကွ၊ အဲဒီအကြောင်းပြချက်က ငါ့ပြန်ပတ်နေတာပေါ့ကွ"

"မင်းက ဘယ်လို အကြောင်းပြလိုက်လို့လဲ"

"ဟာကွာ ငါ့မှာလည်းပဲ စာရေးဆရာရူး ရူးနေတာနဲ့ ကြံကြံဖန်ဖန်နာမည်ကောင်းရအောင် လည်ဆယ်လိုက်ရတယ်ကွ"

"ဘယ်လိုတုန်း"

"ဒီလိုကွာ မြောင်းမြကို သွားရမယ်၊ သွားတယ်ဆိုရင် ဟိုမှာ အနည်း

mgyoe.com

mgyoe.com

ဆုံးတစ်လတော့ ကြာမယ်။ ဒါကြောင့် ဟိုဘုရားပွဲမှာ လာပြီး သီချင်းဆို ဖို့ကို ခွင့်လွှတ်ပါလို့ စာနဲ့ ရေးပြောလိုက်မိတယ်ကွ။ အဒေါ်ဆီက ဘယ်လို စာပြန်လာသလဲဆိုတော့ 'ငါ့တူရဲ့ အလုပ်အကိုင်နဲ့ အကြံဉာဏ်ကို အဒေါ် အင်မတန် သဘောကျပါတယ်။ ဘုရားအတွက် သီချင်းဆိုရအောင် မလာ ချင်နေပါ။ ဟိုရေးမယ့်ဝတ္ထုအတွက် မြောင်းမြကိုဖြင့် မသွားဘဲ မနေပါနဲ့၊ ဟိုရောက်လို့ရှိရင် အဒေါ်ရဲ့မိတ်ဆွေ စက်ရှင်မင်းကြီး ဦးဒေါင်းဝိုင်းရဲ့ အိမ် မှာ တည်းပါ။ သူတို့ဆီကို မရောက်တာလည်း ကြာပြီ၊ အဒေါ်က မင်း လာပြီး အနည်းဆုံး တစ်လလောက် နေလိမ့်မယ်ဆိုတဲ့အကြောင်းကို စာရေး လိုက်ပြီ သူတို့ မျှော်လင့်နေကြလိမ့်မယ်။ သွားဖြစ်အောင်သွားပါ ငါ့တူ။ မင်းအတွက် အဒေါ် စီမံထားတဲ့ကိစ္စလည်း ရှိတယ်လို့ စာပြန်လာတာပဲကွ"

"ငါကတော့ အစဦးရမ်းသမ်းပြီး ဖြီးလိုက်တာကွ။ အဲဒီမြောင်းမြမှာ စက်ရှင်မင်းကြီး ဦးဒေါင်းဝိုင်းတို့ အိမ်သားတစ်စု ရှိတယ်ဆိုတာကိုလည်း သတိမပြုမိဘူးကွ။ မပြုမိဆို သူတို့နဲ့ငါနဲ့ အတူနေခဲ့တာက ငါကလေး တုန်းကကိုးကွ။ အခုမှ သူတို့အိမ်သွားနေရမယ်လည်းဆိုရော ငါဟိုတုန်းက ဟာတွေ တွေးပြီး လူကို သေချင်ပက်လက်ကို ဖြစ်သွားတာပဲကွာ။ တောက် အကုသိုလ်များ ဝင်ချင်တော့"

အောင်မြသွင်သည် သူ့စကားအဆုံး၌ တောက်တစ်ချက် ခေါက်ပြီး သက်ပြင်းကို ချလိုက်ပါသည်။ ကျွန်တော်သည် သူ၏မရှုနိုင်မကယ်နိုင် မျက်နှာကို ကြည့်၍ ...

"သူတို့ အိမ်သားတွေက မင်းအပေါ် ဒါလောက်ပဲ ဆိုးသလားကွ"

"ဆိုးတာတော့ မပြောနဲ့ဟေ့။ ငါ သူတို့နဲ့နေတုန်းက ဆယ်နှစ်သား မှာ နေဖူးတာ။ အခုငါ့အသက် အစိတ်ဆိုတော့ ၁၅ နှစ်တောင် ရှိသွားပြီ။ အဲလောက် ကြာနေတာတောင်မှ သူတို့အိမ်သားနာမည် ကြားလိုက်တာနဲ့ ငါ့အသည်းနှလုံး တုန်သွားတာပဲကို မင်းထောက်ကြည့်တော့ကွာ။ အခုဆို သာဆိုးဦးမယ်။ ဘာပြုလို့လဲဆို သူတို့အိမ်မှာ အခုရှိနေတာက တစ်ယောက် နဲ့ တစ်ယောက် စိတ်ပျက်နေတဲ့ လင်စုံမယားဖက် ရှိတယ်။ မုဆိုးမရှိတယ်။ အပျိုကြီးရှိတယ်။ တစ်ခုလပ်ရှိတယ်။ အပျိုစစ်စစ်ရှိတယ်"

ကျွန်တော်က ဖြတ်၍ ...

mgyoe.com

mgyoe.com


"အို ... မင်းဟာက သေချာလှခြည်လားကွ၊ ဘယ်နှစ်နှစ် သမီးမို့လဲ"

"ငါ့ထက် တစ်နှစ်ပဲ ငယ်တယ်"

"အို ... ဒါနဲ့ အသက်နှစ်ဒါဇင် ရှိနေတာကြီးပဲ။ အပျိုစစ်စစ်လို့ ဆိုနိုင်သလားကွ"

"ဟ ... ခေတ်ပညာတတ်တယ်၊ စဉ်းစားဉာဏ် အလိမ္မာ အင်မတန်ကြီးတယ်။ နို့ပြီး အမျိုးသမီးကိုယ်လက်ကြံ့ခိုင်ရေးမှုး။ ဗန်တိုဗန်ရှည်၊ ဓားသိုင်း၊ တုတ်သိုင်း တတ်တယ်ကွာ။ ဒီလိုမိန်းမမျိုးမှ လင်မယူခင် အပျို မစစ်ရင် ဘယ်မှာ အပျိုစစ်ရှိတော့မှာလဲကွ"

"အေး ဒီလိုတော့လည်း မင်းပြောတာ ဟုတ်တယ်။ မင်းနဲ့သူနဲ့ ကြီးမှ တွေ့ဖူးလို့လား"

"မတွေ့ဖူးပါဘူးကွာ၊ သူတို့ ဆွေကြောင်းမျိုးကြောင်း စာနဲ့ရေးကြွားကြတာတွေပဲ ဖတ်ရတာပဲ။ နို့ပြီး သူတို့အိမ်မှာ ဘုန်းကြီးလူထွက်နဲ့ ရသေ့မ ယောင်ယောင်လည်း ရှိတယ်ကွ။ အို စုံလို့ကွာ၊ သူတို့မှာ အိမ်ကြီးကကြီး၊ လူတွေကများ၊ တစ်ယောက်နဲ့တစ်ယောက် ကိုယ်တွေ့အဖြစ်အပျက်ချင်းက မတူကြ၊ တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းကွဲ။ အဲဒီအိမ်ကြီးမှာ ပျော်စရာဆိုလို့ ကြောင်နဲ့ခွေး ကိုက်တဲ့အသံ ကြားရတာကမှ နားထောင်ကောင်းတယ် ထင်ရသေးတယ်ကွ။ အဲဒီလောက်ပါပဲကွာ"

ဟု လေးလေးကြီး ညည်းညူလိုက်ပြီး သူ့ရှေ့ဖန်ခွက်ထဲက ဝီစကီများကို သူ့ဗိုက်ထဲသို့ တကျိုက်ကျိုက်နှင့် သွတ်သွင်းလိုက်ပါသည်။

မိတ်ဆွေ သူငယ်ချင်းများအတွက် ကိုယ်ချင်းစာတတ်သော ကျွန်တော်လည်း သူ့အတွက် စိတ်မကောင်းဖြစ်မိကာ ကျွန်တော့်ရှေ့၌ ဘွိုင်လာချထားသော ဖန်ခွက်ကို မော့ချလိုက်ပါတော့သည်။ ပြီးမှ "အား မင့်ဟာက အတော်ဆိုးတာပဲကွ"

"ဆိုးဆို မပြောနဲ့တော့ သူငယ်ချင်း၊ ငါ့ မျက်စိထဲမှာ ကမ္ဘာကြီးတစ်ခုလုံးဟာ ညိုမှိုင်းရာက အုံ့မဲပြီး ယိမ်းယိုင်ကွဲအက်နေလို့ လေပြည်သွေးတာမှ ငါမအေးတော့ဘူး။ လေနုအေး နှော့တာမှ ငါမကြော့တော့ဘူး။ ကောင်းကင်ကြီးပြာတာမှ ငါမသာတော့ဘူး။ ကြယ်တွေ ပြုံးတာမှ ငါ"

သူ့စကားသူ စာလုံးမထပ်အောင် မသုံးနိုင်သဖြင့် ရပ်လိုက်ဟန်တူ

mgyoe.com

mgyoe.com


ပါသည်။ ထိုမှ တစ်ခဏ၌ ကျွန်တော်တို့သည် နောက်ထပ်ထည့်ပေးထား သော ပယင်းရောင်ဖန်ခွက်များကို စူးစူးစိုက်စိုက်ကြည့်ကြကာ ဝမ်းနည်း သော အထိမ်းအမှတ်ဖြင့် နောက်ထပ် ဘာမျှမပြောတော့ဘဲ အာလူးကြော် ကို တချွတ်ချွတ်ဝါးရင်း အသီးသီးဆိတ်ငြိမ်တွေဝေ၍ နေကြပါသည်။

ကျွန်တော် ကျွန်တော် ကျွန်တော့်ကိုယ်ကျွန်တော် တစ်ခါတစ်ရံ၌ အကြီးအကျယ်အံ့သြခြင်း ဖြစ်ရပါသည်။ ယခင့် ယခင်တုန်းကလည်း တစ်ကြိမ့် တစ်ကြိမ်၌ ကျွန်တော့် ဦးနှောက်ထဲမှ စွတ်စွတ်ရွတ်ရွတ် အကြံ ကောင်း ဉာဏ်ကောင်းများ ထွက်လာတတ်သည်ကို သတိပြုမိပါသေး သည်။ ယခုလည်း အရက်ထည့်ဖန်ခွက်ကို ကြည့်ရှုနေရာမှ ရုတ်တရက် ချက်ချင်း အောင်မြသွင်အတွက် အကြံကောင်းတစ်ခု ဗက်ခနဲ ထွက်လာပါ သည်။ သို့ရာတွင် ဟိုစာရေးဆရာကြီး စိတ်ကြိုက်ကို ဟုတ်တိုင်းမှန်ရာ ဝန်ခံရလျှင် ဤအကြံဉာဏ်မှာ ကျွန်တော့်ကိုယ်ပိုင်ဉာဏ် သက်သက်မဟုတ် ပါ။ ကျွန်တော့်တပည့် ပေါ်အူးထံမှတစ်ဆင့် ကူးယူရရှိခြင်း ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်သူငယ်ချင်းအတွက် ဝမ်းသာလှသည်နှင့် သူ့ လက်မောင်းကို ဖျတ်ခနဲ လှမ်းပုတ်လိုက်ကာ ...

"ဟေ့ အောင်မြသွင်၊ မင်း မြောင်းမြကို မသွားချင်ဘူး မဟုတ်လား"

သူသည် ကျွန်တော်က ပုတ်လိုက်သဖြင့် ငိုင်နေရာက လန့်သွားပြီး ကျွန်တော့်ကို အံ့သြသလို မော့ကြည့်ကာ ....

"မင်းကလည်းကွာ ကျားကိုက်ပါတယ်ဆို သွေးထွက်သလား၊ ဝန် ကြီး လာပါတယ်ဆို သက်တော်စောင့်တွေနဲ့ပါလားလို့ပဲ မေးနေပြန်ပါပြီ။ မသွားချင်ဘူးကွ၊ မသွားချင်ဘူး။ ဟို အိမ်သားတွေနဲ့ နေရမှာထောင်ကျ တာက ကောင်းပါသေးတယ်ကွာ"

သူ့စကားမှာ ကျွန်တော့်စိတ်ကူးနှင့် အံကိုက်ဖြစ်နေသောကြောင့်

"ဟေ့ ဟန်ကျပြီ၊ သောက် ... သောက် မူးအောင်သောက်စမ်းကွာ"

"အို မင်း မပြောလည်း မင်းနဲ့မတွေ့ခင်ကတည်းက ငါတစ်ယောက် တည်း သောက်နေတာကွ"

"ကဲ ပိုပြီး သောက်လိုက်စမ်းကွာ၊ ဟေ့ ခရစ်(စ်)နား နောက်ထပ် ဝီစကီပိုဒ်တစ်လုံးနဲ့ ပို့(က်)ချော့ နှစ်ပန်းကန် ယူခဲ့စမ်းကွာ ..."

mgyoe.com

အကြောင်းမူကား ကျွန်တော်၏အကြံဉာဏ်မှာ မန္တလေးက စာရေးဆရာမ ရွှေမန်းလှလှကြီး၏သား မောင်မောင်ရွှေအား ထောင်လှောင်နေဖြစ်အောင် ပေါ်အူးက ကြံလိုက်သော နည်းအတိုင်းဖြစ်၍ အောင်မြသွင်ကို အပြင်းအထန်မူးအောင် တာဟုာဟိုတယ်မှ ကျွန်တော့်လက်စွဲတော် ဘွိုင်ကုလားကလေး ခရစ်(စ်)နားအား နောက်ထပ်အရက်နှင့် ဝက်သားပြားပြုတ်ကျော် မှာလိုက်ခြင်း ဖြစ်ပါသည်။

ဤမျှဆိုလျှင် ကျွန်တော်တို့ နောက်ထပ် မည်သို့မည်ပုံ ဖြစ်ကြသည်ကို မိတ်ဆွေ ရိပ်မိလောက်ပါပြီ။ သည့်ထက်ပို၍ အတိအလင်းနှင့် အတိုချုပ် ဖော်ပြရသော် အတော်ကြီးမူးမှ ကျွန်တော်တို့နှစ်ယောက် ဆိုင်ထဲကထွက်၊ လမ်းမရောက် လမ်းလျှောက်ရင်းနဲ့ အောင်မြသွင်ကို ရဲတစ်ယောက်နှင့် ရန်တိုက်ပေး၊ အောင်မြသွင်က မူးယစ်စိတ်ညစ်ကြီးနှင့် နင်းကန်ထိုး၊ အချုပ်ခန်းရောက်၊ နောက်တစ်နေ့ အမှုစစ်၊ ကျွန်တော်တော့ အားပေး အားမြှောက်ပြုမှု ဒဏ်ငွေ ၅၀။ သူ့တော့။

ကျွန်တော်ကား ယခု ဒဏ်ငွေ ၅၀ ဆောင်လိုက်၍ သွားနိုင်ပေပြီ။ ကျွန်တော့်သူငယ်ချင်း အောင်မြသွင်မှာကား ထောင်ဒဏ်သက်သက်မျှဖြစ်သောကြောင့် မည်သို့မျှ မတတ်နိုင်တော့ပါ။ မနေ့က ကျွန်တော် မူးမူးရူးရူးနှင့် ကြံမိလိုက်၍ ယခုမှ ကျွန်တော့်သူငယ်ချင်းအတွက် ကျွန်တော်ဝမ်းနည်းမိတော့သည်။ သို့သော် နောက်မှနောင်တရ၍ တန်ဖိုးမရှိတော့ပြီ။ သူ၏ ပြောစရာရှိသောစကားနှင့် မှာကြားစရာရှိသည်ကို မှာကြားရန် အာဏာပိုင်အား ခွင့်တောင်း၍ ကျွန်တော် သူ့ဆီ သွားပါသည်။

အောင်မြသွင်မှာ အချုပ်ခန်းထဲတွင် သူ့လက်ခုပ်နှစ်ခုထဲ၌ မျက်နှာကို ထည့်လျက်။

"ဟေ့ သူငယ်ချင်း အောင်မြသွင်"

"ဘာလဲ အေးဆွေ၊ ငါ့ဘဝဟာဖြင့် ဆုံးပါးပြီပေါ့"

သူ့ခမျာ ကျွန်တော် ထင်သည်ထက်ပင် ဝမ်းနည်းပက်လက်ဖြစ်နေလျက် အလွမ်းစာရေးဆရာပီပီ ငိုနေပါသည်။

ကျွန်တော်က သူ စိတ်သက်သာရာ ရအောင် ...

"အို ဒါလောက် မင်းဂုဏ်ကို မထိခိုက်ပါဘူးကွာ။ မင်းက နာမည်

mgyoe.com

m gyoe.com


မဟုတ်တဲ့ မိုးတိမ်တောင်ဆိုတဲ့ ဘယ်လူမှမသုံးတဲ့ နာမည်ကြီးကို ပြော ထားတာပဲကွ"

မိုးတိမ်တောင်မှာ စာရေးဆရာပေါက်စနတစ်ကောင်က ကလောင် နာမည်အဖြစ် ရွေးချယ်ထားပြီးမှ သူ့မိတ်ဆွေများက 'အလကား ဒီ နာမည်က ထောင့်တောင့်တောင့် အောင့်တောင့်တောင့်ကြီး"ဟု ဆိုသည် နှင့် မသုံးဘဲ ပစ်ထားရသော စာရေးဆရာနာမည်ကြီး ဖြစ်ပါသည်။

"အဲဒီတော့ ဒီနာမည်ကြီးနဲ့ သတင်းစာတွေထဲ ပါသွားတော့ကော ဘာအရေးကြီးသလဲကွာ ငါ့မှာသာ မင့်လို ရုတ်တရက်ဉာဏ်မကောင်းလို့ နာမည်အမှန်ကို ပြောမိတာ"

အောင်မြသွင်သည် ကျွန်တော် ပြောသည်ကို သဘောမကျသလို ခေါင်းကုတ်ပြီး ...

"အို ငါက ဒီသတင်းစာတွေထဲ ပါမှာကို သောက်ဂရုစိုက်နေတာ မဟုတ်ဘူးကွ။ မြောင်းမြက ဦးဒေါင်းဝိုင်းတို့အိမ်ကို ငါ့အဒေါ် ခိုင်းတဲ့ အတိုင်း သွားမနေနိုင်တာက အခက်ဆုံးကွ"

ကျွန်တော် ရုတ်တရက် အံ့ဩသလို ဖြစ်သွားကာ ...

"ဟေ့ မင်းက မနေ့ကပြောတော့ အဲဒီကို မသွားချင်ဘူးဆို"

အောင်မြသွင်သည် ကျွန်တော့်ကို မနှစ်မြို့သလို ကြည့်ကာ ...

"ဟေ မင်းက တယ်နားအူနားလည် နိုင်တဲ့အကောင်ပဲကွ၊ ငါမသွား ချင်တာ အမှန်ပဲ၊ ဒါပေမဲ့ မသွားချင် မနေရဘူး။ ငါ့အဒေါ်အမိန့်နဲ့ သွားနေ မှဖြစ်မယ်၊ အခု ငါမသွားနိုင်တော့ဘူး။ ဒီအမှုနဲ့ ထောင်ကျနေတာကို ငါ့ အဒေါ်သိရင် ငါဘယ်လောက် ဒုက္ခရောက်တော့မလဲ၊ မင်းစဉ်းစားကြည့် တော့။ ငါ့အဒေါ် အပျိုကြီးသဘောလည်း မင်းအသိသားပဲ၊ ငါ့ကို စိတ် ဆိုးပြီဆိုရင်တော့ ငါတော်ပြီး သေရုံပဲ။ ငါ ဝတ္တုရေးလို့လည်း ပိုက်ဆံကောင်း ကောင်းရသေးတာ မဟုတ်ဘူး။ ငါ ထောင်ကျနေတာ ငါ့အဒေါ် သိရင်ဖြင့်"

"ဟေ မသိနိုင်ပါဘူးကွာ၊ အခုဟာက မင်းနာမည်အရင်းနဲ့မှ မဟုတ် ဘဲကွ"

"အခု မသိကောကွာ၊ နောက် မြောင်းမြက ငါလာမယ်ဆိုပြီး မလာ တဲ့ အကြောင်းကို စာရေးလိုက်တော့"

mgyoe.com

mgyoe.com


ဤနေရာ၌ ကျွန်တော် သူ၏ ရှေ့ဖြစ်နောက်ဖြစ် ချောက်ပေါက်တို့ကို မြင်ပါပြီ။ စင်စစ် ကျွန်တော်၏ ပယောဂကြောင့် ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးထိုးကောင်းလွန်းလို့ တကယ့်ကြောင်မှတ်ပြီး ခွေးလိုက်ကိုက်" ဆိုသော အခြေသို့ ရောက်နေချေပြီ။

ကျွန်တော်မှာ သူ့အတွက် စိတ်လေးလေးနှင့် ခေါင်းကုတ်မိကာ ...

"ဟေ ... ဟုတ်တယ်၊ မင့်ကိစ္စဟာ မလွယ်ဘူး၊ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်၊ ဒီအရေးဟာ ငါတို့ရဲ့ အကြံဉာဏ်နဲ့ မပြီးနိုင်တော့ဘူး။ ဦးနှောက်ဘုရင်ဖြစ်တဲ့ ငါ့တပည့်ပေါ်အူးကို ကြံခိုင်းမှပဲ၊ ကဲ မင်းပြောစရာမှာစရာရှိတာတွေကို ပြောလိုက်ပေတော့"

ထို့နောက်၌ ကျွန်တော်သည် အိမ်သို့ ပြန်ရောက်ခဲ့ပါတော့သည်။ မနေ့ကလည်း အလွန်အကျွံမူး၊ ညကလည်း အချုပ်ခန်းထဲ၌ ကောင်းစွာ အိပ်မပျော်သဖြင့် လူမှာ နုံပြစ်ပြစ်ကြီးနှင့် ဇက်မှ မထူနိုင်အောင် အားနည်း၍နေပါသည်။ သို့ရာတွင် တုံးလုံးမှူ မလှဲနိုင်သေးဘဲ ပေါ်အူးကို ခေါ်ပြီး ကျွန်တော်တို့ အခက်အခဲပြဿနာကို ပြောပြရပါသည်။

"အား ... ဟေ့ ပေါ်အူး"

"ဆရာ"

"လာစမ်းကွာ၊ မင့် ငါပြောစရာတွေ အများကြီးရှိတယ်"

"ပြောပါ ဆရာ"

"အား ... မပြောခင် ငါ့ဇက်လေးလှတယ်ကွာ၊ ဆိုဖာပေါ်မှာ ထိုင်နေရင်းနဲ့ ခေါင်းချလို့ရအောင် ငါ့ဇက်အောက်က ခေါင်းအုံး ခံပေးစမ်းကွာ။ အဲ ... ဟုတ်ပြီ ဟုတ်ပြီ၊ ကဲ မင်း ငါ့ရှေ့ကို လာတော့ သေသေချာချာ နားထောင်စမ်းကွာ"

"ကောင်းပါပြီ ဆရာ"

"မင်း အခုအချိန်မှာ အတော် ဦးနှောက်ကြည်ကြည်လင်လင် ရှိရဲ့လားဟေ့"

"ရှိပါတယ် ဆရာ"

"ဒီ ပြဿနာက တယ်မလွယ်လှဘူးကွယ်။ ဒီကိစ္စက ငါ့ပယောဂကြောင့် ဖြစ်နေတယ်။ ဒီတော့ မင်းအကောင်းဆုံး ကြိုးစားရမယ် ဟေ့"

mgyoe.com

mgyoe.com


"ကြိုးစားပါ့မယ် ဆရာ"

"စ ပြောရမှာက ဘယ်က စရမလဲတောင် ငါမသိဘူး။ သြော–ဒီလိုဟေ့၊ အခု ရုံးမှာ ငါတို့စစ်ချက်ခံခဲ့တဲ့အတိုင်း အောင်မြသွင်က ပုလိပ်ကို ထိုးတာနဲ့ ငါ့ကို ဒဏ်ငွေ ၅၀၊ အောင်မြသွင်ကို ထောင်တစ်လ ချတာတော့ မင်း သိခဲ့ပြီးပြီ မဟုတ်လား"

"သိခဲ့ပါပြီ ဆရာ"

"ကဲ ဒါဖြင့် အခု မျက်မြင်အတိုင်း ငါကတော့ လွတ်လာခဲ့ပြီ၊ ငါ့သူငယ်ချင်းမှာတော့ ထောင်တစ်လကျရုံမက နောက်ဆက်တွဲ ထမင်းငတ်ဖို့ အပေါက်ကြုံနေပြီကွ"

"ဟင် ဘာပြုလို့လဲ ဆရာ၊ ထောင်သားတွေ အစာငတ်ခံတဲ့ အပတ်နဲ့ ကြုံနေလို့လား ဆရာ"

"အို ... မဟုတ်ဘူးကွ မဟုတ်ဘူး၊ သူ့အဒေါ်က စိတ်ဆိုးမှာကြောင့်ကွ"

"ဟင် ထောင်ထဲလိုက်ပြီး စိတ်ဆိုးမှာလား"

"အို ... မဟုတ်ဘူးကွ၊ ဒီလိုဟေ့ ... ဒီလို မင်း ငါပြောနေတဲ့အခါမှာ ဘာမှ လိုက်မမေးနဲ့၊ ဖြတ်မပြောနဲ့ ငါ့နားတွေအူနေပြီး ထွေးထွေးသွားတယ်။ ဟုတ်ကဲ့တွေ ကောင်းပါပြီတွေလည်း မလုပ်နဲ့၊ ငါ ပြောတာကို သာ ငြိမ်ပြီး နားထောင်။ မင်း နားလည်ရင် နားလည်ကြောင်း ခေါင်းသာ ညိတ်ပြ သိလား"

"ဟုတ်ကဲ့ ဆရာ"

"ဟာ လုပ်ပြန်ပြီ၊ ခေါင်းသာ ညိတ်ပြပါဆိုနေ"

"ဟာ ဘွာ ဆရာ၊ ဘွာဘွာ"

"ကဲ ကောင်းပြီ၊ မင်း ပထမသိထားရမှာက အောင်မြသွင်ဟာ စာရေးဆရာဆိုပေမဲ့ သူ့မှာ ဝင်ငွေမရှိဘူး။ သူ့အဒေါ်တစ်ယောက်ရဲ့ ပေးကမ်းထောက်ပံ့မှု အပေါ်မှာ အမှီသဟဲပြုနေရတယ်။ အဲဒီ သူ့အဒေါ်ဟာ ရေကူးမှာနေတယ် အပျိုကြီး၊ နာမည်က ဒေါ်မွေးအုံတဲ့။ သူ့ခြံနဲ့ဝင်းနဲ့၊ အသီးအပင်စိုက်တယ်။ စိတ်နေသဘောထားက ငါသိရသလောက်မှာ ..."

"စိတ်တိုတယ်၊ သဝင်ကြောင်တယ်၊ နှမြောတတ်တယ်၊ ကပ်စီးနည်း

mgyoe.com

mgyoe.com


တယ်၊ အပေါက်ဆိုး တတ်တယ်။ သူနဲ့ စကားပြော သင့်တဲ့လူ ရှားတယ်"

ကျွန်တော်က ပြောရင်း ခပ်လေးလေးဖြစ်နေသည်ကို ပေါ်အုံးက ကောက်၍ တောက်လျှောက်ပြောလိုက်သဖြင့် ...

"ဟေ မင်းက ဒီ ဒေါ်မွှေးအုံကို ကောင်းကောင်းကြီး သိနေပါလား ကွာ"

"သူနဲ့ လူချင်းသိတာ မဟုတ်ပါဘူး ဆရာ၊ ရေကူးမှာနေတဲ့ ကျွန်တော့် ဆွေမျိုးတစ်ယောက်က သူ့အကြောင်း စကားစပ်မိလို့ ပြောပြတာနဲ့ သိရတာပါ ဆရာ။ ဒီအဒေါ်ကြီးက အတော်လက်ကပ်တဲ့ မိန်းမကြီးဆိုပဲ ဆရာရဲ့၊ ဟာ ဆရာ ကျွန်တော်က ဖြတ်ပြောမိတာ ဖြစ်နေပြန်ပြီ၊ ဘွာ ဆရာ ဘွာဘွာ"

"အေး မင်းက ပြီးမှ သတိရတာကိုးကွ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး ကွာ၊ နောက်ထပ် ခေါင်းသာညိတ်ကွ၊ အဲ ငါ့စကား ဘယ်ရောက်သွားပါ လိမ့်"

ကျွန်တော် မျက်လုံးမှိတ်၍ စဉ်းစားလိုက်ရပါသည်။

"အဲ ... အဲဒါနဲ့ သူ့အဒေါ်က သူတို့ဆီက ဆယ်တောင့်ထွာဘုရား ကိစ္စအတွက် အောင်မြသွင်ကို သီချင်းဆိုရအောင် ခေါ်တယ်။ အောင်မြသွင် က သကြန်တွင်းတုန်းက တစ်ခါဆိုဖူးတယ်။ လူကြိုက်နည်းတယ်၊ လူကြိုက် နည်းတာနဲ့ သူ နောက်ထပ် မဆိုချင်ဘူး။ ဒါပေမဲ့ သူ့အဒေါ်က နားထိုင်း တော့ ဒီဘုရားပွဲကို မနာလိုတဲ့လူတွေက ခြေထိုးတာနဲ့ သူ့တူ ကို ကောင်းတယ်ထင်ပြီး ခေါ်တာဖြစ်တယ်။ ဒီတော့ အောင်မြသွင်က သူ့မှာ ဝတ္တုရေးဖို့အတွက် မြောင်းမြကို မသွားမဖြစ် ဟိုမှာတစ်လလောက် ကြာမှာမို့လို့ ခွင့်လွှတ်ဖို့ကို သူ လည်ဆယ်ပြီး အကြောင်းပြတယ်။ အဲဒါကို သူ့အဒေါ်က ယုံကြည်သဘောကျပြီး မြောင်းမြက သူ့မိတ်ဆွေ စက်ရှင်မင်း ကြီး ဦးဒေါင်းဝိုင်းအိမ်မှာ တည်းဖို့ကို ပြောတယ်။ မြောင်းမြကိုလည်း အဖွား ကြီးက စာရေးလိုက်ပြီး အောင်မြသွင်ဟာ မသွားမဖြစ်တော့ဘူး။ နို့ပြီး အဲဒီ ဦးဒေါင်းဝိုင်း အိမ်သားတွေကလည်း အင်မတန်ဆိုးလို့ အောင်မြသွင် က နည်းနည်းမှ မသွားချင်ဘူး။ ဒါပေမဲ့ သူ့ရှုံးသူ့ပတ်ဖြစ်နေလို့ သူ နောက်ထပ် မလည်ဆယ်နိုင်တော့ဘူး။ အဲဒါနဲ့ သူ နက်ဖန် သန်ဘက်

mgyoe.com

mgyoe.com


သွားရတော့မယ် ဖြစ်နေတုန်းမှာ ငါ့ပယောဂကြောင့် သူ ထောင်ကျသွားတယ်၊ ကဲ နားလည်ရဲ့လား”

ပေါ်အူးက ခေါင်းညိတ်ပြပါသည်။

“အဲဒါမဲ့ အောင်မြသွင်မှာ အခက်အခဲတွေ့နေတာက မြောင်းမြ ကို သွားရမယ်ဆိုပြီး မသွားဖြစ်ရင် လည်ဆယ်ရမလားဆိုပြီး သူ့အဒေါ် က စိတ်ဆိုးမယ်။ သူထောင်ကျနေတာ သိရင်တော့ ပြောစရာမရှိတော့ဘူး။ အဲဒီလို အဘွားကြီး စိတ်ဆိုးရင် သူ့တူကို ပေးနေတဲ့ ထောက်ပံ့မှုကို ဖြတ်လိုက်မယ်။ အဲဒီတော့ စာရေးဆရာနာမည်သာရှိပြီး ဝင်ငွေမဲ့နေတဲ့ အောင်မြသွင်ဟာ ထမင်းငတ်မယ်။ အခု သူ ထောင်ကျနေတာကို သူ့နာမည် ပြောင်းထားလို့ သူ့အဒေါ် မသိပေမဲ့ နောက် ၄-၅-၆ ရက်ကြာရင်ကွာ မြောင်းမြက သူလာမယ်ဆိုပြီး မလာတဲ့အကြောင်းကို အဘွားကြီးဆီ စာရေးတော့ မယ်။ အဲဒီတော့ ငါ့ဦးနှောက်ထဲမှာဖြင့် ရှင်းလင်းနိုင်ဖို့ မပြောနဲ့တော့ ဘယ်ဒင်းဘယ်လို ဖြစ်အောင်လုပ်ပါလို့တောင် မင်းကိုငါ လမ်းမညွှန်နိုင်တော့ဘူး။ မင်းပဲ မင်းနားလည်တဲ့အတိုင်း အောင်မြသွင်ကိစ္စ အဆင်ပြေသွားအောင် ကြံပေတော့ကွာ”

ပေါ်အူး ခေါင်းညိတ်ပြပါသည်။

“ဟော့ ... ခေါင်းညိတ်ရုံတင် မညိတ်နဲ့တော့ကွ၊ ငါ ပြောစရာကုန်သွားပြီ၊ မင်း စကားပြောနိုင်ပြီ”

“စိတ်ချပါဆရာ၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်”

“အေးကွာ၊ ငါလည်း မင်း အားကိုးရတာပဲ၊ ကဲ ... မင်းလည်း စဉ်းစားခန်းဝင်ပေတော့ ငါလည်း အိပ်တော့မယ်။ ငါ့အိပ်ရာတောင် မသွားနိုင်တော့ဘူးကွာ၊ ဒီမှာပဲ အိပ်တော့မယ်”

ကျွန်တော်သည် ကူရှင်ပေါ်၌ ကိုယ်ကို တုံးလုံးလှဲချရင်း ...

“ဟော့ ငါ့ခြေရင်းဘက်က ကုလားထိုင်တစ်လုံးယူပြီး ကူရှင်ခံပေးစမ်းကွာ”

“ကောင်းပါပြီ ဆရာ”

“ဟော့ ... ဟော့ ကူရှင် နှစ်ထပ်ခံပါကွ၊ ခြေထောက်တွေလည်း ညောင်းနေတယ်။ အေး ... အေး တော်ပြီ တော်ပြီ။ မင်း ... မင်း... မင်း

mgyoe.com

mgyoe.com


သွားတော့ ငါအိပ်ပြီ။ ဩော် ဟော့ ... ဟော့ နေပါဦးကွ"

"ကျွန်တော် မသွားရသေးပါဘူး ဆရာရဲ့"

ကျွန်တော့် မျက်လုံးများက မပွင့်တော့ပြီ။

"အေး ... အေး ဟော့ ဒီမှာ ငါအိပ်နေတုန်းကို တစ်ယောက်ယောက်က တွေ့ချင်တယ်လို့ ပြောရင် ငါသေနေပြီလို့သာ ပြောလိုက်ကွာ"

ကျွန်တော့်မှာ ဤမျှပင် စိတ်ပန်းလူပန်း ဖြစ်နေပါသည်။

* *

ကျွန်တော် အိပ်ရာမှ နိုးလာသောအခါ နေ၏အလင်းရောင် မရှိတော့ပြီ။ ကျွန်တော် အိပ်သောအခန်း၌လည်း သူ့ဆရာ၏ အိပ်ပျော်ခြင်းကို အနှောင့်အယှက်ဖြစ်မည် စိုးသောကြောင့် ပေါ်အူးက မီးမဖွင့်ဘဲထားဟန်တူသည်။ သို့သော် ပေါ်အူးရှိနေသော နောက်ဖေးခန်းမှ အလင်းရောင်သည် ကျွန်တော့်ဆီသို့ မြားတန်းထိုး၍ လာနေသည်။ ကျွန်တော့်မှာ နှက်နှက်ခြိုက်ခြိုက် အိပ်လိုက်ရ၍ အတော်အားရှိလာသော်လည်း ဝမ်းဗိုက်မှာ အတန်ပင် ဆာလောင်လျက်နေပေသည်။ ယင်းသည့်အကြိုက်၌ နောက်ဖေးဆီမှ သံပု ရာရည်နှင့် ကြက်သွန်ချဉ်နံ့က ကျွန်တော့် နှာခေါင်းကို တိုးဝင်သဖြင့် ရုတ် တရက် သွားရည်ကျမိကာ ...

"အား ... ဟော့ ပေါ်အူး"

ကျွန်တော့်ဆီသို့ လျှောက်လာပြီး မီးဖွင့်လိုက်ပါသည်။

"ဩော ... ဆရာ နိုးပြီလား၊ နေကော ကောင်းသွားပြီလား ဆရာ"

"အေး နေကောင်းသွားပြီးတော့ ဗိုက်ဆာနေတယ်ကွာ။ နောက်ဖေးက မင့်အချဉ်နံ့ကလေးက မွှေးလိုက်တာ ဘာများ အထူးတလည် စီမံထားသလဲဟေ့"

"ငါးရံ့ သင်းအုံ မီးဖုတ်ပြီး ကြက်သွန်ချဉ်ရုတ်သီးစိမ်းနဲ့ သုတ်တယ် ဆရာ"

"အို ... ဘဲရိုးဂွတ်၊ နံနံပင်ကော ပါရဲ့လား"

"ပါ,ပါတယ် ဆရာ"

ပေါ်အူး ကျွန်တော့်ကို တီထွင်စီမံ ချက်ပြုတ်ကျွေးသည်တို့တွင်

mgyoe.com

mgyoe.com


ငါးရံ့လတ်လတ်ကို ရွှံ့စေးစေးနှင့် တစ်ကောင်လုံး အလုံမံ၍ မီးဖုတ်၊ ရွှံ့များ ဖြူကွဲအက်လာမှ ၎င်းကို ခွဲထုတ်ပြီး ငါးရံ့သား ဖြူဖြူဖွေးကို ငရုတ်သီးစိမ်း၊ ကြက်သွန်ဥကြီး၊ သံပုရာသီး၊ နံနံပင်၊ ဆီစိမ်းတို့နှင့် သုတ်စားရသည်မှာ ကျွန်တော် အနှစ်သက်ဆုံးတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ယခုကဲ့သို့ အိပ်ပျက်သောအခါ၌ကား ပြောဖွယ်ရာမရှိ၊ ယခု သူပြောနေစဉ်၌ပင် သွားရေ တစွတ်စွတ်ကျလာလျက် ...

"အေး နောက်ပြီးတော့ကော ကွာ"

"ဝမ်းဘဲသား အသည်းအမြစ်နဲ့ ဟင်းသီးဟင်းရွက် အစိမ်းကြော်၊ နို့ပြီး ဝမ်းဘဲပေါင်းဟင်းချို၊ ဒါပဲဆရာ။ ကျွန်တော်လည်း သိပ်အချိန်မရတာနဲ့"

"အေး ... ဒါလောက်ဆို တော်ပါပြီကွာ"

"ဒါဖြင့် ဆရာ ရေချိုးပေတော့"

"အေးကွာ၊ ဩော် ရေမချိုးခင် ဘရန်ဒီကလေး တစ်ခွက်လောက် နှိပ်လိုက်ရရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော် ရေချိုး၊ အဝတ်အစား လဲပြီး၍ ထမင်းစားပွဲ၌ ထိုင်မိလျှင်ပင် ဘရန်ဒီခွက်ကို ရှေ့၌ချကာ၊ ဟိုဒင်းနည်းနည်း ဒီဒင်းနည်းနည်း နိုက်ယူစားသောက်ရင်း ...

"အင်း .... ဟင် ဘယ့်နှယ် ပေါ်အူး အောင်မြသွင်ကိစ္စ မင်းစဉ်းစားရဲ့လား"

"စဉ်းစားပါတယ် ဆရာ"

"ဘယ့်နှယ်"

"ဒီကိစ္စကို ဆောင်ရွက်ဖို့က နည်းလမ်းတစ်ခုပဲ တွေ့တယ်ဆရာ"

"အို တစ်ခုဆို တော်လောက်ပါပြီကွာ ဆိုစမ်းပါဦး"

"ဆရာက ကိုအောင်မြသွင်ရဲ့ ကိုယ်စား မြောင်းမြကို သွားနေဖို့ပါပဲ ဆရာ"

ကျွန်တော့်မှာ ရုတ်တရက် အထိတ်တလန့်ပင် အံ့ဩသလိုဖြစ်သွားပြီး ပေါ်အူး၏ မျက်နှာကို မယုံကြည်နိုင်သကဲ့သို့ ကြည့်မိကာ ...

mgyoe.com

mgyoe.com


"အေး ဟေ ... ဒါ မင့်ဦးနှောက်ထဲက ထွက်တာပဲလား"

"ဟုတ်ပါတယ် ဆရာ"

"ဟား ပေါ်အူး မင်းခေါင်းများ မင်း ကိုင်ကြည့်စမ်းပါဦးကွာ၊ ဒါမင့် အရင်ခေါင်းမှ ဟုတ်သေးရဲ့လားလို့ ဘယ့်နှယ်ကွာ ဟိုက မျှော်နေကြတာက အောင်မြသွင်၊ ငါက သွားပြီး ဟိုရောက်တော့ ဘာပြောရမှာလဲ"

"ဆရာက ကိုအောင်မြသွင်အဖြစ်နဲ့ သွားရမှာပါ ဆရာ"

"ဟ ပေါ်အူး မင်းဟာက ကြာလေဆိုးလေပါလားဟ။ ငါ့ရုပ်ပဲ အောင်မြသွင်နဲ့တူအောင် မိတ်ကပ်လုပ်လို့ ဖြစ်နိုင်ပါ့မလား"

"မိတ်ကပ် လုပ်စရာမလိုပါဘူး ဆရာ၊ ဟိုက ကိုအောင်မြသွင်ကို မှတ်မိကြတာ မဟုတ်ပါဘူး။ သူတို့ သူ့ကို ၁၀ နှစ်သားကသာ မြင်ဖူးကြတာပဲ၊ ကျွန်တော် နေ့ခင်းကပဲ ဆရာ အိပ်နေတုန်း ကိုအောင်မြသွင်ဆီကို ရောက်ခဲ့လို့ ကျကျနန မေးခဲ့ပါတယ် ဆရာ"

"အင်း ဒီလိုဆိုတော့ အဟုတ်သားဟ၊ ဒါပေမဲ့ ပေါ်အူးရ ဟိုက အောင်မြသွင်တို့ ဆွေကြောင်းမျိုးကြောင်း၊ သူ့အဒေါ်အကြောင်းတွေ ဘာတွေမေးတော့ ငါ ပြောတတ်ပါ့မလား"

"ဒါတွေကိုလည်း ဆရာ အတော်အတန် သိထားနင့်ရအောင် ကျွန်တော် ကိုအောင်မြသွင်ဆီက မေးလာခဲ့ပါတယ်။ နို့ပြီး နေ့ခင်းကပဲ ကျွန်တော် ရေကူးကို သွားပြီး သူ့အဒေါ်အကြောင်းကိုလည်း အတော် စုံစမ်းခဲ့ပါတယ် ဆရာ၊ ဆရာ ဒီအတွက် ပူမနေပါနဲ့၊ နို့ပြီး ကိုအောင်မြသွင်ကလည်း စာရေးဆရာဆိုတော့ သူတို့နဲ့ စကားမပြောချင်ရင် စာရေးဆရာဟန်နဲ့ စဉ်းစားနေသလိုလို ဘာလိုလိုနဲ့ ရှောင်နေနိုင်ပါတယ် ဆရာ"

ကျွန်တော့်မှာ ယခုမှ ပေါ်အူးပြောသည်တို့ကို သဘောပေါက်ကာ

"အေး ... ဟုတ်ပြီ၊ ငါအခုမှ သဘောပေါက်တယ်။ ဒါပေမဲ့ ငါ တစ်ယောက်တည်းတော့ မသွားချင်ဘူးကွာ မင်းပါ လိုက်ခဲ့ပါ"

"လိုက်ဖို့ပြင်ပြီးပါပြီ ဆရာ"

"ဩော် ဒါထက် ခုနှယ် မြောင်းမြကို ဘာနဲ့သွားရမှာလဲကွ"

"လေယာဉ်ပျံနဲ့ သွားရပါမယ် ဆရာ"

"ဒါဖြင့် အမြန်ဆုံးသွားဖို့ စီမံပေတော့ကွာ"

mgyoe.com

mgyoe.com


"မနက်ဖြန်မနက် လိုက်ဖို့ ကျွန်တော်တို့နှစ်ယောက်အတွက် လက်မှတ်ဝယ်ပြီးပါပြီ ဆရာ"

* *

"ရောက်ပါပြီ ခင်ဗျာ၊ ဒါ ဒေါ်သင်ဇာကြီး အိမ်ပါပဲ"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် မြောင်းမြလေယာဉ်ပျံကွင်းမှ ဆိုက်ကားတစ်စီးအား ဘောင်ဒရီလမ်း စက်ရှင်မင်းကြီး ဦးဒေါင်းဝိုင်း အိမ်ပို့ပါဟု ဆို၍ စီးလာခဲ့ကြရာ ဆိုက်ကားသမားသည် အိမ်ဝင်းကျယ်ကြီးတစ်ခုရှေ့၌ ဘရိတ်အုပ်လိုက်ကာ အထက်ပါ မိန်းမကြီးတစ်ယောက် အမည်ကို အတော်စက်ဆုတ်ဟန်နှင့် ပြောလိုက်သဖြင့် ကျွန်တော်က ...

"ဟေ့ တို့ ရောက်ချင်တာက စက်ရှင်မင်းကြီး ဦးဒေါင်းဝိုင်း အိမ်ကွ"

"ဟုတ်ပါတယ် ဆရာ အတူတူပါပဲ"

"အေး ဒါဖြင့် တို့ ဆိုက်ကားခ ဘယ်လောက်ပေးရမလဲဟေ့"

"တစ်ယောက် ၁ ကျပ်ပါပဲ ခင်ဗျာ"

"ဟေ့ ပေါ်အူး နှစ်ယောက် ၂ ကျပ် ပေးလိုက်ပါဟေ့"

အမှန်အားဖြင့် ဆိုက်ကားသမားသည် နင်းလာခဲ့ရသော ခရီးကို ထောက်ချင့်၍ ဤနေရာ၌ ခဏတစ်ဖြုတ်မျှ အနားယူသင့်ပါသည်။ သို့ရာတွင် ကျွန်တော်တို့ ဆိုက်ကားပေါ်မှ ဆင်း၍ ငွေ ၂ ကျပ် ရလျှင်ရချင်း စက္ကူကိုပင် စုတ်လားပြဲလား မကြည့်တော့ဘဲ 'မိုးပြုံပြီဟေ့'ဆိုသော ယုန်ကလေးကဲ့သို့ တစ်ဟုန်တည်း သုတ်ခြေတင်ပါတော့သည်။ ပေါ်အူးသည် ဆိုက်ကားသမား၏ အမူအရာကို ကြည့်၍ တစ်ချက်မျှ ခေါင်းညိတ်လိုက်ပါသည်။

"ဟေ့ ... ပေါ်အူး ဘယ့်နှယ် သဘောရသလဲ ဟေ့"

"မျှော်လင့်တာထက် ဆိုးလိမ့်မယ် ဆရာ"

ထို့နောက်၌ ကျွန်တော်တို့သည် သားရေသေတ္တာများကို ဆွဲ၍ အိမ်ဝင်းပေါက်ဆီသို့ လာခဲ့ကြပါသည်။ တံခါးမှာ ပိတ်ထား၍ လက်ယာဘက်ဝင်းတိုင်၌ (ဦးဒေါင်းဝိုင်း၊ အငြိမ်းစား စက်ရှင်မင်းကြီး) ဟု ကြေးဝါစာလုံး

mgyoe.com

mgyoe.com


ကြီးများဖြင့် ရေးချိတ်ထားပါသည်။ အပြင်ဘက်မှနေကြည့်၍ သစ်ပင်ပန်းမန်များစိုက်ထားသော ခြံဝင်းကျယ်ကြီးနှင့် တမံသလင်းခံ ပျဉ်ကာ သွပ်မိုး တစ်ထပ်ထိုးဆင်ဝင်အိမ်ကြီးကို မြင်ရခြင်းအားဖြင့် ဤဒေသအ အလျောက် မှန်းဆရသော် ထိုအိမ်ရှင်သည် ယခုအချိန်၌ မည်သူနေမည် မသိရသော်လည်း၊ ထိုအိမ်ကြီးကို ဆောက်စဉ်ကမူ အတော်ပင်ပြည့်ဖြိုး ပျော်ရွှင်ခဲ့ကြောင်းကို တွေးထင်နိုင်ပေသည်။

ကျွန်တော်တို့သည် ဝင်းတံခါးကို တွန်းကြည့်၍ ပိတ်ထားကြောင်းကို သိရသဖြင့် အတွင်းဘက်သို့ ဟိုဟိုဒီဒီ ကြည့်လိုက်ရာ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် တကုန်းကုန်းနှင့် ဘာလုပ်နေမှန်း မသိရသော အဒေါ်ကြီး တစ်ယောက်ကို မြင်ရသဖြင့် ကျွန်တော်က ....

"အဟမ်း .... အဟမ်း ဒီမှာ အဒေါ်၊ ဒါ စက်ရှင်မင်းကြီး ဦးဒေါင်းဝိုင်း အိမ်မဟုတ်လား ခင်ဗျာ"

အဒေါ်ကြီးသည် ကျွန်တော်၏ အသံ ကြားရာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး ...

"မင့်မှာ မျက်စိ မပါဘူးလားကွယ့်"

သူသည် ဤစကားကို ပြောရန် ကြိုတင်ကြံစည်ထားဘိသကဲ့သို့ လွှတ်ခနဲအုပ်လိုက်ရာ ကျွန်တော့်မှာ ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွားလျက် ...

"ပါ .. ပါ,ပါတယ် ခင်ဗျာ"

"ပါရင် အဲဒီ ဝင်းတိုင်ကစာကို ကြည့်ပါလားကွယ့်"

"သြော် .. အင်း တွေ့ပါတယ်ခင်ဗျာ"

"တွေ့ရင် ဘာပြုလို့ မေးနေရသေးလဲ"

"ကျ ကျ ကျွန်တော်က ဒီအိမ်မှာ လာနေမလို့ပါ ခင်ဗျာ"

အဒေါ်ကြီးသည် ကျွန်တော်တို့ဆီသို့ မျက်လုံးပြူးပြူးနှင့် လျှောက်လာကာ ...

"ဟေ မင်းက ဘာပြုလို့ လာနေရမှာလဲ"

"ကျ ကျ ကျွန်တော့် အဒေါ်က ခိုင်းလို့ပါ ခင်ဗျာ"

"ဘာ ... ဘာ ... ဘာ ... ဘာမင့်အဒေါ်လဲ၊ ဘယ်ကလဲ၊ ဘယ်သူလဲ"

mgyoe.com

mgyoe.com


ကျွန်တော့်မှာ သူ၏ဘောက်ဆတ်ဆတ် 'ဘာ'သုံးလုံးနှင့် လဲ' သုံးလုံးကို ဘယ်ဟာကစပြီး ဘယ်ဒင်း၊ ဘယ်လို ဖြေရမည် မသိသောကြောင့် ရုတ်တရက်ကြောင်တက်တက်နှင့် ဖြစ်နေရာ ပေါ်အူးက အရိပ်အခြည်သိစွာ ရှေ့သို့ တိုးလာပြီး ...

"ဩော် ဒေါ်ဒေါ် ကျွန်တော်တို့က ရန်ကုန်ကပါ ခင်ဗျာ၊ သူက ဒေါ်ဒေါ်တို့ မိတ်ဆွေ၊ ဒေါ်မွေးအုံရဲ့တူ 'ကိုအောင်မြသွင်'ပဲ ခင်ဗျာ"

သို့တိုင်အောင်မှ အဒေါ်ကြီးသည် ဇဝေဇဝါ လုပ်နေပြီးမှ "ဘယ်မွေးအုံလဲကွယ့်"ဆိုရင်း တံခါးကို ဖွင့်ပေးပါသည်။ ကျွန်တော်တို့သည် အထဲသို့ ဝင်ရင်း ပေါ်အူးက ...

"ရန်ကုန် ရေကူးက ဒေါ်မွေးအုံပါခင်ဗျာ၊ မကြာခင်တုန်းကပဲ ကျွန်တော်တို့ လာမယ့်အကြောင်း ဒီကို စာရေးထားပါတယ်"

ယင်းသည် အကြိုက်တွင် ထိုအဒေါ်ကြီးနှင့် ခပ်ဆင်ဆင်တူသော မိန်းမကြီးတစ်ယောက် ရောက်လာကာ ...

"ဟဲ့ ဒါ မွေးအုံတူ အတွတ်ကလေးလားဟဲ့၊ အမယ်လေး ကြီးလာလိုက်တာဟယ်၊ ငါ့ မှတ်ကိုမမှတ်မိတော့ဘူး"

ဤတွင်မှ ကျွန်တော့်မှာ အောင်မြသွင်၏ ငယ်နာမည်ကို သတိပြုမိကာ

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် အတွတ်ပါပဲ၊ မတွေ့ရတာလည်း ၁၅ နှစ်တောင် ရှိသွားပြီဆိုတော့ ဘယ်မှတ်မိတော့မလဲ ဒေါ်ဒေါ်"

ယင်းသည်၌ ပထမ အဒေါ်ကြီးက ...

"ဟဲ့ ဒါ မွေးအုံတူ တွေတ်ကယ်လား၊ မင်း ငယ်ငယ်က တယ်ဆိုးတာပဲကွယ်"

ဟု ငယ်ကျိုးငယ်နာကို မမေ့နိုင်ဟန်ဖြင့် မှတ်ချက်ချလိုက်ပါသည်။ ထိုအခိုက်တွင် ယောဂီရောင် ဝတ်ထားသော အဒေါ်ကြီးတစ်ယောက်သည် တစ်ဖက်ခြံထောင့်ဆီမှ ပါးစပ်က တတွတ်တွတ်နှင့် ကျွန်တော်တို့ဆီသို့ လာနေရင်း ...

"ဟဲ့ တင်ညွှာ၊ ဒီသူငယ်တွေက ဘယ်သူတွေတုန်း" ဟု လှမ်းမေးလိုက်ရာ၊ ကျွန်တော်တို့နှင့် ဒုတိယတွေ့ရသော အဒေါ်ကြီးက ...

mgyoe.com

mgyoe.com


"မမွေးအုံ တူ အတွက်ကယ်လေ မကြီးဇာရဲ့"

ဤတွင် ယောဂီမယ်ကြီးသည် ကျွန်တော်တို့အနားသို့ အလျင်အမြန်လျှောက်လာကာ ...

"ဟဲ့ ... နင် စာရေးဆရာ လုပ်နေတယ်ဆို၊ နင်တို့ စာရေးဆရာတွေက နောက်လိုက်တပည့်တွေ ဘာတွေနဲ့ကိုး၊ ဟဲ့ဟဲ့ နင်တို့ ဘာနဲ့လာခဲ့ကြတာတုန်း"

"လေယာဉ်ပျံနဲ့လေ"

"ခုအချိန် ရန်ကုန်က မြောင်းမြကို လေယာဉ်ပျံနဲ့ လာရမှန်းသိတော့ သိတာပေါ့ကွယ့်၊ လေယာဉ်ပျံကွင်းက ဒီကို မေးတာကွယ့်"

"ဆိုက်ကားနဲ့ပါ ခင်ဗျာ"

"ဆိုက်ကားခ ဘယ်လောက် ပေးလိုက်ရတုန်း"

ယောဂီမယ်ကြီးမှာ ပြေပြစ်သော မျက်နှာ၊ မွတ်ထွတ်သော၊ နူးညံ့ပုံပေါ်သော နှုတ်ခမ်းတို့ဖြင့် အတော်ပင်စကားပြောသိမ်မွေ့ပျူငှာလျက် ကျွန်တော်တို့ကို ခင်မင်ဂရုစိုက်ဟန် ရှိပါသည်။ ကျွန်တော် ဝမ်းသာစွာနှင့် ...

"နှစ်ကျပ် ပေးလိုက်ရပါတယ် ခင်ဗျာ"

ယောဂီမယ်ကြီးသည် မျက်လုံးပြူကာ ...

"ဟော့ .. နှစ်ကျပ်၊ လေယာဉ်ပျံကွင်းနဲ့ ဒီကို ဆိုက်ကားတစ်စီး တစ်ကျပ်။ ပါးရိုက်ခေါ်နိုင်တာ။ ဘယ်မှာလဲ ဒီဆိုက်ကားသမား၊ တစ်ကျပ်ပြန်တောင်းရမယ်"

ဟု ဆိုပြီး အပြင်သို့ ထွက်မည်ပြုလေရာ၊ ကျွန်တော်က ...

"မရှိတော့ဘူး ခင်ဗျာ့၊ သူသွားတာ ကြာလှပြီ"

"အို ... မင်းတို့က ပေးလိုက်တာကိုး။ ဒီလိုပဲ ဆိုက်ကားသမားတွေဟာ တရားမရှိကြဘူး၊ မတော်လောဘ လိုချင်ကြတာ၊ ဒါကြောင့် သူတို့ ဒီလိုပဲ ဆိုက်ကားနင်းစားနေရတာ"

ဤတွင် ကျွန်တော်တို့နှင့် ပထမဦးဆုံး တွေ့ရသော အဒေါ်ကြီးက

"ရှင်သင်ဇာကလည်းအေ၊ သူတို့ဟာသူတို့ ကျေနပ်လို့ ပေးလိုက်ကြတာပဲ၊ ပြောနေလို့ လေကုန်ရုံပေါ့"

"သူတို့က တစ်ရပ်က မသိလို့ ပေးကော ယူရမလား ဒေါ်ထွားရယ်၊

mgyoe.com

ကျုပ်ကို အရင်တစ်ခါတုန်းကလည်း ဒီခရီးနဲ့ဒီခရီး တစ်ကျပ်ခွဲတောင်း လို့ ဆူပြီး လွှတ်လိုက်ရတယ်"

ကျွန်တော်တို့နှင့် ဒုတိယ တွေ့ရသော ဒေါ်တင်ညွှာဆိုသူက ...

"မကြီးဇာရယ် ဆိုက်ကားခ တစ်ယောက်တစ်ကျပ်ယူရင် နှစ်ယောက် နှစ်ကျပ်တော့ တောင်းမှာပေါ့။ သူ့ခမျာ နင်းရတာလည်း မသက်သာပါဘူး" ဟု ဆိုပြီး ရှေ့ကဦးဆောင်သွားပါသည်။ သို့တိုင်အောင်မှ ယောဂီမယ် ဒေါ်သင်ဇာက မကျေနပ်နိုင်သေးဘဲ ...

"အို ... ဆိုက်ကား တစ်စီးလုံး တစ်ကျပ် တစ်ကျပ်ပေါ့၊ မသကာ ပိုပေးရင် တစ်ကျပ်ခွဲတောင်းဖို့ ရှိတာပေါ့" ဟု လက်ထဲက ပုတီးကို ပြင်ကိုင်ရင်း တောက်တီးမြည်တွန်ပါသေးသည်။

သူတို့ ခြံဥယျာဉ်မှာ သရက်ပင်၊ မာလကာပင်ကြီးများနှင့် အတော်ပင် ကျယ်ဝန်း၍ အိမ်ခေါင်းရင်းဘက်တွင် နေထားတကျ စိုက်ပျိုးထားသော ပန်းပင်တို့ကို ကြည့်ရခြင်းအားဖြင့် ဤအိမ်တွင် ဤသက်ကြားအိုတို့မှတစ်ပါး အလှအပကို ဂရုစိုက်သူ တစ်ယောက်ယောက် ရှိကြောင်းကို သိနိုင်ပါသည်။

"ဘမ်း ... ဂိန် ဂိန့် ဂိန့် ဂိန့် ဂိန် ဂိန်"

ကျွန်တော်တို့ အိမ်ပေါက်ဝ ဝင်ခါနီးတွင် တစ်ဖက်ဆောင်မှ ခွေးတစ်ကောင် နာနာကျည်းကျည်း အော်သံကို ကြားလိုက်ရသဖြင့် အားလုံးပင် ကြည့်လိုက်ကြရာ အသက် ၅၀ ခန့်ရှိ လူညိုညိုဂုဏ်တိုဝဝ နဖူးပြောင်ကတုံးနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ခွေးအိုကြီးတစ်ကောင်အား ခြေဖြင့် ကန်ပြီးသော အမူအရာ တွေ့ရပါသည်။

ယောဂီမယ်ဒေါ်သင်ဇာသည် ထိုလူကြီးဆီသို့ ခြေနှစ်လှမ်းသုံးလှမ်းမျှ တိုးသွားကာ ...

"ဦးပဥ္စင်းကြီး ဘာမှုကြောင့် ကျုပ်ခွေးအိုကြီးကို နှိပ်စက်နေရတာလဲတော့"

သို့သော် ဦးပဥ္စင်းကြီးဆိုသူ လူကြီးမှာ ဒေါ်သင်ဇာ၏စကားကို မည်သို့မျှ ဂရုစိုက်ဟန် မပြဘဲ ...

"ထွီ ခင်ဗျားခွေးအိုကြီးက သေချာလွန်းတယ်ဗျာ"

mgyoe.com

"ဘာ သေချာလွန်းတာလဲတော့"

"စောစောကဖြင့် ဘာမှ မဖြစ်ဘူး၊ အခု ဧည့်သည်တွေ အိမ်ထဲရောက်လာတာ မြင်မှပဲ ဖင်သီပြနေရသေးတယ်"

"ဒါ ... ဦးပဥ္စင်းကြီးနဲ့ ဘာဆိုင်သလဲ၊ သူ့တိုင်းသူ သိချင်သိမယ်၊ မသိချင်နေမယ်၊ အဟိတ်တိရစ္ဆာန်ကို တုဖက်ပြီး ဘာမှကရုဏာတရားထားရမှန်း ဘာမှန်းမသိဘူး၊ ဒါတောင် ရဟန်းဝါနဲ့ ၁၁ နှစ် နေခဲ့လို့"

ဦးပဥ္စင်းကြီးကလည်း အားကျမခံဘဲ ... "အော .. အော ခင်ဗျားကသာ ကရုဏာတရား ကြီးပပေတယ်။ ယောဂီကြီးဝတ်ပြီး နေ့တိုင်း လန်ချားကုလားနဲ့ စကားများ၊ ဆိုက်ကားသမားနဲ့ ရန်ဖြစ်"

ယောဂီမယ်ကြီးက တွန့်ကာ ...

"အို ... ဒါက မတရားလိုချင်နေတဲ့ လောဘသားတွေကို တောင်းတိုင်း မပေးနိုင်လို့"

"ဩော် သူ့ဟာသူ အားကိုးခွန်ကိုး လုပ်ရတဲ့လူတွေကို ခင်ဗျားက တက်စီးပြီး မတရားပေးတာ၊ ခင်ဗျားကတော့ အလကားသက်သက် လူကြီးလူကောင်းတွေအိမ်ကို သံဃာတော်မြတ် ဆွမ်းလုပ်ကျွေးဖို့လေး ဘာလေး ဆိုပြီး လျှောက်အလှူခံ၊ နို့ပြီး ဘုန်းကြီး နည်းနည်းပါးပါး လှူပြီး၊ ခင်ဗျားကချည်း စား၊ လူတွေက ခင်ဗျာ့ ဓာတ်ကြောသိလို့ မလှူပြန်ရင် အရေးပိုင်ကတော်၊ ဝန်ထောက်ကတော်ဖြစ်ပြီး ကပ်စေးနည်းသလေး ဘာလေးနဲ့ အတင်းပြောလိုက်သေးတယ်"

ယောဂီမယ်ကြီးမှာ အတော်ပင် မခံရပ်နိုင်ဖြစ်သွားကာ၊ ယောဂီ လုံချည်ကို ပင့်လိုက်သည်တွင် ဒေါ်တင်ညွှာမှာ များစွာပင် စိတ်မသက်သာဟန်နှင့် သူ့လက်ကို ဆွဲ၍ ...

"အမယ်လေး တော်ကြစမ်းပါတော့၊ ဦးပဥ္စင်းကြီးကိုလည်း တောင်းပန်ပါတယ်။ ဧည့်သည်တွေလည်း သေတ္တာတွေနဲ့ လက်ညောင်းလှရော့မယ်၊ အိမ်ထဲသွားကြပါစို့"

ဟုဆို၍ ယောဂီမယ်ကြီးကို ရှေ့မှ ဆွဲခေါ်သွားပါသည်။

ကျွန်တော်တို့နှင့်အတူ မလိုက်ခဲ့ဘဲ ဝင်းနား၌ပင် သူ့အလုပ်နှင့်သူ ကျန်ခဲ့သော ဒေါ်ထွားကြီးဆိုသူ အဒေါ်ကြီးမှာ ဤစကားများနေကြသော

mgyoe.com

mgyoe.com


နေရာကို မျက်မှောင်ကုပ်၍ လှမ်းကြည့်နေပါသည်။

ကျွန်တော်တို့သည် အောင်မြသွင် ကြောက်လှသော ဤဂေဟာကြီးသို့ ဝင်းပေါက်မှ အိမ်ပေါက်အထိ ဤမျှသော အဖြစ်အပျက်ကို ကြုံရပြီး ဧည့်ခန်းသို့ ရောက်သည်တွင် မှုန်တေရှုံ့တွသော မျက်နှာနှင့် နဖူးရေတွန့်တွန့် ဆံပင်ဖြူဖြူ မပိန်မဝ လူကြီးတစ်ယောက်ကို တွေ့ရသည်။

"ကိုဒေါင်းဝိုင်း ဟောဒီမှာ အတွတ်တို့ ရောက်လာပြီ"

ဟု ဒေါ်တင်ညွှာက ပြောလိုက်သည်တွင် စက်ရှင်မင်းကြီးဟောင်းသည် တရားခံများကို ကြည့်နေကျ မျက်စိမျိုးဖြင့် ကျွန်တော်တို့ကို မော်ကြည့်လိုက်ပြီး ....

"အေး ... မနေ့တစ်နေ့ကပဲ ရောက်လိမ့်မယ် ထင်နေတာ ခုမှပဲ ရောက်လာကြတယ်၊ ထိုင်ကြ ထိုင်ကြ"

"ဟုတ်ကဲ့ ကိစ္စလေးရှိနေတာနဲ့ တစ်ရက်နှစ်ရက်လောက် နောက်ကျသွားပါတယ်"

ကျွန်တော်က စကားပြေ ထိုးလိုက်ပါသည်။

သို့ရာတွင် စက်ရှင်မင်းကြီးမှာ ဝတ်ကျေဝတ်ကုန်သာ မေးသည်ဖြစ်၍ ကျွန်တော့်စကားကို ဂရုမပြုဘဲ၊ နောက်တစ်ခု ဆက်ကာ ...

"မင့် အဒေါ် မာရဲ့လားဟေ့"

ဟု မေးလိုက်ပြန်ပါသည်။ ကျွန်တော်လည်း သွက်လက်စွာပင် ...

"မာပါရဲ့ခင်ဗျား၊ ဒေါင်ဒေါင်လန်လို့"

ဟု ပြောလိုက်ရာ ယောဂီမယ်ကြီးက ...

"နို့ သူ့စာထဲမှာက တစ်လ သုံးလေးကြိမ်လောက် လေနာထ,တတ်တယ်ဆို"

"ဒါလောက်ကလေးပါပဲ"

ကျွန်တော်က လွှတ်ခနဲပြောလိုက်မိရာ၊ စက်ရှင်မင်းကြီးက ကျွန်တော့်ကို မျက်စောင်းထိုးလိုက်ပါသည်။

တစ်ဖန် ဒေါ်တင်ညွှာက ...

"နို့ပြီး သူ မကြာခဏ သတိမေ့မေ့ပြီး လဲလဲသွားတယ်ဆို"

"အို သူ မေ့တာကလည်း ခဏလေးပါဗျာ၊ ကိစ္စမရှိပါဘူး"

mgyoe.com

mgyoe.com

ကျွန်တော် ပထမဆုံး အမှတ်တမဲ့ပြောလိုက်သော ဒေါင်ဒေါင်လန် စကားနှင့် အဆင်သင့်အောင် ဖာလိုက်ရာ၊ စက်ရှင်မင်းကြီး ရုတ်တရက်...

"ဟ မင့်ဟာကလည်း မေ့တာ ခဏမို့ပေါ့ဟ ကြာရင် သေဖို့ရှိတာပေါ့"

ဟု သူ ဟိုယခင်က တရားခံကို ကြိုးမိန့်ချသော အသံမျိုးဖြင့် ပြောလိုက်ရာ၊ ကျွန်တော့်မှာ မနေတတ် မထိုင်တတ်ဖြစ်၍ သွားပါသည်။

ဤစဉ်တွင် အိမ်ခန်းထဲမှ အသက် ၅၀ ခန့် အဒေါ်ကြီးတစ်ယောက် ထွက်လာသဖြင့် ဒေါ်တင်ညွှာက ...

"မလေးဝင်း သူ့ကိုမှတ်မိရဲ့လား ကြည့်စမ်း"

ဟု ကျွန်တော့်ကို ညွှန်ပြသဖြင့် မလေးဝင်းဆိုသူသည် သူ၏မှုန့်တမှုန် မျက်စိနှင့် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်ပြီးမှ ...

"အင်း ငါမသိပါဘူး"

"အတွတ်လေ၊ အတွတ် မမွေးအုံ တူ အတွတ်ပေါ့။ မလေးဝင်း မှတ်မိသေးရဲ့လား"

"အို ဒီငတွတ်ဆိုရင် မှတ်မိတာပေါ့၊ ဘယ်မေ့လိမ့်မလဲ သူငယ်ငယ်တုန်းက ငါ့ကြောင်ကလေးကို လိုက်ပြီး ညှဉ်းဆဲနေတဲ့ ကောင်ကလေးပဲ"

ဟု ဟိုယခင်ကိစ္စကို မကျေနပ်သေးဟန်နှင့် ပြောလိုက်ပြီး သူနှင့် အတူလိုက်လာသော ကြောင်ကလေးကို ယခုပင် စိတ်မချသေးသကဲ့သို့ သူ့ပေါင်ပေါ် ဆတ်ခနဲ ဆွဲတင်လိုက်ပါသည်။

ဤခိုက်တွင် ဘုန်းကြီးလူထွက် ဦးပဥ္စင်းကြီးဆိုသူသည် မှုန်တွေတေ မျက်နှာကြီးဖြင့် ဝင်လာရာ ယောဂီမယ်ဒေါ်သင်ဇာက မကျေနပ်သေးဟန်နှင့်

"စကားပြောရင် လူတွေသူတွေရှေ့မှာ ကြည့်ပြောရင် ကောင်းမယ်"

ဟုဆိုပြီး ထိုလူကြီးမျက်နှာကို မကြည့်ဘဲ အိမ်နောက်ဖေးဆီသို့ လျှောက်သွားပါသည်။ ဦးပဥ္စင်းကြီးကလည်း မည်သူ့ကိုမျှ ဂရုစိုက်ဟန် မပြုဘဲ

"ကျုပ် မျက်စိမှိတ်ပြီး ဘယ်တော့မှ စကားမပြောဘူး"

ဟုဆိုကာ တစ်ဖက်ခန်းသို့ ဝင်သွားပါသည်။

mgyoe.com

mgyoe.com

သူတို့နှစ်ယောက် သွားကြသောအခါ စက်ရှင်မင်းကြီးက ...

"အင်း သူတို့နှစ်ယောက်ကလည်း ဒုက္ခပဲ"

ဆိုလိုက်ရာ ဒေါ်တင်ညွှာက

"ဒီနေရာတော့ တော့်အစ်ကိုကြီးက လွန်တာပါတော်"

"နင့်အစ်မကလည်း နင့်အစ်မပါပဲကွယ်၊ မတည့် အတူနေဆိုတဲ့ အတိုင်း တစ်အိမ်ထဲမှာ တကျက်ကျက်နေကြတာပဲ"

"တစ်အိမ်ထဲ တကျက်ကျက် နေကြမှာပေါ့တော် ရှင့်အစ်ကိုကြီးက လူများအိမ် လာနေတာကိုး"

ဟု ဆိုလိုက်ရာ ဦးဒေါင်းဝိုင်း မခံနိုင်ဟန်ဖြင့် ...

"ဘယ်သူ့အိမ် ဘယ်ဝါအိမ်တွေ ဂုဏ်ဖော်မနေပါနဲ့ဟယ် တစ်သက်လုံး နေလာကြပြီးကပဲ နင်တစ်ဆိတ်ရှိ ဒါကိုပဲ စကားထဲ ထည့်ထည့်ပြောတတ်တယ်"

"အို ပြောရမှာပေါ့တော့ ကျုပ်မိဘအိမ်ပဲ၊ ပြောရမှာပေါ့"

ဤတွင် စက်ရှင်မင်းကြီးက ထောင်းခနဲ ဒေါထလာကာ ...

"ဟေ့ ဒါနင့်မိဘအိမ်၊ အေး နင့်မိဘအိမ်လို့တော့ ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ငါ့ငွေနဲ့ နောင်ထပ်ပြင်ရဆင်ရတာတွေတော့ ဘယ်သွားထားဦးမှာလဲ၊ အိမ်ကြီးဖြင့် ဟောင်းဆွေးပြီး ပြိုတဲ့နေရာပြို၊ လူမြင်မကောင်းဖြစ်နေလို့"

ဒေါ်တင်ညွှာသည် ပို၍မခံနိုင်အောင် ဖြစ်လာကာ ထိုင်ရာက ထတဲ့ပြီး ...

"ဟင် ကိုဒေါင်းဝိုင်း ရှင် အရိပ်နေနေအခက်ချိုးချိုး ကိုယ်နေတဲ့အိမ်ကို ကိုယ် တယ်ပြီးစော်ကားမော်ကားပြောပါလား"

"ဟေ့ ဒါစော်ကားတာလား ငါ့ငွေနဲ့ ပြင်ရလို့ ပြင်ရတယ်ပြောတာပဲ နင့်မိဘအိမ်ဟာ နင့်မိဘအိမ်နာမည်ပဲ ရှိတာသိရဲ့လား"

ဤတွင် ဒေါ်လေးဝင်းဆိုသူ အဒေါ်ကြီးကပါ မအောင့်နိုင်တော့ဘဲ

"အောင်မယ် ဒါမင့်အိမ်များ ဖြစ်ပြီဆိုနိုင်သလား။ ဒါဘယ်သူနဲ့မှ မဆိုင်ဘူးသိရဲ့လား တင်ညွှာ ညည်းတို့ညီအစ်မတွေလည်း အသီးသီး အိမ်ထောင်ပြုကြလို့ မိဘက ပေးသင့်သလောက် ပေးပြီးကုန်ပြီ။ ဒီအိမ်ဟာ

mgyoe.com


မိဘက ဘာမှခွဲခြမ်းမပေးရသေးတဲ့ ငါနဲ့သာ ဆိုင်တာ နားလည်ရဲ့လား၊ ညည်းတို့တွေ ရေမျောကမ်းတင်ဖြစ်ပြီးမှ ငါ့အိမ်ပေါ်မှာလည်း လာနေသေးရဲ့။ ဒီစကားမျိုးတွေ ပြောနေကြရင် အကုန်လုံး အိမ်ပေါ်က မောင်းထုတ်ပစ်မယ် သိရဲ့လား ..."

"အလိုလေး မလေးဝင်းက ဒီစကားမျိုး ပြောတယ်လား ဟိုတုန်းက ဘာတွေပဲ ခွဲပေးခဲ့ ပေးခဲ့၊ မိဘမရှိတဲ့နောက် ကျန်တဲ့ပစ္စည်းဟာ ညီအစ်မချင်း အတူတူ ဥပဒေစကားပြောရရင် ..."

"အံမာ ... ညည်းလင်က တရားသူကြီးမို့ ဥပဒေစကားပြောတယ်ပေါ့။ ညည်းလင်တတ်တဲ့ ဥပဒေက လူသတ်ဖို့ တတ်တာပါအေ"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်မှာ ညီ အစ်မ ခဲအို မရီး သတ်ပွဲကို မြင်ရတော့မည်လား အောက်မေ့နေရာ ဤအခိုက်တွင် ယောဂီမယ်ကြီး ပြန်ထွက်လာပြီး ညီအစ်မနှစ်ယောက်ကြား လက်ဝါးတားလျက် ...

"အမယ်လေး ... သည်းခံကြစမ်းပါဟယ်။ ခန္တီစ သည်းခံခြင်းဟာ အမြတ်ဆုံးပါ၊ သည်းခံမှ နိဗ္ဗာန်ရောက်သတဲ့"

ဟု အစချီပြီး၊ ကျွန်တော် နားမလည်သော မမှတ်မိတော့သော စာအုပ်ထဲက တရားစကား၊ ဘုရားစကားများနှင့် ရှွန်းရှွန်းဝေအောင် ပြောကြားလေရာ နှစ်ဖက်ပုဂ္ဂိုလ်တို့မှာ သူ့စကားကို တရားကျ၍ပဲလား မပြောတတ် ဆိတ်ငြိမ်၍ သွားကြပါသည်။

သို့ရာတွင် ရန်ပွဲသံ ရပ်စဲခြင်းကား တယ်ပြီးမကြာလှပါ။ အကြောင်းသော်ကား တစ်ဖက်ခန်းမှ ဘုန်းကြီးလူထွက်ကြီး ပြန်ထွက်လာပြီး ဒေါ်သင်ဇာ၏ စာသံပေသံတို့ကို နားကြားပြင်းကတ်ဟန်နှင့် ...

"အမယ်လေး တရားပြည့်ဝတဲ့ ပုဂ္ဂိုလ်မကြီး ဆုံးမနေတာ နားထောင်ကြ"

ဟု စလိုက်ပြန်သဖြင့် ယောဂီမယ်ကြီးနှင့် ဘုန်းကြီးလူထွက်ကြီးသည် တစ်ယောက်နှင့်တစ်ယောက် ကက်ကက်လန်အောင် နံ့ကြပြန်ပါတော့သည်။

အခြားသူများ ရန်ပွဲကို ဒေါ်သင်ဇာက ငြိမ်းအေးအောင် လုပ်နိုင်

mgyoe.com

mgyoe.com


လင့်ကစား သူတို့နှစ်ယောက်မှာမူ တစ်ယောက်က ယောဂီမယ်၊ တစ်ယောက်က ဘုန်းကြီးလူထွက်ဖြစ်နေ၍ မည်သူမျှ ဖျန်ဖြေခြင်း မပြုကြပါ။ စက်ရှင်မင်းကြီးလည်း ရုံးတုန်းက ရှိစွဲခဲ့သော ဥပဒေအာဏာများမှာ ရုံး၌ပင် ကျန်ရစ်ခဲ့ပြီဖြစ်၍ ဘာမျှ မပြောနိုင်တော့ဘဲ လက်မှိုင်ချ၍ နေပါတော့သည်။

ကျွန်တော်တို့နှစ်ယောက်မှာလည်း အဝတ်အစားသေတ္တာများနှင့် နေသားတကျမရှိသေးဘဲ ဇည့်ခန်း၌ပင် ဤပဋိပ္ပက္ခသမုဒ္ဒရာဒ်ရန်ပွဲကို နားသောတဆင်နေရပေရာ ကျွန်တော့်စိတ်တွင် သေတ္တာတို့ကို ဆွဲ၍ ချက်ချင်းပင် လစ်ချင်ပါတော့သည်။ သို့သော် အောင်မြသွင် ထောင်ကျသည်က အရက် ၃၀ ဖြစ်၍ ကျွန်တော်မှာ ဤဂေဟာ၌ သူ့ကိုယ်စား တစ်လမျှ နေရမည်ကို တွေးလိုက်မိသည်တွင် လူတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထ၍ သွားပါတော့သည်။

ကျွန်တော်တို့မှာ ခရီးပန်းခြင်း၊ ညောင်းညာခြင်းဖြစ်၍ လွတ်လွတ်လပ်လပ် နေချင်လှပါပြီ။ သို့ရာတွင် သူတို့မှာ တစ်ပွဲပြီးတစ်ပွဲ ရန်ဖြစ်နေရသည်နှင့် ကျွန်တော်တို့ကို ဂရုမစိုက်အား ယခု ဤအိမ်တွင် ကျွန်တော်တွေ့ပြီးသူအားလုံးကို ကြည့်လိုက်ပြန်သော် မည်သူနှင့်မဆို သင့်မြတ်ကြသည်မရှိ။ ဩဇာပေးနိုင်မည့်သူကိုလည်း မတွေ့ရသဖြင့် နားအေးဖို့လမ်းကား မမြင်၊ နောက်ထပ် မည်သူနှင့် မည်သူ ဆက်ကြမည်နည်းဟုသာ မျှော်လင့်နေရလျက် 'အင်း … ငါတို့တော့ ဒီနေ့ဖြင့် ဒီနေရာမှာပဲ ဒီအတိုင်းနေ ရတော့မှာ ထင်ပါရဲ့' ဟု သက်ပြင်းကြီး ချမိပါတော့သည်။

သို့သော် လောကတွင် ဗိုလ်မရှိဟူ၍ မရှိ။ ဗိုလ်တို့တွင်ပင် ဗိုလ်ချုပ်ရှိသေးသည် မဟုတ်တုံလော။

"ရှတ်တတ်(ပ်) ရှတ်တတ်(ပ်)၊ ဘို့(သ်) အော့ဖ်ယူ ရှတ် တတ်(ပ်)"

"သာ,သာ သာမှ၊ သဘောကြည်မြ၊ ညာဏဝါဒ ယောဂီမ"

"အုန်းသီး တူနှယ် အသားအက်၊ ဘုန်းကြီးလူထွက် တရားပျက်"

အစရှိသော စာသံ ပေသံ အလင်္ကာသံတို့နှင့် တစ်ဖက်နှင့်တစ်ဖက် နဲ့တစ်ကျော့၊ ပတ်တစ်ကျော့ နှံ့ကြသည်ကို ကျွန်တော်တို့မှာ မကွင်းနိုင်၊ မလွှဲနိုင် နားသောတ ဆင်နေရစဉ်တွင် အထက်ပါ ဩဇာ၊ မာလကာပါ

mgyoe.com

mgyoe.com


သော ဗိုလ်မသံကို ကြားလိုက်ရသဖြင့် ရုတ်တရက်လှည့်ကြည့်လိုက်မိရာ ဘောင်းဘီတို စပို့ရှပ်တင်းတင်းကြီးနှင့် ဘက်တ်မင်တံကို ချိုင်းညှပ်ပြီး ဝင်လာသော တို့မြန်မာအပ်အပေါ် (Pin up) အမျိုးသမီးကြီးတစ် ယောက်ကို မြင်လိုက်ရသည်တွင် ကျွန်တော့်မှာ အဘယ်ကြောင့်မသိ ရုတ်တရက် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်၍သွားပါသည်။

ထိုကလေးမကြီးမှာ ကျွန်တော်တို့ မြန်မာလူတန်းစားထဲ၌ 'ဘရား ဝါးလား ကွာလတီ' တွင် ပါဝင်လျက် ဆင်စွယ်နှင့်တူသော ခြေသလုံး၊ ငှက်ပျောတုံးနှင့်တူသော ပေါင်တံ၊ ဖြူဖွေးပြည့်တင်းသော လက်မောင်း အိုး၊ စွင့်စွင့်ကားကား ဖွံ့ဖွံ့ကြီးထွားသော တင်ပါး ရင်သားတို့နှင့် အံ့မခန်း သြမခန်း ဒရကြမ်းပင် နှစ်လိုဖွယ်ကောင်းလှပါသည်။

သူမ၏ ကိုယ်ကာယသည် တစ်ဖက်သားကို ကြီးစိုးနိုင်သလောက် သူ့အသံသြဇာကလည်း လွှမ်းမိုးပါပေသည်။ အကြောင်းသော်ကား သူ၏ တိတ်ဆိတ်ရန် အမိန့်ပေးသံကို ကြားရသည်နှင့် တစ်ပြိုင်နက် ဘုန်းကြီး လူထွက်နှင့် ယောဂီမယ်ကြီးတို့မှာ အင်္ဂလိပ်စကားကို နားလည်ကြဟန် မရှိသော်လည်း သူမ၏ ဤအသံမှာ သူတို့ကို 'တိတ်စေ'ဟု သိနေကြသည့် အတိုင်း မီးကို ရေနှင့်ဖျန်းလိုက်သကဲ့သို့။

သူမကြီးသည် သူတို့အပေါ်၌ အဘယ်ကြောင့် သြဇာအာဏာရှိ သည်ကို ကျွန်တော် တွေးမရသော်လည်း အဘယ်သူပေနည်း၊ စဉ်းစား လိုက်ရာ အောင်မြသွင် ပြောလိုက်သော ဤအိမ်သားစာရင်း ပေါ်လာပါ တော့သည်။

တစ်ယောက်နှင့်တစ်ယောက် အပေါက်အလမ်း မတည့်သော လင် မယား (ဦးဒေါင်းဝိုင်း – ဒေါ်တင်ညွှာ)၊ မုဆိုးမ (ကျွန်တော်တို့ ရောက် ရောက်ချင်း အိမ်ပေါက်ဝ၌ ဘောက်တီးသော ဒေါ်ထွားကြီး)၊ အပျိုကြီး (ဤအိမ်ကို တစ်ဦးတည်းပိုင်အဖြစ် မှန်းထားသော ဒေါ်လေးဝင်း)၊ ဘုန်း ကြီး လူထွက် ဦးအောင်စိုင်း (ဦးဒေါင်ဝိုင်း၏အစ်ကို)၊ တစ်ခုလပ် ယောဂီ ယောင်ယောင် ရသေ့မ ယောင်ယောင် (ဒေါ်သင်ဇာ) ထို့ကြောင့် နောက်ဆုံး ပိတ် စာရင်းဝင် အပျိုစစ်စစ်ကား ဤကလေးမကြီး ဖြစ်ရမည် မလွဲတည်း။ ထိုကလေးမ၏ အမိန့်သံကြောင့် တရားရှင်နှစ်ယောက် ဆိတ်ငြိမ်သွား၍

mgyoe.com

mgyoe.com


သူမ ကျွန်တော်တို့အနီးသို့ ရောက်လာသောအခါ၌ ကျွန်တော့်ဘက်သို့ လှည့်၍ ...

"ဩော် ... မောင်ရင် ဒါ ဦးသမီး ဖောင်းဖောင်းကွယ့်"

ဟု မိတ်ဆက်ပေးသဖြင့် ကျွန်တော်က ထုံးစံအတိုင်း ပြုံးသောမျက်နှာနှင့် ကြည့်လိုက်မိရာ သူမ၏ ပြုံးစိပြည့်အက်သော မျက်နှာနှင့် အကြည့်ချင်းဆုံလိုက်သည်တွင် သူမ၏ မျက်နှာကို သေသေချာချာ ဂရုပြုမိသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ကျွန်တော့်မှာ အဘယ်ကဲ့သို့ဟု ဖော်မပြနိုင်သော စိတ်နှလုံးချောက်ချားခြင်း ဖြစ်၍သွားပါသည်။ ချစ်တာလား၊ မုန်းတာလား၊ ကြောက်တာလားဟု အတိအကျခွဲခြား၍ မပြောနိုင်ပါ။ ကျွန်တော့်စိတ်ကို ထိခိုက်တာတော့ အမှန်ပင်ဖြစ်ပါသည်။

မိတ်ဆွေ၊ ကြုံဖူးကောင်း ကြုံဖူးပါလိမ့်မည်။ မိတ်ဆွေ မမြင်ချင်သောသူနှင့် တစ်ထေရာတည်းတူသော သူတစ်ယောက်ကို ရုတ်တရက် အမှတ်မထင် တွေ့မြင်လိုက်ရလျှင် မိတ်ဆွေ အဘယ်ကဲ့သို့ နေချိမ့်မည်နည်း။ ကျွန်တော်ကား မိတ်ဆွေထက် အစွဲအမြဲကြီးသော စိတ်အားငယ်မှုရှိသူ ဖြစ်ပါလိမ့်မည်။

မိတ်ဆွေ မှတ်မိပါလိမ့်မည်။ တစ်ကြိမ်သောအခါ၌ ကျွန်တော်သည် စိတ္တဇဆရာဝန် ဒေါက်တာသိန်းဇံ သမီး၊ မယ်ဒဂုံမြင့်တင်တင်နှင့် စေ့စပ်ကြောင်းလမ်းခဲ့ဖူး၍ သီတင်းတစ်ပတ်မပြည့်မီပင် ဒေါက်တာသိန်းဇံက ကျွန်တော့်ကို သဘောမကျမှုကြောင့် ပျက်ရပါသည်။ ဒုတိယတစ်ဖန် ကျွန်တော် မန္တလေးမြို့၌ ရွှေမန်းမယ်ညွန့်လွင်လွင်နှင့် စေ့စပ်ပြန်သည်တွင် သုံးရက်မကျော်မီ ဤဒေါက်တာသိန်းဇံကြောင့်ပင် ပျက်ရပြန်ပါသည်။ ထို့နောက်၌ပင် မေ့မေ့ပျောက်ပျောက်ပင် ဘင်ဂျိုတီးခြင်းကို လေ့ကျင့်နေစဉ်တွင် ရုတ်တရက် ကျွန်တော် မမျှော်လင့်သော မယ်ဒဂုံမြင့်တင်တင်နှင့် ရွှေမန်းမယ် ညွန့်လွင်လွင်တို့ နှစ်ယောက်ပူး ရောက်လာပြီး သူတို့အမေကြီး နားထိုင်းတာကို ပျောက်အောင်တီးပေးပါလျှင် သူတို့က ကျွန်တော့်ကို ချစ်ပါမည်ဆိုသောကြောင့် တီးရပါသည်။ ကိစ္စပြီး၍ သူတို့အလို ပြည့်သွားသောအခါ၌ ကျွန်တော့်ကို ဝေ့လည်ကြောင်ပတ် လုပ်ပစ်ကြသည်။

အထူးသဖြင့် မြင့်တင်တင်သည် ကျွန်တော် ဘင်ဂျိုတီးပေး၍ သူတို့

mgyoe.com

mgyoe.com


ရသောငွေနှင့် လင်ဝယ်ပြီး ဘိလပ်လွှတ်သည် ဖြစ်သောကြောင့် သူ့ကို ပို၍ စိတ်နာပါသည်။ မခံချင်ဖြစ်ပါသည်။ ရွံရှာစက်ဆုတ်ပါသည်။ မုန်းပါသည်။ (သည်မောင့်လက်သံတွင်ရှ)

ယခုဖော်ပြခဲ့သော ဖောင်းဖောင်းကား မြင့်တင်တင် မျက်နှာနှင့် တစ်ထေရာတည်း ချွတ်စွပ်ထားသလို တူပါသည်။ ထို့ကြောင့် ကျွန်တော့်မှာ အမျိုးအမည် မပြောနိုင်သော ခံစားမှုကို ဖြစ်ရပါသည်။

သို့ရာတွင် ကျွန်တော့်အဖို့၌ ထူးဆန်းလှပါသည်။ ကျွန်တော့်စိတ်၌ ဤကဲ့သို့ ဖြစ်နေသော်လည်း ဖောင်းဖောင်းကား ကျွန်တော့်ကို သိလျှင်သိချင်း ပျောက်ဆုံးနေသော ခွေးကလေးကို ပြန်တွေ့ရဘိသကဲ့သို့ ရွှန်းရွှန်းဝေလှပါတော့သည်။

အကြောင်းမှုကား စက်ရှင်မင်းကြီးသည် ကျွန်တော့်ကို ပြောပြီး၍ တစ်ဖန် သူ့သမီးဘက် လှည့်ကာ ...

"ဒါ သမီး၊ အတွက်ကယ်လေ မှတ်မိရဲ့လား၊ ငယ်ငယ်က သမီးနဲ့ အတူ နေသွားတာပေါ့"

ဟုပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကလေးမကြီးသည် ရုတ်တရက် ဖြန်းဖြန်းကွဲ ဝမ်းသာအားရ ဖြစ်သွားကာ ...

"ဟေ ... အတွတ်၊ ဒါ ... အတွတ် ကယ်လား၊ ဟုတ်မှဟုတ်ရဲ့လား ဟယ်။ နင် ဟိုတုန်းက ရုပ်နဲ့ နည်းနည်းမှ မတူဘူး။ တစ်သွေးတစ်မွေးကြီး ဖြစ်နေတာပဲ၊ လမ်းမှာတွေ့ရင် ဧကန္တ မှတ်မိမှာ မဟုတ်ဘူး။ နင်ကော ငါ့ကို မှတ်မိပါ့မလား"

ကျွန်တော်ကလည်း ရောယောင်၍ ...

"ဘယ်မှတ်မိမှာလဲ မတွေ့ကြတာ ၁၅ နှစ် တောင်ကြာပြီကပဲ"

"အေးကွယ် ... ကြာလှပြီနော်။ ငါ ဝမ်းသာလိုက်တာဟယ်၊ နင်လာလိမ့်မယ်ဆိုတဲ့ စာရကတည်းက မျှော်နေတာ၊ ဒါပေမဲ့ အခုတွေ့တော့ ငါနင်ရယ်လို့ မထင်မိဘူး။ ဟိုတုန်းကနဲ့ နည်းနည်းမှ မတူတာပဲဟယ်။ အခု ပြောမှသာ။ နို့ သူကကော ဘယ်သူလဲ"

ပေါ်အူးကို လက်ညှိုးထိုး မေးသဖြင့် ....

"ကျွန်တော့်တပည့် ပေါ်အူးလေ"

mgyoe.com

mgyoe.com


လွှတ်ခနဲ ပြောလိုက်ရာ ...

"အမယ် နင်က ငါ့ကို ကျွန်တော်တွေ ဘာတွေနဲ့ ပြောမနေပါနဲ့ ဟယ်၊ နင်က ငါ့ထက် တစ်နှစ်တောင်ကြီးတာပဲ၊ ဟိုတုန်းကလို ရင်းရင်းနှီးနှီး ပြော ကြသာပေါ့ဟယ်။ ငါလေ နင် စာရေးဆရာ ဖြစ်နေတယ်ဆိုတာ ကြားရတော့ သိပ်သဘောကျတာပဲ၊ ငါကလည်း ... စာပေဝါသနာပါလို့ ကလောင်စမ်းချင်တာနဲ့ အမျိုးသမီးကလောင်အဖွဲ့ တော်လေးဝအသင်း တောင် ဝင်ထားသေးတာ သိလား။ အေး ဒါထက် နင့်ကလောင်နာမည်က ဘယ်သူ"

ကျွန်တော့်မှာ ရုတ်တရက်ပေါ်အူးပြောထားသော အောင်မြသွင်၏ ကလောင်နာမည်ကို မေ့နေသဖြင့် ကြောင်အအဖြစ်နေရာ ပေါ်အူးက အလိုက်သိစွာနှင့် ...

"ဟာ ... ဆရာ့ကလောင်နာမည်တွေက တော်တော်များတော့ သူ ဘယ်ဒင်း ရုတ်တရက် ပြောရမလဲတောင် မသိဘူး မမရဲ့။ အခု သူ့ပိုပြီး နာမည်ကြီးတာက စမ်းစိမ့်သွင် လေ"

သူမကြီးသည် အကြီးအကျယ် သဘောကျဟန်နှင့် ...

"ဟာ ... စမ်းစိမ့်သွင် ဆိုတာ နင်လား။ အမယ်လေး နင့်အရေးအသားနဲ့ နင့်နာမည် သိပ်လိုက်တာပဲဟယ်။ နင့် အလွမ်းဝတ္ထုတွေဟာ တကယ့်မျက်ရည်တွေ စမ်းစိမ့်ပြီး တသွင်သွင် ကျလာတာပဲ။ နင် ဟို တလောက ရေးလိုက်တဲ့ လွမ်းဆွေးကြွေမြေပြတ်သတ် ဆိုတဲ့ ဝတ္ထုကြီး များ မပြော ပါနဲ့တော့ဟယ်။ ငါ ဖတ်တိုင်း မျက်ရည်ကျလွန်းလို့ လူကို အသားချလိုက်သလိုပဲ၊ အတော်ချုံးကျသွားတယ် သိရဲ့လား။ ဒါနဲ့ တို့ မယ်ဘဒ္ဒကမ္ဘာ ပါတီမှာတောင် ငနဲမတွေကို အလုကျင့်ကြတဲ့အခါမှာ တချို့ဖက်တီးဖြစ်နေတဲ့ ကောင်မတွေကို အသားကျအောင် ဘာလေ့ကျင့် ခန်းတွေမှ အပင်ပန်းခံကျင့်မနေကြနဲ့။ စိမ့်စမ်းသွင်ရဲ့ လွမ်းဆွေးကြွေ မြေပြတ်သတ် ဝတ္ထုကိုသာ ဖတ်လို့ ပြောကြတယ်။ အမယ်လေး နင့်ဝတ္ထု သိပ်ကောင်းတာပဲဟယ်။ တချို့ပိုပြီး မျက်ရည်လွယ်တဲ့ ကောင်မတွေဖြင့် ဖတ်ရင်းဖတ်ရင်း စာအုပ်က မျက်ရည်နဲ့နူးပြီး စုတ်စုတ်သွားလို့ နောက် တစ်ခါဖတ်ချင်ရင် နောက်တစ်အုပ်ဝယ်ရသတဲ့ သိရဲ့လား"

mgyoe.com

mgyoe.com


ကျွန်တော့်မှာ အောင်မြသွင် ဝတ္ထုရေးကောင်းမှန်း ယခုမှ သိရ၍ ဤနေရာ၌ သူ့ကိုယ်စားနေရသဖြင့် သူမကြီး ချီးမွမ်းသည်တို့ကို နားထောင်ရင်း မြှောက်ပင့်ခြင်းခံရသော စာရေးဆရာ၏ မျက်နှာမျိုး လုပ်နေရပါသည်။ တူမတူကား မပြောတတ်ပါ။ သိပ်ပြီး ချီးမွမ်းလာလျှင် မျက်စိ ပျာလတွတ် ပျာလတွတ်လုပ်၍ လက်သည်းကို ကိုက်ရသည်ဟု ကြားဖူးသဖြင့် နောက်ထပ် ချီးမွမ်းခဲ့သော် အဆင့်သင့်ဖြစ်ရန် လက်ကို အသင့်ပြင်ထားရပါသည်။ သို့သော် ကံအားလျော်စွာပင် ဖောင်းဖောင်းသည် နေသားတကျမရှိသော ကျွန်တော့် သေတ္တာများကို မြင်သွားသဖြင့် ...

"ဟော့ ... နင်တို့ ရောက်လာတာ မကြာသေးဘူးလား၊ အခုမှ ဧည့်ခန်းတင် ရှိသေးတယ်။ လာကြ လာကြ။ ရေမိုးချိုးပြီး အဝတ်အစားပါ လဲရအောင် နောက်ပြီးမှ အေးအေးဆေးဆေး ပြောကြပြန်တာပေါ့။ ငါလည်း အဝတ်လဲရဦးမယ်" ဟုဆိုပြီး ရှေ့က ဦးဆောင်ခေါ်သွားမှ ကျွန်တော်တို့သည် သူ့နောက်က သေတ္တာများဆွဲ၍ လိုက်သွားရပါတော့သည်။

စောစောက ရန်ဖြစ်နေကြ၍ ဖောင်းဖောင်းရောက်မှ နားကြရသော လူကြီးတို့လည်း ကျွန်တော်နှင့် ဖောင်းဖောင်းပြောသော စကားတို့ကို နားထောင်ရင်း ဆိတ်ငြိမ်နေရာမှ ကျွန်တော်တို့ အပေါ်ထပ် တက်သွားသည်ကို ငေး၍ ကျန်ရစ်ခဲ့ပါသည်။

အားလုံးထဲတွင် အပျိုကြီးဒေါ်ဝင်းမှာ ကျွန်တော်ရှိနေသမျှ သူ့ကြောင်ကို သူ့ပေါင်ပေါ်မှ မချပါ။ ကျွန်တော့်ကိုလည်း အတော်ပင် ချဉ်ပုံရပါသည်။ စင်စစ် ကျွန်တော်က ကြောင်ကို ချစ်သူဖြစ်ပါသည်။ သို့သော် အောင်မြသွင်ငယ်ငယ်က မိုက်ခဲ့သမျှ ယခု ကျွန်တော်ကချည်း တာဝန်ယူနေရပါသည်။

"အား ... ဟော့ ပေါ်အူး"

"ဆရာ"

ကျွန်တော်သည် ဖောင်းဖောင်းက နေရာချသွားသော အခန်း၌ ရောက်၍ ရေမိုးချိုး အဝတ်အစားလဲပြီးနောက် ဆရာတပည့်နှစ်ယောက်တည်း အေးအေးဆေးဆေးရှိသောအခါ လွတ်လပ်စွာ စကားပြောကြပါသည်။

mgyoe.com

mgyoe.com


"ဒီအိမ်သားတစ်စုကဖြင့် အခုတွေ့တဲ့အတိုင်းဆိုရင် အတော်ဆိုးတာပဲကွ"

ပေါ်အူးကပင် စိတ်ပျက်ဟန်ဖြင့် ....

"ဆိုးဆို ဆရာ၊ အများတကာ ဆိုးတာထက် ကိုးဆယ်ဆ ပိုပါတယ်ဗျာ"

"ကိုးဆယ်မက ၇၅ ဆပါပဲကွာ။ သူတို့ မတည့်ရုံမက ငါ့ကိုလည်း ဟိုအပျိုကြီးနဲ့ မုဆိုးမကြီးက မျက်မုန်းကျိုးကြတယ်ကွ..."

"ဒါက ဆရာ၊ ကိုအောင်မြသွင် ငယ်ငယ်က ဆိုးခဲ့တာတွေကို သူတို့က အမှတ်သညာထားနေကြတာပဲ"

"အေးကွယ် မကောင်းမှုဒဏ် ပုဏ္ဏားခံဆိုတာလို အောင်မြသွင် အစား ငါ့အပေါ်မှာချည်း ကျနေတော့တာပဲ။ ဒီအတိုင်းဆိုကွာ သူထောင်ကျတာနဲ့ ငါနဲ့ ပြန်တောင် လဲလိုက်ချင်ပါတယ်"

"ဒါပေမဲ့ ဆရာ ဟိုကလေးမကြီးကဖြင့် ဆရာ့ကို တော်တော်ဂရုစိုက်ပါလိမ့်မယ်"

"ဘယ်က ကလေးမကြီးလည်းကွ"

"ဟို ဖောင်းဖောင်းဆိုတာကြီးလေ"

"အမယ်လေး ဒါကြီးမြင်ရတာ ငါ့စိတ်ထဲ ဘယ့်နှယ်နေမှန်းမသိဘူးကွ"

"အမယ် ဆရာကလည်း တုံးတုံးရုန်းရုန်းကြီးနဲ့ တကယ်နိပ်တဲ့ဟာကြီးပဲ ဆရာရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ။ ဒါပေမယ့် ဟေ့ ... ဟေ့ မင်းသူ့ကို မြင်ရတော့ တို့ တွေ့ဖူးတာထဲက ဘယ်သူ့ကို သတိရသလဲကွ"

"ဟာ ... ဆရာကလည်း သူနဲ့ ညီအစ်မဝမ်းကွဲတော်တဲ့ အရင် ဆရာ့အဆက်ဟောင်း မယ်ဒဂုံ မြင့်တင်တင်ကို သတိရတာပေါ့ဗျ"

"ဟေ ... သူနဲ့ မြင့်တင်တင်က ညီအစ်မ ဝမ်းကွဲလား"

"ဟုတ်တာပေါ့ ဆရာရဲ့၊ အခု သူ့အမေ ဒေါ်တင်ညွာနဲ့ ဒေါက်တာသိန်းဖံမိန်းမ ဒေါ်ခင်သာဟာ ညီအစ်မအရင်းပဲ ဆရာရဲ့"

"ဟေ ... ဟုတ်လား။ ဒါကြောင့် တူတာကိုးကွ။ မင်း ဘယ်တုန်းက

mgyoe.com

mgyoe.com


သိတာလဲ"

"ကျွန်တော် ကိုအောင်မြသွင်ဆီက မေးခဲ့တာပါဆရာ"

"အေးကွယ် ... သူ့ရုပ်က မြင့်တင်တင်နဲ့ တူလွန်းတော့ ငါ့အရင် မြင့်တင်တင်အပေါ်မှာ စိတ်နာခဲ့တာတွေဟာ သူ့အပေါ် ရောက်နေသလို ဖြစ် နေတယ်ကွ"

"ဒါ ခဏမို့ပါ ဆရာ၊ တော်တော်ကြာရင် ကလေးမကြီးက ဆရာ့ကို ဂရုစိုက်တာနဲ့ အဆင်ပြေသွားပါလိမ့်မယ် ဆရာ"

"ဒေါက် ... ဒေါက်"

ဤစဉ်တွင် ကျွန်တော်တို့ အခန်းတံခါးခေါက်သံ ကြားရသဖြင့် ကျွန်တော်တို့ စကားပြော ရပ်သွားကြပါသည်။

"ဟော့ ... အတွတ် အဝတ်လဲပြီးပလား၊ လာဟော့ ခြံထဲဆင်း လမ်းလျှောက်ရအောင်"

ကျွန်တော့်မှာ ဖောင်းဖောင်း၏ အသံကို ကြားရသည်နှင့်ပင် မြင့်တင်တင် အသံနှင့် တူလှ၍ စိတ်မသက်သာ ဖြစ်သွားကာ ...

"ဟော့ ပေါ်အူး၊ ငါ နေမကောင်းဘူးလို့ သွားပြောလိုက်စမ်းကွာ" ဟု တိုးတိုးပြောလိုက်ပါသည်။

ပေါ်အူးသည် ကျွန်တော့်နားမှ ထသွားကာ တံခါးကို အနည်းငယ် ဖွင့်၍ ...

"မမ၊ ဆရာ နေမကောင်းလို့ အပြင်မထွက်ချင်ဘူးတဲ့ဗျာ"

ဤတွင် ဖောင်းဖောင်းအသံသည် ပို၍ ကျယ်လာကာ ...

"ဟေ အတွတ် နေမကောင်းဘူးလား။ အစက ငါ့ ပြောရောပေါ့ဟယ်၊ ဒါနဲ့များ ရေသွားချိုးလိုက်ရသေးတယ်။ မှန်း ကိုယ်ပူသလား"

ပြောပြောဆိုဆို အခန်းထဲဝင်လာပြီး ကျွန်တော့်ခုတင်ပေါ် တင်ပါးလွှဲထိုင်ကာ လူမမာဟန်ဖြင့် အဆင်သင့်ပက်လက်လှန်သော ကျွန်တော့်နဖူးကို စမ်းပါတော့သည်။

ပိုးတွန့်လုံချည်လျှော့ပါးပါး၊ အသားနုပေါ်ပလင်ဖြင့် 'ဘလောက်(စ်) လက်ပြတ် ဆံကေသာဖွတ်မြီးထိုး၊ ဘင်္ဂလား ကျွဲမချိုလိမ်ပတ် သနပ်ခါးရေကျဲ ရနံ့သင်းပျံ့ပျံ့ နှုတ်ခမ်းတော် တျာတျာနီနှင့် ...

mgyoe.com

mgyoe.com


"ဟော့ နင်ကိုယ်လည်း မပူပါလား။ ကေန္တ နင်ခရီးပန်းပြီး ဝမ်းချုပ်တယ် ထင်တယ်။ ည ထမင်းစားပြီးတော့ ဝမ်းနုတ်ဆေး စားနော်။ ကဲ ... နေမကောင်းလည်း လေစိမ်းအတိုက်မခံနဲ့ ဒီအခန်းထဲမှာပဲ တုံးလုံးလှဲနေကွာ"

ဟုဆိုပြီး ကျွန်တော့်နဖူးကို စမ်းရာမှ အင်္ကျီလည်ပင်းဟနေသည်ကို စေ့ပေးရင်း ...

"ဟေ ... နေမကောင်းတာကလည်း ရှပ်အင်္ကျီမီးပူတိုက် စတစ်ကော်လာကြီးနဲ့ ပိုးလုံချည် ဝတ်ထားရလားကွ"

ကျွန်တော့်မှာ စကားစရှာရကာ ...

"အား ... အစဦးတော့ နေကောင်းသားပဲ၊ အပြင်ထွက်မယ်လို့ အဝတ်လဲပြီးမှပဲ"

"အေး ... ဟုတ်ပါပြီ ... ငါပြောတာ။ ခရီးညောင်းပြီး ဝမ်းချုပ်တာ၊ ကဲ ... ကဲ ရှပ်အင်္ကျီပျော့ပျော့ လဲထားရအောင် ဒါကို ချွတ်"

ဟုဆိုရင်း အင်္ကျီကြယ်သီးများကို ဖြုတ်ပေးကာ ...

"ဟော့ ... မင်းတပည့် ဘယ်သူကွ၊ အဲ ... အဲ ပေါ်အူး၊ ကဲ မင့်ဆရာ အဝတ်လဲဖို့ ပေးပါဦးကွာ"

ဟုဆိုသဖြင့် ပေါ်အူးက အလိုက်သင့်စွာ ထုတ်ပေးရပါသည်။

ကျွန်တော် အဝတ်အစားလဲနေစဉ် ဖောင်းဖောင်းသည် ကျွန်တော့်အား ချာတိတ်ငယ်ကလေးကို ကြည့်သလို ပိုင်စိုးပိုင်နင်း ကြည့်ကာ ...

"အင်း ... မင်းဟာ ကလေးလေးလိုပဲ။ ဂရုတစိုက် ပြုပြင်ပေးဖို့ လူ လိုသေးတယ်" ဟုပြောလိုက်ရာ ကျွန်တော့်မှာ ရုတ်တရက် မကျင်ရီ (ကျင်စာရီ) က သူ့လင် တင်မောင်ရင်သို့ ပြောသောစကားကို သွား၍ သတိရမိသဖြင့် အင်း ငါတော့ ဒါမျိုးနဲ့ ကြုံရပြန်ပြီဟု စိတ်ထဲမှ ရေရွတ်ရင်း သက်ပြင်းချလိုက်မိပါတော့သည်။

နောက်ခဏ၌ ကျွန်တော့်မှာ ကိုယ့်စကားနှင့်ကိုယ် ခုတင်ပေါ်၌ လူနာလုပ်နေရ၍ ဖောင်းဖောင်းသည် ကျွန်တော့်အနီးတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ရန်ကုန်က စာရေးဆရာများအကြောင်းကို မေးပါတော့သည်။

ကျွန်တော့်မှာ မသိဘဲနှင့် သိဟန်ပြု၍ သူမေးသမျှ ဟုတ်ချင်ဟုတ်၊

mgyoe.com

mgyoe.com


မဟုတ်ချင်နေ ရမ်းသမ်းပြီး ဖျန်းရပါတော့သည်။

သူမေးသည်တို့တွင် စာရေးဆရာမ ကျင်စာရီနှင့် တိမ်ညွှန့်ကြည် (ကြည်ကြည်ထွေး၊ ဟိုဝန်ကြီးတူမ)တို့အကြောင်းကို ပိုမိုမေးမြန်းပါသည်။ အမှန်ကား ကျွန်တော်သည် ဝတ္ထုစာပေတို့ကို ဖတ်သူမဟုတ်၍ မည်သူရေးသော စာကိုမျှ အဘယ်သို့ဟု သိသူမဟုတ်ပါ။ သို့သော် ရမ်းဖြီးနေရာမှ ဖောင်းဖောင်းက ထိုစာရေးဆရာမနှစ်ယောက်အကြောင်းကို မေးလာသဖြင့်...

"နေပါဦး ဖောင်းဖောင်းရဲ့၊ ဖောင်းဖောင်းက ကျင်စာရီတို့ တိမ်ညွှန့်ကြည်တို့နဲ့ လူချင်းသိလို့လား"

"လူချင်းတော့ ဘယ်သိဦးမလဲကွ စာချင်းဆက်ပြီးတော့ သိတာပေါ့၊ ယောကျ်ား စာရေးဆရာတွေကတော့ မိန်းမစာရေးဆရာမ ရေးတာတွေကို ဂရုစိုက်ပြီးတော့ ဖတ်ချင်မှ ဖတ်မှာလေ။ သူတို့ရေးတာက တို့မိန်းကလေးတွေအတွက် သိပ်ကောင်းတာပဲ။ ဟိုတလောကများ ကျင်စာရီနဲ့ တိမ်ညွှန့်ကြည် နှစ်ယောက်တွဲရေးတဲ့ 'ကာမအိမ်ထောင် မီးတပြောင်' ဆိုတဲ့ စာအုပ်ထဲမှာလေ မိန်းကလေးတွေ ရည်းစားဘယ်လိုထားရမယ်။ နောက် ညားကြတဲ့အခါ လင်ကို ဘယ်လိုငယ်နိုင်ကိုင်ရမယ်။ ဘယ်လိုပြုပြင်ရမယ်ဆိုတာတွေ စုံလို့ကွ။ သူတို့ စာအုပ်ဖတ်ပြီးကတည်းကပေ့ လင်ယူရမှာကို ကြောက်ဖို့မပြောနဲ့တော့ လင်ဆိုတာ ကစားစရာကလေးပါလားလို့ စိတ်ထဲမှာ အောက်မေ့သွားတာပဲ။ တကယ်ကွာ အမျိုးသမီးကလေးတွေတိုင်း ဖတ်သင့်တယ်။ အဲဒီစာအုပ် ရည်ရွယ်ချက်က လောကမှာ မိန်းမသာလျှင် ပဓာန။ မိန်းမက ပြုပြင်ရင် ဒီကမ္ဘာကြီးဟာ ပက်လက်လန်ရမယ်။ မိန်းမဟာ ယောကျ်ားရဲ့ နဖားကြိုးပဲ"

ကျွန်တော်မှာ သူပြောသည်တို့ကို နားထောင်ရင်း 'အင်း ... ကျင်စာရီတို့ တိမ်ညွှန့်ကြည်တို့ ပါတီဝင်တော့ တွေ့နေပြန်မှပဲ' ဟု တွေးမိကာ သူက ကျွန်တော့်ကို အတင်းဖက်နမ်းသည့်တိုင်အောင်မှ ကိုယ်လွတ်ရန်းပြေးရန် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

ညစာ ထမင်းစားကြသောအခါ၌ စက်ရှင်မင်းကြီး လင်မယား၊ အပျိုကြီး ဒေါ်လေးဝင်း၊ မုဆိုးမကြီး ဒေါ်ထွား၊ ဖောင်းဖောင်းနှင့် ကျွန်တော်ပါ ခြောက်ယောက် တစ်စားပွဲ စားရပါသည်။ ဖောင်းဖောင်းသည် ကျွန်တော်

mgyoe.com

mgyoe.com


နှင့် အနီးဆုံးထိုင်လျက် ယခုအခါတွင် ဘယ်ဒင်းနှင့် ဘယ်ဒင်း ကျွန်တော် နှင့် မတည့်ဘူး။ ဘယ်ဒင်း၊ ဘယ်ဒင်းစားဟု ကျွန်တော့်ကို မစားတတ် မသောက်တတ် ရှက်အမ်းအမ်း ဖြစ်အောင်ပင် အသေးစိတ် ဂရုစိုက်လှပါ တော့သည်။

လူကြီးများက သူတို့ ရန်ဖြစ်သည်ကို ရပ်နားသည်ဖြစ်ရာ ကျွန် တော်၏ ငယ်စဉ်တောင်ကျေးက ကလေးအကြောင်းတို့ကို ပြောပါသည်။ သူတို့ပြောကြသည်မှာ ကျွန်တော့်အတွက် တစ်ကွက်မျှ မသက်သာပါ။

နံပါတ် (၁) ဖောင်းဖောင်းအမေ ဒေါ်တင်ညွှာက ကျွန်တော် ငယ်စဉ် က အလွန်အစားကြီးကြောင်း၊ ဆွမ်းတော်တင်ကို ခိုးစားတတ်ကြောင်း၊ နံနက်အိပ်ရာထ အိမ်ဆူအောင် ငိုတတ်ကြောင်း ....

နံပါတ် (၂) စက်ရှင်မင်းကြီးကမူ ကျွန်တော် အလွန်စာသင်ပျင်း ခဲ့ကြောင်း၊ ကျောင်းမသွားချင်၍ ခဏခဏ ရိုက်ရကြောင်း ....

နံပါတ် (၃) မုဆိုးမကြီးဒေါ်ထွားကား ကျွန်တော်မှာ မိခင်ကို အလွန် ညှင်းဆဲကြောင်း ...

ခရီးကထင်းသွားလျှင် သူများပစ္စည်းမှန်း၊ တစိမ်းပစ္စည်းမှန်းမသိ တွေ့ကရာ မြင်ကရာ မရ,ရအောင် ပူဆာတတ်ကြောင်း၊ ထို့ပြင် အလွန် အကျင့်တန်ကြောင်း၊ တစ်ခါက ၄–၅ မိုင်မျှ ဝေးကွာသော အရပ်သို့ ကျွန် တော် ၃ ခါလည်သား၌ သွားလည်ရာ နောက်ဖေးသွားချင်သည်ကို ထိုအိမ် က အိမ်သာတွင် အကာမရှိ၍ မယိုချင်သောကြောင့် အိမ်ကို ချက်ချင်းပြန် ပို့ရကြောင်း။

နံပါတ်(၄) အထူးသဖြင့် အပျိုကြီးဒေါ်လေးဝင်း ပြောသည်မှာ ကျွန် တော်သည် အလွန်အကျင့်တန်သည်ကို မြင်ရသည်နှင့်ပင် သူ သားသမီး မွေးရမည်ကို စိတ်ပျက်၍ ယခုတိုင် အိမ်ထောင်မပြုဘဲ နေခဲ့ကြောင်း၊ ကျွန် တော် ငယ်ငယ်က သူ့ကြောင်ကလေးများအား နှိပ်စက်ခဲ့သည်ကို ယနေ့ အထိ မမေ့သေးကြောင်း စသည်ဖြင့် အသီးသီးအကျယ်ချဲ့၍ ပြောဆိုလျက် နောက်ပိတ်ဆုံးအချုပ် ယောဂီမကြီး ဒေါ်သင်ဇာက ထမင်းပွဲနံဘေးမှ ပြော လိုက်သည်ကား ...

ကျွန်တော်မှာ ဤသို့ အကျင့်တန်လှသော်လည်း မယားလိုချင်သော

mgyoe.com

mgyoe.com


စိတ်မှာမူ ၈ နှစ်၊ ၉ နှစ်သားကပင် ပေါ်ခဲ့၍ မည်သူ့သမီးနှင့် မည်သို့ ကစားကြောင်းတို့ကို ပြောလေရာ ကျွန်တော်နှင့် ဖောင်းဖောင်းမှာ မျက်နှာ မထားတတ်အောင်ပင် ဖြစ်ရပါတော့သည်။

"ဩော် … အောင်မြသွင် အောင်မြသွင် မင်းမကောင်းသမျှ၊ ငါ့ခေါင်း ချည်းပေါ့ကွာ"

သို့သော် အဘယ်ကုသိုလ်ကြောင့်မသိ ကျွန်တော့်ကို သဘောကျနေ သော ဖောင်းဖောင်းကမူ ငယ်စဉ်က ဆိုးခဲ့သော ကလေးများသည် ကြီးလျှင် ထွန်းကားတတ်၍ ယခုကျွန်တော်မှာ နာမည်ကျော်စာရေးဆရာ ဖြစ်နေ ကြောင်းနှင့် ဂုဏ်ယူပါသည်။ ဤသည်လည်း ကျွန်တော့်အဖို့ တစ်ဒုက္ခ။

ညအိပ်ခါနီး၌ ဖောင်းဖောင်းသည် ကျွန်တော့်အဖို့ ဝမ်းနုတ်ဆေး ယူလာပြီး၊ မသောက်မချင်း မနေရ တိုက်ပါသည်။ ဝမ်းမချုပ်ဘဲနှင့် ဝမ်းနုတ်ရသည်ဖြစ်၍ နောက်တစ်နေ့၌ ကျွန်တော် မည်ကဲ့သို့ ….။ မိတ်ဆွေပဲ တွေးကြည့်ပါတော့။ ထိုအခါ၌ ဖောင်းဖောင်းက အလုပ်မရှိ အလုပ်ရှာ၍ ကျွန်တော့်ကို လူနာအဖြစ်နှင့် ပြုစုနေပါသည်။

အမှန်အတိုင်း ပြောရသော် ကျွန်တော်၏ရုပ်ရည်မှာ တွေ့မြင်ကာ မျှနှင့် မိန်းကလေးများ စွဲမက်လောက်အောင် ချောမောလှပသူ မဟုတ်သည့် ပြင် အတန်ကြာမျှ ဆက်မိလျှင်ပင် ကျွန်တော်၏ အကျင့်စာရိတ္တကြောင့် ကလေးမတို့၏ နှာခေါင်းရှုံ့ခြင်း၊ နှုတ်ခမ်းတွန့်ခြင်းကို ခံရသူဖြစ်ပါသည်။ သို့ရာတွင် ဤဖောင်းဖောင်းသည်ကား ကျွန်တော်နှင့် အဘယ်ကဲ့သို့ ပါရမီ ပါလေသည်မသိ။ မချိတင်ကဲနေလောက်အောင်ပင် ကျွန်တော့်ကို ဂရုစိုက် လှပါသည်။ စင်စစ်အားဖြင့် မြင့်တင်တင်ကို အသည်းစွဲချစ်ခဲ့ဖူးသော ကျွန် တော်သည် ငှင်းညီမဝမ်းကွဲနှင့် တစ်ထေရာတည်းတူသော ဖောင်းဖောင်း ကို ရှောင်ကြဉ်စရာ မရှိပါ။ မြင့်တင်တင်ကို နာခဲ့သောစိတ်များ သူ့အပေါ် ၌ မကြာမီကုန်၍ မေတ္တာသက်ရောက်သင့်ပါသည်။ သို့ရာတွင် သူ၏ အတွင်းသဘောမှာ လင်နိုင်စာရေးဆရာမ ကျင်စာရီ၊ တိမ်ညွန့်ကြည် တို့နှင့် တူလှသဖြင့် လင်ကို ဟာစင်ဘေဘီ (Husban baby) ခေါ်၍ ခါး ထစ်ခွင်မည် ဖြစ်သောကြောင့် ကျွန်တော်မှာ အသည်းနှလုံးတုန်အောင်ပင် ကြောက်ရွံ့၍ နေပါသည်။ သူ့ကို ရှောင်နိုင်သမျှ ရှောင်ပါသည်။ သို့ရာ

mgyoe.com

mgyoe.com


တွင် သူသည် နံနက်တစ်ခါ၊ ညတစ်ခါ ဟိုလေ့ကျင့်ခန်း ယူသည်မှတစ်ပါး အခြားအချိန်တို့တွင် ကျွန်တော်နှင့် တတွဲတွဲနေချင်သောကြောင့် ကျွန်တော့်မှာ အသက်ရှုကြပ်ပါသည်။ ခါတိုင်း သူ ဘက်ထ်မင်န်တံရိုက်သွားသည်မှာ ယခု ကျွန်တော် မလိုက်ချင်ဟု ဆိုသဖြင့် သူ မသွားတော့ပါ။ သို့တိုင်အောင် သူသည် ကျွန်တော့်အား မရမက ဟိုဟိုဒီဒီခေါ်သွား၍ အလွမ်းစာရေးဆရာ နာမည်ကျော် 'စမ်းစိမ့်သွင်'ဟုဆိုပြီး သူ့မိတ်ဆွေများကို လျှောက်ပြတတ်ပါသေးသည်။ အချို့ အလွမ်းဝတ္ထုကြိုက်ကလေးမများလည်း ကျွန်တော့်ကို ဂေါ်သည်ဟု ထင်မိပါသည်။ ဤကဲ့သို့ ဂေါ်ဟန်တူသူ ကလေးမများထံသို့ကား ဖောင်းဖောင်းသည် ကျွန်တော့်ကို နောက်ထပ်ခေါ်မသွားတော့ပါ။ စင်စစ်ကား သူတစ်ဦးတည်း ပရိုက်ပိတ်ဂေါ်လို၍ဖြစ်ပါသည်။ သို့တိုင်အောင်မှ ကျွန်တော် မသက်သာပါ။ အချို့ကလေးမများသည် အိမ်တိုင်ယာရောက် လိုက်လာပြီး ဂေါ်ကြပါသေးသည်။

"ကလေးမတွေတော့ ဆရာ့အတွက်နဲ့ ဘယ်နေ့ ရိုက်ပွဲ ဖြစ်မလဲပဲ ဆရာ"

ဤစဉ်က ပေါ်အူး မကြာခဏ ပြောလေ့ရှိပါသည်။

ပေါ်အူး ပြောမည်ဆိုလည်း ပြောစရာ။ ကလေးတွေကိုက လွန်လွန်း၏။ သို့ရာတွင် သူတို့လည်း သိပ်ပြီးတော့ အပြစ်မဆိုထိုက်ပါပေ။ အကြောင်းသော်ကား အလွမ်းစာရေးဆရာတို့မည်သည် (ကျွန်တော်၏ ကိုယ်တိုင်သိမဟုတ်၊ သူတို့ချင်း အတွင်းသိ စာရေးဆရာတစ်ယောက်က ဖောက်သည်ချသောကြောင့်သာ) စိတ်နုသောကလေးမတို့ နှစ်သက်လာအောင် အညုအခရာ၊ ပလီပလာ၊ တီတီတာတာ ရေးတတ်သည်။ လွမ်းတတ်၊ ဆွေးတတ် ဖွဲ့နွဲ့တတ်သည်။ သို့သော် သူတို့ကား အများအားဖြင့် အရုပ်မလှသူများ ဖြစ်ကြကုန်၏။ ထို့ကြောင့်ပင် အနှီ ရူပကာမ ဆောင်တွင် သူတို့ဂေါ်မစွန်၍ ချစ်ရေးရှုံးနိမ့် လွမ်းဆွေးဖွဲ့နွဲ့တတ်ကြခြင်း ဖြစ်သည်။ ဤသဘောအတိုင်းပင် ရုပ်ညံ့လေ အညုအတာကောင်းလေဖြစ်ကာ သူ့စာကို ကလေးမများ မနေနိုင်လောက်အောင် သဘောကျလှ၍ လာရောက်တွေ့ဆုံကြသောအခါ၌ ဤသည်ပင် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ဖြစ်တတ်ကြကုန်သတည်း။ ယခုမူ ကျွန်တော်၏ ဖြစ်အင်ကြုံနေရသည်ကား ကျွန်တော်

mgyoe.com

mgyoe.com

၏ ရုပ်ရည်ရူပကာယမှာ ဖော်ပြခဲ့သည့်အတိုင်းပင် မြင်တွေ့ကာမျှနှင့် ကွယ်လွန်သူ အမေရိကန် ဇာတ်လိုက်မင်းသား ဘလင်တီနိုကဲ့သို့ ကလေးမတွေ စွဲမက်သွားလောက်အောင် ချောမောလှပသူ မဟုတ်သော်လည်း တစ်စုံတစ်ယောက်သော မိန်းကလေးသည် ကျွန်တော့်အပေါ်၌ သဘောကျစရာ တစ်စွန်းတစ်ကွက်ကို နှစ်သက်မိ၍ ချစ်သူအဖြစ် ရွေးချယ်မည် စိတ်ကူးပါက ကျွန်တော်၏ရုပ်ဆင်းသဏ္ဌာန်မှာ မည်သို့သောနည်းနှင့်မျှ ငြင်းဆိုရန် အကြောင်းရှိသူ မဟုတ်ပေတကား။ ယခု အသားညိုခြောက်ခြောက် မှဲ့ပြောက် ဝက်ခြံ စကားကြဲနှင့် ရုပ်ရည်နည်းသူ အလွမ်းစာရေးဆရာ အောင်မြသွင်၏ အရေးအသားတို့ကို ကျွန်တော့်ရုပ်နှင့် ဆက်စပ်ထားသည်ဖြစ်လေရာ အဘယ်မှာလျှင် အလွမ်းဝတ္ထုကြိုက်ကလေးမများ သဘောမကျဘဲ ရှိတော့အံ့နည်း။

သို့သော် ... ကျွန်တော့်ဘက်က ကြည့်ကြပါဦး။ ကျွန်တော်တို့လို ယောကျာ်းကလေး အမျိုးအစားသည် မိမိကသာ ဂေါ်သောအမျိုးဖြစ်လျက်၊ မြစ်ရေကို အောက်မှတန့်၍ အထက်သို့ ဆန်စေဘိသကဲ့သို့ မိန်းကလေးများ၏ ဝိုင်းဝန်းဂေါ်ဂက်ခြင်းကို ခံရလေရာ ကျွန်တော့်မှာ ကြာလျှင် ခက်ရချည့်။ ဥပမာတန္တု မိန်းကလေးတစ်စုသည် ယောကျာ်းကလေး တစ်ရာစု၏ ဝိုင်းဝန်းဂေါ်ခြင်းကို ခံရစေကာမူ သူသည် အဂေါ်ခံသောအမျိုးအစား သက်သက်ဖြစ်၍ ကိစ္စမရှိ။ ယခု ကျွန်တော့်မှာမူ ပြုတ်စားရသော ပစ္စည်း မီးနှင့်ကင်ဘိသို့၊ ထို့ကြောင့် ...

"ဟော့ ... ပေါ်အူး၊ ငါတော့ ကြာရင် ခက်ရချည့်ကွာ ..."

"ဘာကိစ္စရှိလဲဆရာ၊ ဆရာ့စိတ်ထဲမှာ ဒါလောက်တောင် ဖြစ်နေရင် မနက်ဖြန် ကျွန်တော် ဈေးက ဖူးစကတ်ပေပါတွေ တစ်ထုပ်လောက် ဝယ်ခဲ့မယ်။ ဆရာက အခန်းတံခါးပိတ်ပြီး တစ်ခု ဟိုဝတ္ထုဘာကို အောင်မြသွင် ရေးမယ် ပြောလိုက်တာ ဩော... ဩော ... ဝေ့စိန်နှမပေး ဆိုတဲ့ ဝတ္ထု ရေးနေတယ်။ ဘယ်သူမှ မတွေ့နိုင်ဘူးလို့ ပြောတာပေါ့ဆရာ"

"အေး ... ဟုတ်ပြီ ဟုတ်ပြီ ဒါပေမဲ့ကွ ဖောင်းဖောင်းကြီးက ရေးပြီးသား ကော်ပီကြည့်ချင်တယ် ပြပါဆိုရင် ဘယ်ဒင်းပြမလဲကွ"

"ဒါတော့ ဆရာ စာရေးဆရာတို့မည်သည်မှာ ရေးပြီးသား ကော် ပီ

mgyoe.com

mgyoe.com


ပုံမနှိပ်ခင် ပတ်ဗလစ်ရှာက လွဲပြီး ဘယ်သူမှ မပြရဘူးလို့ ပြောတာပေါ့ ဆရာ"

"အေးကွာ ... မင်းပဲ ကြည့်စီမံတော့"

ကျွန်တော်မှာ ဤမြောင်းမြသို့ ရောက်၍ ဆယ်ရက်မြောက်သော နေ့ကစပြီး ပေါ်အူးအကြံပေးသည့်အတိုင်း အခန်းအောင်းရပါတော့သည်။ ထမင်းစားချိန်မှလွဲ၍ ကျွန်တော် အောက်သို့ မဆင်းရပါ။

ပေါ်အူးကား အပြင်မှနေ၍ ယခုစာရေးဆရာ စမ်းစိမ့်သွင်သည် တစ်နိုင်ငံလုံးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေသော ကရင်–မြန်မာ ချစ်ကြည်ရေးအတွက် ဝေ့စိန်နှမပေး ဝတ္ထုကြီးကို ရေးနေသောကြောင့် ဝတ္ထုမပြီးမချင်း မည်သူနှင့်မျှ မတွေ့နိုင်ကြောင်း ဆီး၍ပြောနေရပါသည်။ အချို့ကလေးမများမှာလည်း မကျေနပ်၊ အချို့ကလည်း 'အေး ... တိုင်းပြည်အတွက်ဆိုတော့လည်း ရေးပါစေလေ'ဟုဆိုပြီး ပြန်ကြကုန်သည်။

သို့သော် ကျွန်တော်မှာ လေး ငါး ရက်မျှသာ အခန်းအောင်းနေနိုင်၍ နောက်ကြာသောအခါ ညောင်းညာလာပြီး ဟိုဟိုဒီဒီလမ်းလျှောက်ချင်လာသောကြောင့် အပြင်သို့ ထွက်ခဲ့မိလျှင် အခြားကလေးမများသည် ကျွန်တော့်ကို မတွေ့နိုင်ကြောင်းသိ၍ မလာကြသော်လည်း ဖောင်းဖောင်းတစ်ယောက်နှင့်မူကား ဒက်ထိတိုး၍ နေတတ်ပါသည်။ ထိုအခါ၌ သူသည် ကျွန်တော့်အား 'သိပ်ပြီး အညောင်းမခံနဲ့ ကျန်းမာရေး ဂရုစိုက်ဦး၊ တစ်သက်လုံး လူလုပ်ရမှာ' အစရှိသည်ဖြင့် ဆုံးမတတ်၍ အခုဝတ္ထု ဘယ်လောက်ပြီး သွားပြီလဲ၊ ဘာတွေကို ရေးသလဲ'မေးတတ်ပေရာ ကြံဖန်လည်ဆယ်၍နေရသော ကျွန်တော်မှာ အကြီးအကျယ်ပင် အခက်တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော် သူ့ကို ရှောင်နိုင်သမျှ ရှောင်ပါသည်။ သူ့အရိပ်အခြည်ကို ပေါ်အူးအား မေးပြီးမှ ကျွန်တော် အပြင်ထွက်ဝံ့ပါသည်။ သို့သော် သူသည် အမဲလိုက်ခွေးကဲ့သို့ အနံ့ခံနေသည်ဖြစ်သောကြောင့် ရှောင်ရန် မလွယ်ကူပါ။ တစ်ခါတစ်ရံ လှေကားတွင် ဆုံနေတတ်ပါသည်။ တစ်ခါတစ်ရံ ကျွန်တော် နောက်ဖေးပေါက်က ထွက်လျှင် မီးဖိုချောင်၌ တွေ့နေတတ်ပါသည်။ သို့ မတွေ့သည့်တိုင်အောင်မှ သူသည် မကြာခဏ ကျွန်တော့်ကို မမြင်လျှင် အပြင်တွင် မတွေ့တွေ့အောင် ရှာနေတတ်ပါသည်။
mgyoe.com

mgyoe.com


နောက်ပိတ်ဆုံး၌ကား ကျွန်တော်သည် မတတ်သာတော့ဘဲ ပြည်ရွှေတောင်က ယင်းထောင်တက် ထန်းသမားများကဲ့သို့ စွန့်စားခြင်းကို ပြုရပါတော့သည်။ အကြောင်းသော်ကား ပေါ်အူး၏ အကြံပေးချက်အရ၊ သူတို့အိမ် ရေနံသုတ်စဉ်က ပြုလုပ်ထားသော လှေကားကြီးကို ကျွန်တော့်အခန်းပြတင်းပေါက်နားသို့ ရွှေ့ထား၍ ထိုလှေကားမှ ဆင်းခြင်း တက်ခြင်း ပြုရပါတော့သည်။

ဤသို့ဆိုလျှင် ကျွန်တော်သည် နေ့လည်နေ့ခင်း ပျင်းရိညောင်းညာသောအခါများ၌ ဖောင်းဖောင်းမသိအောင် ပေ ၄၀ မျှရှိသော လှေကားကြီးမှ ဆင်း၍ သစ်ပင်များအကွယ်၊ ပန်းခြုံများ အကြား၌ပင် ပုန်းလျှိုးကွယ်လျှိုးခြင်းဖြင့် လေကောင်းလေသန့်ရှူခြင်း၊ လမ်းလျှောက်ခြင်းကို ပြုရပေရာ အတော်ပင် ဟန်ကျနေပြီဟု အောက်မေ့မိပါ၏။

သို့သော် ကံတရားအလျောက် တွေ့ကြုံရမည့် ဘေးဥပါဒ်အန္တရာယ်တို့ မည်သည် ရှောင်ကွင်း၍ မလွတ်နိုင်။ အနေးအမြန်သာလျှင် ရင်ဆိုင်ရမည်ဖြစ်ပေရကား တစ်နေ့သောအခါတွင် ကျွန်တော်မှာ ချောင်းမြောင်းနေအပ်သော ဝံပုလွေ၏လက်တွင်းသို့ သိုးငယ်ပမာ သက်ဆင်းရပါတော့သည်။

ထိုနေ့မှာ ခါတိုင်းနေ့များနှင့် မတူ၊ နေကလေးကသာသာ၊ မိုးကလေးက ညို့ညို့ မစိုမပို့လေနုကလေးက ခတ်၍ ပြင်ပလောကသည် အာရုံဆွဲဆောင်ခြင်း ရှိလှသဖြင့် ကျွန်တော်မှာ ခါတိုင်း အိမ်ပေါ်ပြန်တတ်နေချိန်တွင် မတတ်မိဘဲ စပယ်ခြုံကလေးတစ်ခုအကွယ် ခုံငယ်ကလေး တစ်ခုံပေါ်၌ အင်္ဂလိပ်စုံထောက်ဝတ္ထုတစ်အုပ်ကို ဖတ်၍ နေမိပါသည်။

"ဟီ ... အတွတ် ဒီရောက်နေသလား"

သူမ၏မတိုးမကျယ်အသံကို ကြားလိုက်ရရာ ဝတ္ထု၌ စိတ်ဝင်စားနေသော ကျွန်တော်မှာ ရုတ်တရက်ထမခုန်မိရန်ပင် မနည်းချုပ်တည်းထားလိုက်ရပါသည်။

"ဟေ ... မင်းလန့်သွားသလား မင်းတို့ အနုစာရေးဆရာတွေ တစ်ခုခု စိတ်ဝင်စားနေပြီဆိုရင် အဆင်မသင့် ရူးတောင်သွားတတ်တာပဲ"

ဟုဆိုကာ ကျွန်တော့်အနီးသို့ ချဉ်းကပ်လာပြီး ...

mgyoe.com

mgyoe.com


"ဟေ ... မင်း ရုပ်အကျီကလေးနဲ့ချည်းပါလားကွ။ မိုးက အေးသနဲ့ အနွေးထည်လည်း ဝတ်မထားဘူး။ အအေးမိလိမ့်မယ်ကွ။ မင်းတော့ကွာ ဂရုတစိုက်ပြုပေးမယ့် လူ တစ်ယောက်ယောက်ကို လိုနေပါသေးတယ်"

ဟု မြည်တွန်တောက်တီးသလို လုပ်နေသဖြင့် ကျွန်တော်က ...

"အ ... အ ... ပေါ်အူးရယ် အရှိသားပဲ"

သူမသည် အနည်းငယ် မျက်မှောင်ကုတ်ကာ ...

"အို ... ကိုယ် သူ့ကို သဘောမကျဘူး"

"ဟင် ... ဘာပြုလို့လဲ"

"ဘာပြုလို့လဲ မပြောတတ်ဘူး၊ ကိုယ့်စိတ်ထဲမှာ မကြိုက်တာပဲ ဒီကောင်ကို ပြန်လွှတ်လိုက်ပါကွာ"

"အာ ... အား"

ကျွန်တော်မှာ သူ့စိတ်တွင် ပေါ်အူးကို အဘယ့်ကြောင့် မနှစ်မျို့၍ ဘာအကြံနှင့် ပြန်လွှတ်ခိုင်းသည်ကို မတွေးဝံ့ပါ။

သူမသည် ကျွန်တော့် နံဘေး၌ ရုတ်တရက် ဝင်ထိုင်လိုက်ကာ ...

"မင်းဖတ်နေတာ ဘာစာအုပ်လဲ"

ဟု ဆိုရင်း ကျွန်တော့် လက်ထဲကစာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး

"အို ... ဟို ... စုံထောက်ဝတ္ထုကြီးပါလား၊ ဒီ ဘာမဟုတ်တဲ့ အသည်းထိတ်စရာပဟာကြီးတွေ ဘာလုပ်ဖတ်နေရလဲ၊ မင့်ဦးနှောက်ကလေး ပျက်သွားလိမ့်မယ် .... ဟင် အင်"

ဖောင်းဖောင်း မျက်လုံးတို့မှာ ပြုံး၍လာကာ ...

"ဒီ ... ဂျီအီးဆွေဆိုတာ ဂျော့စ်အေးဆွေ နာမည်မဟုတ်လား"

အကြောင်းမှာ သူမသည် ကျွန်တော့်စာအုပ်၏ ပထမမျက်နှာ၌ ကျွန်တော့် နာမည် G.E SWE ဟုရေးထားသည်ကို တွေ့၍ ကောက်ကာ ငင်ကာ မေးလိုက်သဖြင့် ကျွန်တော်လည်း နားအူနားလည်နှင့်ပင် ...

"ဟုတ် ... ဟုတ်ပါတယ်"

သူ့မျက်လုံးတို့သည် ပို၍ပြုံးလာပြီး ....

"ဟေ ... မင်းသူနဲ့ သိသလား တော်တော်ခင်သလား"

mgyoe.com

mgyoe.com


"ဟ ...အ"

ကျွန်တော်မှာ မည်သို့ဖြေရမှန်းမသိ။ မျက်လုံးကြောင်တောင်နှင့်။ သူမသည် ကျွန်တော့်မျက်နှာကို အပြစ်တွေ့နေသော ကလေးလေးကဲ့သို့ ကြည့်ကာ

"အံ့ပါကွာ ... မင်း ဒီလိုအကောင်နဲ့ အသိမိတ်ဆွေလုပ်တာများ မင်း သူ့အကြောင်းကို နည်းနည်းကလေးမှ မသိဘူးလား။ ငါ သူ့အကြောင်းကို ဒီကနေတောင်သိတယ်။ မင်း အဲဒီလိုကောင်နဲ့ပေါင်းလို့ ပျက်စီးမှာပေါ့ကွ။ တလောက ရန်ကုန်က ကိုယ့်ကာစင် မြင့်တင်တင်နဲ့ စေ့စပ်ဖူးတယ်။ နောက် အန်ကယ်လ်က သူ့အကြောင်း စုံစမ်းကြည့်တော့ ဒီကောင်က အလကားသက်သက် ဘာမှအလုပ်အကိုင် မရှိဘဲနဲ့ အမွေရလိုက်တဲ့ ပစ္စည်းကို သုံးဖြုန်းနေတဲ့ လူ့အလေနတော လူ့အန္ဓဆိုပဲကွ။ နို့ပြီး သူ့စိတ်ကလည်း တယ်ပြီး မနှံ့ဘူးတဲ့။ အခုဆို တော်သေးတယ်။ နောက်တော်တော်ကြာဆိုရင် ကုလို့ကို မရနိုင်လောက်အောင် သွက်သွက်ချာအောင်၊ ရူးသွားတော့မှာတဲ့ ကိုယ့်အန်ကယ်လ်က ပြောတယ်။ ကိုယ့်အန်ကယ်လ်လည်း မင်းသိမှာပေါ့ နာမည်ကျော် အရူးကုဆရာဝန် ဒေါက်တာသိန်းဇံ ဆိုတာလေ နောက်မန္တလေးက စက်သူဌေးသမီး ညွန့်လွင်လွင်နဲ့တောင် သူ့စေ့စပ်သေးဆိုပဲ အဲဒါလည်း အန်ကယ်လ်က သိလိုက်လို့ ညွန့်လွင်လွင် ကံကောင်းသွားတာဆိုပဲ"

"တောက်"

ကျွန်တော့်မှာ ရုတ်တရက် ဒေါက်တာသိန်းဇံကို တွေး၍ ဒေါသဖြစ်မိသဖြင့် တောက်ခေါက်လိုက်မိပါသည်။ ကြည့်ပါဦးတော့ မိတ်ဆွေ၊ ဒေါက်တာသိန်းဇံဟာ သူ့သမီးနှင့် သဘောမတူ၍ ဖျက်ရုံမက မန္တလေးက ကလေးမနှင့်လည်း ဖျက်။ ထိုမျှနှင့် အားမရသေးဘဲ ကျွန်တော့်အကြောင်းကို ရစရာမရှိအောင် သူ့ဆွေထဲမျိုးထဲ၌ ပြောထားပါသေးသည်။ စင်စစ်ကား ကျွန်တော့်၌ ဘာမျှအလုပ်မရှိတာ မှန်ပါသည်။ သို့သော် မကြာမီ ကုမရလောက်အောင် ရူးတော့မည်ဆိုသည်ကား လွန်လွန်းသည်။ သူ့သမီးနှင့် စေ့စပ်ပြီးမှ ပြန်ဖျက်ရသောကြောင့် သူ့ဆွေမျိုးထဲ၌ အကြောင်းခိုင်လုံ အောင် ပိုပြီး ပြောခြင်းဖြစ်ဟန်တူပါသည်။ ဆိုးပါ့ဗျာ။

mgyoe.com

mgyoe.com


"ဟေ့ ... မင်းကဘာလဲ ဒီကောင်အကြောင်း ခုမှသိရလို့ ဒေါသဖြစ်နေတာလား၊ ဖြစ်မနေပါနဲ့ကွာ နောက်မဆက်ဆံဘဲ နေရင်ပြီးတာပေါ့"

ကျွန်တော် တောက်ခေါက်သည်ကို တလွဲတွေး၍ မေးနေပါသေးသည်။

"နို့ပြီး ... မင်း ဟိုနေ့ကကော သူ့အကြောင်း သတင်းစာထဲ ဖတ်လိုက်ရသေးလား"

ကျွန်တော်မှာ အမှတ်တမဲ့ဖြစ်၍ အံ့အားသင့်သွားကာ ...

"ဟင် ... ဘာအကြောင်းလဲ"

"လမ်းလယ်ကောင်မှာ မူးရူးပြီး ဆူဆူပူပူလုပ်လို့လေ။ ရုံးက ဒဏ်ငွေ ၅၀ ချလိုက်သတဲ့။ သူ့အဖော် မိုးတိမ်တောင် ဆိုတာကိုတော့ ရဲဝန်ထမ်းကို စော်ကားမှုနဲ့ ထောင်တစ်လ ချလိုက်သတဲ့"

"ကောင်းရော့ အောင်မြသွင်ရေ"

ကျွန်တော့် စိတ်ထဲ၌ ရေရွတ်၍ ရှူးခနဲ သက်ပြင်းချလိုက်မိရာ ဖောင်းဖောင်းမှာ မည်ကဲ့သို့ အတွေးရောက်နေသည် မသိ။

"ဘာ ... မင်းက မင့်လူအကြောင်း မကောင်းကြားရလို့ စိတ်မကောင်းဖြစ်သွားသလား၊ အလကားပါကွာ ဒီကောင်ကို နောက်ထပ် မဆက်ဆံဘဲ ဖြတ်ပစ်လိုက်စမ်းပါ"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ၍ ငိုင်နေသည်ကို ...

"ဟေ့ ... ဘာငိုင်နေတာလဲကွ ပြောစမ်းပါ၊ ဖြတ်နိုင်မယ် မဟုတ်လား"

ဟု ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ မပြောမနေရ အမူအရာမျိုးဖြင့် ...။ ကျွန်တော်လည်း ပြီးလွယ်အောင် ခေါင်းညိတ်လိုက်ရပါသည်။

သူမသည် သဘောကျသွားကာ ...

"အေး ... အဲသလိုမှပေါ့ကွ အတွက်က လိမ္မာပါတယ်"

ယင်းသည်အကြိုက်ဝယ် အပျိုကြီးဒေါ်လေးဝင်း ကြောင်ကလေးသည် ကျွန်တော့်အနီးသို့ ခုန်တက်လာရာ ကျွန်တော်မှာ ဖောင်းဖောင်းကြောင့် မနေတတ်မထိုင်တတ်ဖြစ်နေသည်နှင့် ကြောင်ကလေးကို ယူပြီး ပေါင်ပေါ်တင်လိုက်၍ ဟိုကိုင်သည်ကိုင်နှင့် ပွတ်သပ်နေမိပါသည်။ ဤ

mgyoe.com

mgyoe.com

တွင်မှပင် ဖောင်းဖောင်းသည် ကျွန်တော့်အနားကို ကိုယ်ချင်းထိကပ်အောင် တိုးလာပြီး သူကပါ ကြောင်နားရွက်ကလေးကို ကိုင်လျက် ...

"ကြောင်ကလေးက ချစ်စရာလေးနော်။ အတွတ် ကြောင်ကလေး တွေကို ဟိုတုန်းကလို မမုန်းတော့ဘူးနော်"

ကျွန်တော်နှင့် နီးနီးကပ်နေသော သူ့မျက်နှာကို မကြည့်ဝံ့ဘဲ ခေါင်း ညိတ်လိုက်ပါသည်။

"အေးကွယ် ... ဟုတ်ပါတယ်။ ဟိုတုန်းကနဲ့ အခုနဲ့ဆို အတွတ် လူရော၊ စိတ်ရော နည်းနည်းမှ မတူတော့ဘူးနော်။ ဒါနဲ့ ဒေါ်လေးဝင်းကြီး က သူ့ကြောင်ကလေးကို အတွတ်အနားမကပ်စေနဲ့တဲ့ ပြောသေးတယ်။ အပျိုကြီးများ သိပ်အမှတ်သညာကြီးတာပဲ"

သူလည်း ကျွန်တော့် ပေါင်ပေါ်၌ရှိနေသော ကြောင်ကလေး၏ ကျောပြင်ကို ကျွန်တော့်လက်နှင့်အတူ ရောနှောပွတ်သပ်ရင်း ခေတ္တမျှ စကားပြတ်နေပါသည်။ အဘယ့်ကြောင့်မသိ ကျွန်တော့်ရင်ထဲမှာ တဒိတ် ဒိတ် ခုန်နေပါသည်။ မိန်းမပျိုကလေးတစ်ယောက်၏ ကိုယ်ကာယသည် နီးနီးကပ်ကပ် နေရလျှင် အစဉ်သဖြင့် နွေး၍သင်းပျံ့နေသည်ဟု ထင်ပါ သည်။

အတော်ကလေး ဆိတ်ငြိမ်နေပြီးမှ သူက ...

"အတွတ် ငယ်ငယ်တုန်းက တို့ကစားခဲ့တာတွေ မှတ်မိသေးလား"

ကျွန်တော်က ရမ်းတန်းသန်းတန်း ခေါင်းညိတ်ပြလိုက်မိပါသည်။

"အဲဒီတုန်းက တို့ သိပ်ပျော်တာပဲနော်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပြန်ပါသည်။

"နို့ပြီး နင် မှတ်မိသေးလား ငါ့အတွက်ဆိုရင် နင်က ဘာမဆိုလုပ် ပေးမယ် ဆိုတာလေ"

ကျွန်တော် ခေါင်းမော့၍ သူ့မျက်နှာကို ကြည့်လိုက်မိပါသည်။ သူ ကလည်း ပြုံးစိစိကြီးနှင့် ပြန်ကြည့်ကာ ...

"ဟုတ်တယ် နို့ပြီး တစ်ခါလည်း နင်က ငါ့ကို ကစ်စ်လုပ်ချင်တယ် ဆိုပြီး ငိုလိုက်တာလေ၊ ငါက ကစ်စ် မပေးလို့ မှတ်မိသေးလား"

ကျွန်တော်မှာ မျက်လုံးကြောင်တက်တက်နှင့် ဖြစ်သွားကာ ...

mgyoe.com

mgyoe.com


"အာ ... ဟာ"

သူမလည်း ပြုံးစိစိကြီးနှင့်ပင် ...

"ဟုတ်တယ် အဲဒီတုန်းကတော့ နင့်နှုတ်ခမ်းတွေဟာ မုန့်ဟင်းခါးတွေ စားထားလို့ ညစ်ပတ်နေတာပဲ၊ အခုတော့ လူပျိုကြီးဖြစ်လို့ သန့်ရှင်းနေတာပေါ့နော်"

ဟုဆိုကာ သူသည် မျက်လုံးတို့ကို ခပ်စင်းစင်းမှိတ်၍ နှုတ်ခမ်းနီနီကြီးနှင့် ကျွန်တော့်မျက်နှာဆီသို့ တိုး၍တိုး၍လာလေရာ ကျွန်တော့်မှာလည်း ကြံရာမရပြီး လက်ထဲက ကြောင်ကို မြှောက်၍ထားလိုက်ရာ ကြောင်မှာ အဘယ်ကဲ့သို့ ဖြစ်လေသည်မသိ ဝွမ်ခနဲမြည်ပြီး ကျွန်တော့်မျက်နှာကို ကုတ်၍ ပြေးပါတော့သည်။

"အမလေး ... သေချင်းဆိုးလေး ငါ့ကြောင်ကို နှိပ်စက်ပြန်ပါပြီ ဟဲ့ ... အမလေး ... ပြေးဟဲ့ ပြေးဟဲ့ ပူစီ"

ယင်းသည့်အခိုက် တစ်ဖက်သော ခြံကွယ်ဆီမှ အပျိုကြီးဒေါ်လေးဝင်း၏ စူးစူးရှရှအော်သောအသံကို ကြားလိုက်ရသဖြင့် ကျွန်တော်နှင့်ဖောင်းဖောင်းမှာ ပြုံးကလာပျာကလာထ၍ လူချင်း ကွဲသွားပါတော့သည်။

"ဘုရား ... ဘုရား ... ဘွားဘွားအောင်မကြီး ကယ်ပေလို့ပဲ"

စိတ်ထဲမှ တီးတိုးရေရွတ်ကာ ကျွန်တော်သည် တစ်ခါတည်း အိမ်ပေါ်သို့ သုတ်ခြေတင်ခဲ့ပါတော့သည်။

"ဟိုက် ... ဒုက္ခ"

ကျွန်တော့်အခန်းနား ရောက်ခါမှ တံခါးကို အတွင်းမှပိတ်၍ ပြတင်းပေါက်က လှေကားရှည်ကြီးနှင့် ဆင်းခဲ့သည်ကို သတိရသဖြင့် နောက်သို့ပြန်တုံ့မည် အပြု ...

"ဟာ ... ဆရာ ဝင်ဆရာ"

ဟု တံခါးဖွင့်၍ ထွက်လာသော ပေါ်အူးကို တွေ့ရမှ သက်ပြင်းကြီးချမိကာ ...

"အမေလေး တော်ပါသေးရဲ့ကွာ၊ လာ .. လာဟေ့ တံခါးပြန်ပိတ်"

ဟုဆိုပြီး အိပ်ရာဆီသို့ ကပျာကယာ ပြေးမိသည်။

"အမေလေး .. ပေါ်အူး မင်းက တက်နှင့်ပြီး တံခါးဖွင့်ထားပေလို့

mgyoe.com

mgyoe.com


ကွာ၊ နို့မို့ ငါ့ အောက်တစ်ခါ ပြန်ပြေးပြီး ပြတင်းပေါက်ကနေ တက်ရဦးမလို့"

"ကျွန်တော်က ဒါကို ကြိုတင်သိထားလို့ပေါ့ဆရာ"

"ဟော့ ... မင်းက ဘယ့်နှယ်လုပ် သိထားနိုင်တာလဲ"

"မမဖောင်းဖောင်းကြီးက ဆရာ့ဆီသွားတာ မြင်လို့ပေါ့ဆရာ"

"အေး ... ဒါနဲ့များ မင်း ငါ့ဆီလာခဲ့ရောပေါ့ကွာ"

"ဘယ်လိုက်လို့ဖြစ်မလဲ ဆရာ့နှယ်၊ မမဖောင်းဖောင်းကြီးက ဆရာ့ဆီ သွားခါနီးမှာ ကျွန်တော့်ကို နင်ဝေးဝေးသွားနေစမ်းလို့ ပြောခဲ့တာဆရာ"

"အေး ... တောက် ငါတော့ စိတ်ညစ်လှပါပြီကွာ။ ငါတို့ပြန်ရအောင် တစ်လပြည့်ဖို့ ဘယ်နှစ်ရက်လိုသေးသလဲဟေ့"

"ဒီနေ့ပါနဲ့ဆို ၂၃ ရက်ရှိပြီဆိုတော့ ၇ ရက်ပဲ လိုပါတော့တယ် ဆရာ၊ ဒီအတွင်းတော့ သည်းခံပြီး နေလိုက်ပါဦး"

ထိုနေ့မှစ၍ ကျွန်တော်သည် အညောင်းမိပြီး သေချင်သေပါစေတော့ဟု ဆုံးဖြတ်ကာ ထမင်းစားချိန်မှတစ်ပါး အောက်သို့ လုံးဝမဆင်းတော့ပါ။ ထမင်းစားပြီးလျှင်လည်း ဖောင်းဖောင်းကို မျက်နှာချင်းမဆိုင်ရဲဘဲ ဝတ္ထုရေးရန် အရေးကြီးသည်ဟု ဆို၍ အိမ်ပေါ်သို့ အမြန်တက်ခဲ့ပါသည်။

တစ်ရက် နှစ်ရက် သုံးလေးရက် လက်ချိုး၍သာ နေရပါသည်။

သည်က အောင်မြသွင်အဒေါ်ထံ သူတို့ ပေးလိုက်မည့် လက်ဆောင်ပစ္စည်းများ စာနှင့် ပါးစပ်စကားတို့ကို ယူငင်သွားကာ ဟိုက ခွေးကောင်ထောင်အထွက်နှင့် ဆုံ၍ ပြောင်းလွှဲပေးလိုက်မှ အရေးလှမည်ဖြစ်သောကြောင့် ဇီးကွက် သစ်ခေါင်းအောင်းသကဲ့သို့ နေရပါသည်။

သို့ရာတွင် ပြန်ဖို့နေ့ရောက်ရန် နှစ်ရက်မျှအလိုတွင် ကျွန်တော့်မှာ အပြင်သို့ ထွက်ရရုံမျှမက ဧည့်ခန်းတွင် ထိုင်မနေသင့်သော အဖြစ်ကိုပင် ကြုံရပါတော့သည်။

အကြောင်းသော်ကား ထိုနေ့မှာပင် ဒေါ်သင်ဇာ၊ ဒေါ်တင်ညွှာ အစရှိသည်တို့၏ မိခင်ကြီး ကွယ်လွန်သောနေ့၊ တစ်နှစ်တစ်ခါ ဘုန်းကြီးပေါင်းများစွာနှင့် ဉာတကာနံ့သင်္ဂဟတို့အား 'ခါနာ'ပေးသော နေ့ကြီးဖြစ်၍ နံနက်

mgyoe.com

mgyoe.com


၉ နာရီခန့်အချိန်တွင် ကျွန်တော့်မှာ အလွမ်းဝတ္ထုကလေးမတို့၏ ဗိုလ်ပုံလယ်တွင် တင့်တယ်စံပယ်လျက် နေရပါတော့သည်။

အလုစံပြ မြောင်းမြသူကညာကလေးတွေက အမောက်ထောင်ထောင် လည်ခါခါ၊ ဖဲကြိုးကလေးတွေဖွာဖွာ နှုတ်ခမ်းနီတျာတျာနှင့် တီတီတာတာ ကျွန်တော့်ကို ဝိုင်းအုံပြီး ဝတ္ထုရေးနည်းရေးပုံတို့ကို စုံစမ်းမေးမြန်းကြလေရာ ကျွန်တော့်မှာလည်း တတ်နိုင်သမျှ မဟုတ်ကဟုတ်ကတွေကို ရှောက်ဖြီးရင်း ဣတ္တိယအရှိန်ဖြင့် ပုရိသဖိမ်တက်ကာ ဟိုဘိုင်စကုတ်ထဲက ခင်မောင်ရင်ဆိုသော "နတ်သမီးလေးတွေ တစ်ဖက် လေးငါးရာ"ဟူသည့် သီချင်းကိုတွေးပြီး အကြီးအကျယ်ပီတိဖြစ်နေလျက် အကယ်ပင် အောင်မြသွင်ကဲ့သို့ အလွမ်းစာရေးဆရာ ဖြစ်ချင်စိတ် ပေါ်မိပါတော့သည်။ (ဩော် အလွမ်းစာရေးဆရာများ မိန်းကလေးတွေ တယ်ကြိုက်ကြပါလားနော်) သို့သော် ကျွန်တော့်မှာ ရည်းစားစာမျှ ကျအောင်ရေးတတ်သူ မဟုတ်ပါ။

ဟိုယခင် ရောက်ခါစကမူ ကျွန်တော့်မှာ မိမိ၏အရေခြုံကိုစွပ်ပေါ်မည်စိုး၍လည်းကောင်း၊ ဖောင်းဖောင်းကြီးကို ကြောက်ရွံ့၍လည်းကောင်း၊ အိမ်တွင်း ပုန်းနေခဲ့ရာမှ ယခုမူ ပြန်ခါနီးပြီဖြစ်၍ 'သေခါနီး ရိက္ခာယူ'ဆိုဘိသကဲ့သို့ အောင်မြသွင်အရေခြုံဖြင့် အကြီးအကျယ်ဖိမ်တိုးနေရာ တပည့်ပေါ်အူးကိုပင် အဘယ်မှာနေသည်မသိ။ မေ့၍ နေပါတော့သည်။

ယင်းသည်အကြိုက်တွင် ....

"အာ ... ကိုသိန်းဖဲ၊ အစောကြီး လိုက်လာပါကလား"

ဟူသော ဦးဒေါင်ဝိုင်း၏ အသံကို ကြားလိုက်ရသဖြင့် ကျွန်တော့်မှာ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွားပြီး ခေါင်းမော်၍ကြည့်လိုက်ရာ လားလားဘသားချောကြီး လူတောထဲ ဝင်လာသည်ကို မြင်ရပါတော့သည်။

သိန်းဖဲ ... သိန်းဖဲ ... ဒေါက်တာသိန်းဖဲလေ။ ကျွန်တော့် ကမ္ဘာရန်သူကြီးပေါ့။

"ဟုတ်တယ်။ ကျုပ် ပုသိမ်က မော်တော်နဲ့ အစောကြီးထွက်ခဲ့တာ"

သူ့စကားပြန်ကို ကြားရလေရာ ကျွန်တော့်မှာ သူ့မျက်နှာကို မကြည့်ရဲ မျက်လုံးပြူးပြူးမျက်ဆန်ပြူးပြူးနှင့် ကလေးမတို့၏ရင်ခွင်ကြားတွင် ခေါင်းဝှက်နေရမည်လား၊ ထပြေးရမည်လားဟု မနေတတ်မထိုင်တတ်

mgyoe.com

mgyoe.com


ဖြစ်နေစဉ်မှာပင် ...

"ဟော့ ဟော့ မောင်ရင်၊ ဘယ့်နှယ် ဒီရောက်နေတာလဲ"

ဟု မေးသံကြားလိုက်ရသဖြင့် မနေသာတော့ဘဲ ခေါင်းမော့၍ ကြည့်လိုက်ရာ သူက ကျွန်တော့်ကို လက်ညှိုးကြီးငေါက်ငေါက်ထိုးနေသည်ကို တွေ့ရပါတော့သည်။

ကျွန်တော့်မှာ ဘာမျှမပြောနိုင်ဘဲ မျက်လုံးပြူးပြူး ပါးစပ်အဟောင်းသားနဲ့ ကြက်သေသေနေလေရာ ကျွန်တော့်နံဘေးရှိ အမောက်မျိုးစုံတွင် ကောက်ရိုးပုံအသွင် သရဖူအမောက်ကြီးရှင် သူ့တူမကြီး ဖောင်းဖောင်းက

"အန်ကယ်လ် ဒါအရီးမွှေးအုံ့တူ အတွတ်ကယ်လေ၊ စာရေးဆရာ စမ်းစိမ့်သွင်ဆိုတာပေါ့"

ဟု ရေးကြီးခွင့်ကျယ် ပြောလိုက်ရာ ဒေါက်တာသိန်းဇံသည် မျက်နှာကို အကြီးအကျယ်ရှုံ့ပြီး ...၊

"ဘယ် ဒါ မမွှေးအုံ့တူ အောင်မြသွင် ဟုတ်ရမှာလဲ၊ ဟိုအရင် ငါ ပြောဖူးပါပကော စိတ်မနှံ့ဘူးဆိုတဲ့ အေးဆွေဆိုတာ သူပေါ့"

ယင်းသည်နှင့်တစ်ပြိုင်နက် ကလေးမတို့သည် ကျွန်တော့်ကို ကြောင်တက်တက်နှင့် ကြည့်ကြကုန်၍ ဖောင်းဖောင်းကြီးကမူ ရုတ်တရက် ကျွန်တော့်အနီးမှ တစ်လံကွာအောင် ဆုတ်လိုက်ပါတော့သည်။

ကျွန်တော့်မှာလည်း မလှုပ်မယှက် ကြောင်တက်တက် ....

အားလုံးပရိသတ်က ကျွန်တော့်ကို ကြည့်နေသည်။ အထူးသဖြင့် မုဆိုးမကြီး ဒေါ်ထွား၊ စက်ရှင်မင်းကြီး လင်မယား၊ ရသေ့မကြီးနှင့် အပျိုကြီး၊ နောက် ဘုန်းကြီးလူထွက် ...။

"ကွယ့် ... မွှေးအုံ့ဆီကပဲ သူ့တူ လာနေလိမ့်မယ် စာရေးလိုက်လို့"

ယောဂီမကြီး၏ အသံပေါ်ထွက်လာရာ ဒေါက်တာသိန်းဇံက ...

"ဟင် ... ဒါဖြင့် သူက ဟိုသူငယ်ယောင်ဆောင်ပြီး လာနေတာပေါ့၊ ဟော့ မင်းဘာလို့ ဒီလိုလုပ်ရတာလဲ"

ကျွန်တော့်ကို မေးမှန်းသိပါသည်။ သို့သော် ဘာကို ပြောရမှန်းမသိ။ သူကပင် တဖန်ဆက်၍ ...

"အင်း ဒီသူငယ်က တယ်ပြီး စိတ်နှံ့တာ မဟုတ်ဘူး။ အခု အရင်

mgyoe.com

mgyoe.com


ထက် ဆိုးလာတယ် ထင်တယ်"

"ဟင်"

"ဟယ်"

"အို"

နံဘေးပတ်လည်ရှိ ဟိုတစ်ခွန်း ဒီတစ်ခွန်း ထွက်လာကြသည်။

"အင်း ... ကျုပ်လည်း ထင်သားပဲ၊ ဒီသူငယ် ရောက်လာကတည်းက စကားပြောကြည့်တော့ အလွဲလွဲ အချော်ချော်ချည်းပဲ"

စက်ရှင်မင်းကြီးက ဈေးဦးပေါက် မှတ်ချက် ထုတ်လိုက်ပါသည်။

"အို ... ကျုပ် သူ အိမ်ပေါက်ဝကတည်းက မေးပုံစမ်းပုံ ကြည့်သိတာပဲ"

ဒေါ်ထွားက ဖြည့်လိုက်ပါသည်။

"ကျုပ်ကတော့ သူ့မျက်နှာ မြင်ကတည်းက သိပါတယ်။ ဒါနဲ့ သူ့တွေ့တွေ့ချင်း ဟိုခွေးကြီးတောင် ခြေနဲ့ ကန်လိုက်သေးတယ်"

ဒါက ဘုန်းကြီးလူထွက်လေ။ ခွေးကန်တာနှင့် ဘာဆိုင်တယ်တော့ မသိဘူး။ ဤတွင် ဒေါ်တင်ညွှာက ....

"အင်း ... ကျုပ်လည်း ဒီသူငယ်ကို အိမ်မှာ နေပုံထိုင်ပုံကြည့်နေတယ်။ တယ် ပုံပန်းမကျဘူး အောက်မေ့နေတာ"

"အမလေး သူ့အဖြစ်က သိသာပါတယ်အေ။ သူ အိမ်ပေါ်က ဆင်းတာ တက်တာ ဘယ်ကလည်း သိလား။ ဟိုအပေါ်က ပြတင်းပေါက်ကနေပြီး ရေနံသုတ်တဲ့ လှေကားကြီးနဲ့ ဆင်းတယ် တက်တယ်အေ့"

ယောဂီမကြီး ပြောလိုက်သည်တွင် အားလုံးပင် "ဟင် ... ဟယ်" လုပ်ကြပြန်သည်။ ဤတွင် အပျိုကြီးကလည်း ...

"သူဟိုနေ့ ငါ့ကြောင်ကလေးကို ဒါကြောင့် လည်ပင်းဖျစ်တာကိုးအေ့"

ဟု မနေနိုင်မထိုင်နိုင် ပြောလိုက်ပါသေးသည်။

နောက်ပိတ်ဆုံးကား ကျွန်တော့်မှာ သူတို့၏ မျက်မှောက်တွင် မနေဝံ့တော့ပါ။ အားလုံး ဝိုင်းဝန်းကြည့်နေကြသဖြင့် ကြာလျှင် ကျွန်တော့်ကိုယ် အရည်ပျော်သွားမည်ဟု ထင်ပါသည်။ ကူညီမည့်သူ ပေါ်အူးကို ကြည့်၏။

mgyoe.com

mgyoe.com


သို့သော် မမြင်။ ထို့ကြောင့် ထွက်ပေါက်ကို ရှာပြီး တစ်ဟုန်တည်း အိမ်ပေါ်ထပ်သို့ သုတ်ခြေတင်ပါတော့သည်။

"ဟင်"

"ဟယ်"

"ဖြစ်မှ ဖြစ်ရလေ"

တစ်ယောက်တစ်ပေါက် ညည်းကြကာ အားလုံးပင် ကျွန်တော့်နောက်က စူးစိုက်နေကြသည်ဟု ထင်ပါသည်။

"အို ... ပြေးပါစေ၊ သူ ကျုပ်မြင်လို့ မနေဝံ့တာ"

အရူးကုဆရာ လေသံမျိုးဖြင့် ပြောလိုက်သော ဒေါက်တာသိန်းဇံ၏ အသံကို နောက်ဆုံး ကြားခဲ့ပါသေးသည်။

ကသောကမျောနှင့် ကျွန်တော့်အခန်းထဲ ရောက်သောအခါ ပေါ်အူးကို တွေ့ရ၍ ...

"ဟော့ ပေါ်အူး ... ပေါ်အူး ... ငါ့တော့ ချောက်ကျခဲ့ပြီကွ"

သူက အေးဆေးစွာနှင့်ပင် ...

"ကျွန်တော် စောစောကတည်းက သိပါတယ်ဆရာ"

"ဟေ ... မင်းဘယ့်နှယ် သိနှင့်နေတာလဲ"

"သူတို့ ဒေါက်တာသိန်းဇံ ပုသိမ်ကအပြန် လှည့်ဝင်လာလိမ့်မယ်ဆိုတာ ပြောနေကြတယ်ဆရာ"

"အေ ... ဒါနဲ့ မင်း ငါ့လာပြီး ကြိုကြိုတင်တင် ပြောထားရော့ပေါ့ကွာ"

"ကျွန်တော် သိတော့ ပြောဖို့အချိန်မရတော့ဘူး ဆရာ"

"ကဲ ... ဒါဖြင့် အခုဘယ့်နှယ်လုပ်ကြမလဲ"

"ရန်ကုန် ပြန်လစ်ကြရုံပေါ့ ဆရာ"

"ဟေ ... လေယာဉ်ပျံမီသေးရဲ့လား"

"အချိန်တော်ပါပဲ ဆရာ"

"ကဲ ... တို့အဝတ်အစားတွေ သိမ်းကွာ"

"အဆင်သင့် ထုပ်ပိုးပြီးပါပြီ ဆရာ"

"အာ ... ဒါပေမဲ့ ငါအိမ်ရှေ့က မဆင်းရဲတော့ဘူးဟေ့"

mgyoe.com

mgyoe.com


"ဟောဒီ ပြတင်းပေါက်မှာ ရေနံသုတ်တဲ့ လှေကားကြီး ကျွန်တော် အသင့်ထောင်ထားပါတယ် ဆရာ"

"ကဲ ... ဒါဖြင့် ဒီကပဲ ဆင်းကြစို့"

ကျွန်တော်တို့သည် တစ်ယောက်လျှင် သေတ္တာတစ်ခုဆီ ကိုင်၍ ထိုလှေကားရှည်ကြီးမှ ဆင်းခဲ့ကြပါသည်။ အောက်သို့ရောက်လျှင် အိမ်နံဘေးရှိ သစ်ပင်ကွယ်၊ ပန်းခြုံကွယ်တို့မှ ပုန်းလျှိုးကွယ်လျှိုးနှင့် အိမ်ရှေ့အရောက်ထွက်ခဲ့ပြီး ဆိုက်ကားတစ်စီးအသင့်လာသည်ကို မြင်ရသဖြင့် ...

"ဟော့ ဆိုက်ကား"

"ဘယ်တုန်းဗျ၊ ဒေါ်သင်ဇာကြီး လိုက်မလို့လား"

"ဟော့ ... မဟုတ်ပါဘူးကွ၊ တို့ချည်းပါ။ လေယာဉ်ပျံကွင်းကို လိုက်ပို့စမ်းပါ။ ငါးကျပ် ပေးပါ့မယ်"

ဤတွင်မှ ဆိုက်ကားကိုရကာ ကျွန်တော်တို့သည် လေယာဉ်ပျံကွင်းသို့ လစ်ခဲ့ရပါသတည်း။

* *

ထိုနေ့ဥပြင် ကျွန်တော်တို့ လေယာဉ်ပျံနှင့် လိုက်ခဲ့ရာတွင် ရန်ကုန်သို့ ပြန်ရောက်ခဲ့ပါတော့သည်။

နောက်တစ်နေ့ နံနက်မှ လူသက်သက်သာသာ ရှိသွားကာ ဖြစ်ပျက်ခဲ့သည်တို့ကို ပြန်လည်တွေးတောရင်း ...

"ဟော့ ... ပေါ်အူးရ ငါဖြင့် မြောင်းမြ ပရိသတ်အလယ်မှာ အရှုံးလုံးလုံး ဖြစ်ခဲ့ရတာပါပဲကွာ"

"မပူပါနဲ့ဆရာ ဒါကို နောက် ကိုအောင်မြသွင် ရှင်းခိုင်းတာပေါ့"

"ဟေ ... ဒီကောင်က ရှင်းဖို့နေနေသာသာ ငါ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကို သူ့အဒေါ် မြောင်းမြက စာလာလို့ ဒီကောင်ထောင်ကျသွားတာ ပေါ်သွားပြီး သူ့အဒေါ်ဆီတောင် ပြန်ကပ်ရတော့မှာ မဟုတ်ဘူးကွ။ ငါကတော့ကွာ ဖြစ်ခဲ့တဲ့ဟာတွေ ပြီးခဲ့လို့ ကိစ္စမရှိတော့ပါဘူး။ ဒီကောင်အဖို့ သူ့အဒေါ်နဲ့ ခက်လိမ့်မယ်ကွ"

"ဆရာ ... ဆရာ့ သူငယ်ချင်းအတွက် စိုးရိမ်မိရင် သူ့အဒေါ်ကို

mgyoe.com

mgyoe.com


ဆရာက အရင်သွားပြောထားနှင့်ရင် ကောင်းလိမ့်မယ်ဆရာ"

"ဟေ ... ငါက ဘာသွားပြောရမှာလဲ"

"ကိုအောင်မြသွင် ဆရာ့ကြောင့် ထောင်ကျသွားတဲ့အကြောင်းနဲ့ ဆရာ သူ့အတွက် မြောင်းမြကို သွားရတဲ့အကြောင်းပေါ့ ဆရာ"

"ဟေ ... ဒီလိုဆိုရင် ကောင်းလိမ့်မယ်လား"

"ဆရာ့အတွက်ရော ကိုအောင်မြသွင်အတွက်ရော ကောင်းပါလိမ့်မယ် ဆရာ"

"ကဲ ... ဒါဖြင့် ငါသွားမယ်ဟော့။ အဝတ်လဲဖို့ ပေးပေတော့"

ကျွန်တော် မကြာမီ ရေကူးသို့ ရောက်ခဲ့ပါသည်။

ပေါ်အူးပြောလိုက်သောအရပ်နှင့် ခြံနံပါတ်ကို တွေ့၍ ခြံဝင်းထဲသို့ လှမ်းကြည့်လိုက်ရာ အသက် ၅၀ နှင့် ၆၀ အကြား အဘွားကြီး ပိန်ပိန် ခါးရှည်ရှည်တစ်ယောက် သစ်ပင်တွေ မြေတောင်မြှောက်နေသည်ကို မြင်ရပါသည်။

"ဒေါ် ... ဒေါ်မွှေးအုံ ဆိုတာပါလားခင်ဗျာ"

အဘွားကြီးသည် န ကမ္ပတိ။ နောက်မှ အဘွားကြီး နားထိုင်းကြောင်းကို တွေးမိ၍ ...

"ဒေါ်မွှေးအုံပါလားခင်ဗျား"

ခပ်ကျယ်ကျယ် အော်မေးလိုက်မှ အဘွားကြီးသည် ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး ...

"အေး ... ဟုတ်တယ်ကွယ့်၊ ဘာကိစ္စရှိလို့လဲ"

"အဘွားတူ အောင်မြသွင်ရဲ့အကြောင်းကို ပြောချင်လို့ပါခင်ဗျာ"

"ဟေ ... ဘာလဲ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော်က အောင်မြသွင်ရဲ့အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ပါ"

ကျွန်တော် ခြံထဲသို့ ဝင်သွားပါသည်။

"အင်း ... ဘာလဲ၊ အခု သူမြောင်းမြသွားနေတယ် မဟုတ်လား"

"မသွားနိုင်ဘူး ခင်ဗျာ"

"ဘာဖြစ်လို့လဲ ဖျားနေလို့လား"

"မဖျားပါဘူး ခင်ဗျာ"

mgyoe.com

"နို့ ဘာဖြစ်လို့တုန်း"

"ပြောရမယ့် သတင်းက မကောင်းပါဘူးခင်ဗျာ"

"ဘယ်လို မကောင်းတာတုန်း"

"ဆိုးနေလို့ပါခင်ဗျာ"

"ကွယ် ... ဘယ်လို ဆိုးတာလဲ ပြောရမှာဖြင့်လည်း ပြောစမ်းပါ"

သူ စိတ်မရှည်နိုင်သလို ပြောလိုက်သဖြင့် ကျွန်တော်လည်း စိတ်တို လာကာ ...

"ထောင်ကျနေလို့ခင်ဗျ"

"ဟေ ... ထောင်ကျနေတယ်"

"ဟုတ်တယ် ခင်ဗျ"

"ဟင် ... ဘာမှုနဲ့ကျတာလဲ"

"ရဲဝန်ထမ်းတစ်ယောက်ကို လက်သီးနဲ့ ထိုးလို့"

အဘွားကြီးက မယုံကြည်နိုင်ဟန်နှင့် ...

"ဟေ ... ငါ့တူက ရဲဝန်ထမ်းကို လက်သီးနဲ့ထိုးတယ်"

"ဟုတ်ခင်ဗျာ့ ဝမ်းဗိုက်ကိုချည်း ထိုးတာပဲ"

ယင်းသည့် စကားအဆုံးတွင် ကျွန်တော်မှာ အသက်ရှူဖို့မေ့လောက် အောင်ပင် အကြီးအကျယ်အံ့အားသင့်သွားရသည်ကား အဘွားကြီးသည် သူ့ခေါင်းမှ ပေါင်းထားသော တဘက်ကြီးကို ရုတ်တရက်ဖြေလိုက်၍ လေထဲ၌ ဝှေ့ဝှေ့ရမ်းကာ ဟိုမှ ဒီမှ ပြေးရင်း ခုန် ... ခုန်ပြီး ...

"ဟော့ ... ဒါမှ ငါ့တူဟော့ ... ငါ့တူအတွက်တဲ့ သီလား၊ တစ်တွတ် တည်းရှိတယ်" ဟု တလွှားလွှားပြေးရင်း တဆွေ့ဆွေ့ခုန်ကာ အထပ်ထပ် အော်နေခြင်းပင် ဖြစ်ပါသတည်း။

ကျွန်တော့်စိတ်ထဲ၌ အဘွားကြီး ရူးသွားပြီဟု အောက်မေ့ကာ စိတ် မကောင်းဖြစ်လျက် သူ့အနားသို့ ချဉ်းကပ်သွားပြီး ...

"အဘွား ဝမ်းသာသွားသလား၊ ဒီသတင်း ကြားလိုက်ရတော့ စိတ် မကောင်း မဖြစ်ဘူးလား"

အဘွားကြီးသည် ရပ်ပြီး မျက်လုံးပြူးကြီးနှင့် ကျွန်တော့်ကို ကြည့် ကာ ...

mgyoe.com

"ဟော့ ... ဘာစိတ်မကောင်း ဖြစ်ရမှာလဲကွယ့်။ ငါ့တူဟာ မွေးလာကတည်းက အခုအသက်အစိတ်ရှိပြီ ဒီလောက်ကောင်းမွန်ခမ်းနား မြင့်မြတ်တဲ့ အလုပ်ကို လုပ်တာ တစ်ခါမှမရှိသေးဘူး"

ကျွန်တော်ပင် မျက်လုံးပြူးမိကာ ...

"ဟင် ... ဘာပြုလို့လဲအဘွား"

"အို ... ဘာပြုလို့လဲ မေးမနေပါနဲ့ကွယ်။ အခု ငါ့တူ ထောင်ကျတာ ဘယ်လောက်လဲ"

ကျွန်တော့်မှာ အံ့အားသင့်သထက် သင့်နေကာ ...

"တစ်လခင်ဗျာ့"

"အို ... ရဲတွေကို ထိုးလို့များ နည်းတောင်နည်းသေးတယ်။ ဒီ့ထက်ပိုကျလည်း အရေးမကြီးပါဘူး။ အခုလွတ်ဖို့ ဘယ်နှရက် လိုသေးသလဲ"

"မလိုတော့ပါဘူး။ နက်ဖြန်ပဲ လွတ်တော့မှာပဲ"

"အို .... အိုကေကွယ့်"

ဝမ်းသာလှသော အဘွားကြီး နည်းနည်းငယ်မူပြန်ဟန် တူပါသည်။ ကျွန်တော် ထင်သကဲ့သို့ သူ့စိတ် ဖောက်ပြားချောက်ချားခြင်း မဟုတ်ပါ။

"နက်ဖြန်တော့ ငါ့တူကို ငါ သွားကြိုရမှာပဲ။ တတ်နိုင်ရင် အခမ်းအနားနဲ့ သွားကြိုလိုက်ချင်တယ်ကွယ်။ ငါ့တူအတွက် ငါ သိပ်ဂုဏ်ယူတာပဲ၊ အတွတ် အတွတ် ဒါမှ ငါ့တူ အတွတ်ကွယ့်"

ကျွန်တော်မှာ အဘွားကြီးဖြစ်အင်ကို မည်သို့မျှ နားမလည်နိုင်ဘဲ အနည်းငယ်ခန့်စကားပြောပြီးနောက် နှုတ်ဆက်၍ ပြန်ခဲ့ပါတော့သည်။

အိမ်သို့ ရောက်လျှင် ပေါ်အူးကို အလုံးစုံပြောပြကာ ...

"ငါတော့ ဘယ်လိုမှ နားမလည်ဘူးကွာ"

ပေါ်အူးက လေးဆေးမှန်ကန်စွာနှင့် ...

"ဒီလို ဆရာရဲ့၊ လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး ရဲဝန်ထမ်း တစ်ယောက်က သူ့ကို တမင်သက်သက် လိုက်ပြီး နှောက်ယှက်နေတယ်။ သူသစ်ပင်တွေ ရေဖျန်းတာကို ခင်ဗျားရေတွေကို အရမ်းမသုံးပါနဲ့။ နို့ပြီး အဘွားကြီး အိမ်ဝင်းအချို့နေရာ ဆွေးပျက်နေတာကိုလည်း အခုခေတ်ကြီးက သူခိုးသူဝှက် အင်မတန်များတယ်။ ခင်ဗျာ့ဝင်း ခင်ဗျားလုံအောင်

mgyoe.com

mgyoe.com


ကာပါ။ နောက်တစ်ခုခုဖြစ်ရင် ကျုပ် တာဝန်မခံနိုင်ဘူး။ နို့ပြီး အဘွားကြီး အိမ်က ကြော်တာလှော်တာကိုလည်း ခင်ဗျားအရပ်ထဲမှာ သိပ်ပြီး အညှော် မလုပ်ပါနဲ့ နံဘေးအိမ်တွေ အားနာပါ။ နို့ပြီး အဘွားကြီးရဲ့ ခွေးကလေး တစ်ကောင်က အပြင်ထွက်ပြီး ဟောင်တာကိုလည်း ခင်ဗျားခွေး ခင်ဗျား ချည်ထားပါ။ လမ်းသွားလမ်းလာတွေကို လိုက်ပြီး ဒုက္ခပေးနေတယ်။ ကျုပ် ဖမ်းသွားလိမ့်မယ် ဘာညာပေါ့ဆရာ။ တတ်နိုင်သလောက် နေ့တိုင်း သူ့ကို လာလာပြီး နှောက်ယှက်တာကို ဆရာရဲ့။ ဒါနဲ့ အဘွားကြီးက ရဲဝန်ထမ်းဆို ရင် ဒီလိုပဲမှတ်ပြီး မုန်းနေတာ ဆရာရဲ့"

ဤတွင် အဘွားကြီးဖြစ်အင်ကို ကျွန်တော်နားလည်ကာ ...

"ဩော် ... ဒါ့ကြောင့်ကိုး။ ဟ ဒါထက် မင်းဟာက သေချာလှချည် လား။ မင့် ဘယ်ကပြောတာလဲ"

"အဲဒီရဲဝန်ထမ်း ကိုယ်တိုင်ပြောတာပါပဲ ဆရာ"

"ဟေ ... မင်း ဒီရဲဝန်ထမ်းနဲ့ သိလို့လား"

"သိရုံ ဘယ်ကမလဲ ဆရာ၊ အရင် ကျွန်တော် ပြောဖူးတဲ့ ရေကူးက ကျွန်တော့်ဆွေမျိုး ဆိုတာပေါ့"

"ဟာ ... ဟ"

ကျွန်တော် ယခုမှ ပေါ်အူး၏ ဆင်လုံးထွင်လုံးကို သိပါပြီ။

"အား ... ဟေ့ ပေါ်အူး"

"ဘာတုန်း ဆရာ"

"ငါသိပါပြီကွာ။ မင်း ဒီကိစ္စအတွက် မင့်လူကို ဘယ်လောက်ပေးရ သေးသလဲကွ"

"တစ်နေ့ တစ်ကျပ်နှုန်းနဲ့ အစိပ်ပါဆရာ"

ကျွန်တော် အိတ်ထဲသို့ ရုတ်တရက် လက်နှိုက်လိုက်ပါသည်။

"ဒါဖြင့်ရော ... မင်းအတွက်ပါ ယူဟေ့"

"ကျေးဇူးပါပဲ ဆရာ"

❖

mgyoe.com

mgyoe.com

## ချစ်ဒုတ်ခ

"ကဲဟေ့ ... ပေါ်အူး"

ကျွန်တော်သည် ပြတင်းပေါက်တွင် မတ်တပ်ရပ်ကာ လူ ၄၀ ရာခိုင်နှုန်းလောက် နာမကျန်းဖြစ်သော ရန်ကုန်မိုးဦးကျ၏ ဆက်မိုးဆွေ ပန်းချီကားကို ကြည့်ရှုနေရာမှ ဧည့်ခန်းရှိ ကြေးပန်းအိုးကြီးကို တိုက်ချွတ်နေသော ပေါ်အူးဘက်သို့ လှည့်လိုက်ပြီး ...

"ငါတို့ ခရီးထွက်ရလိမ့်မယ်ကွ၊ မသွားလို့လည်း မကောင်း။ ငါ့ဆွေမျိုးတွေလည်း မတွေ့တာကြာလှပြီ"

ပေါ်အူးသည် ဘရပ်ဆိုဘူးကို လှုပ်၍ အဝတ်စပေါ် ငှဲ့ယူလိုက်ရင်း

"ဟုတ်ကဲ့ ဆရာ"

"ကြာလှဆို တစ်နှစ်ကျော် နှစ်နှစ်ရှိသွားပြီ။ သူတို့ ဓားပြတိုက်ခံရတယ်တော့ ကြားတာပဲ"

ပေါ်အူးသည် ကျွန်တော့်ကို မော်မကြည့်ဘဲ ကြေးပန်းအိုးကိုသာ ဂရုတစိုက် ပွတ်တိုက်နေရာမှ ...

"ဓါးပြတိုက်ခံရတာလောက်က အရေးမကြီးပါဘူးဆရာ"

"ဘာက အရေးကြီးသတုံး"

mgyoe.com

mgyoe.com


"သမီးပျို့တွေကို ဖွတ်မိကျောင်းကောင်နဲ့ ပေးစားထားမိမှာ စိုးရတယ် ဆရာ"

"အေး ... အဲဒါပဲဟုတ်တယ်ကွ။ သို့သော် ငါတို့အမျိုးတွေ ဒါလောက် ညံ့မယ် မဟုတ်ပါဘူးကွာ။ ဖွတ်မိကျောင်းလား မိကျောင်းအစစ်လားဆို တာ ခွဲခြားသိနိုင်ကြပါလိမ့်မယ်"

"ဒီလိုဆို ... ကောင်းပါရဲ့ဆရာ"

"အခုတော့ စိုးရိမ်စရာ ရှိတော့မယ် မဟုတ်ပါဘူးကွယ်။ ဖွတ်တွေ ဟာ ပြန်ပြီးဝင်ကုန်ကြရောပေါ့။ တပ်မတော်ကြီးကို ကျေးဇူးတင်ရမယ် ကွယ့်"

"ဟုတ်ကဲ့ ဆရာ"

"ဒါထက် တို့ ဟိုရောက်ရင် ဆွေတွေမျိုးတွေကို လက်ဆောင်ပေးဖို့ ဟိုအရပ်မှာ ရှားပါးတဲ့ စားစရာတွေ ဘာတွေ ဝယ်သွားရလိမ့်မယ်ကွယ့်"

"ကျွန်တော်တို့ သွားမယ့်နေ့မှာ အသင့်ယူသွားဖို့ ဒူးရင်းသီး ၅၀ နဲ့ မင်းဂွတ်သီး ၅၀၀၊ သစ်သီးဈေးက အလန်ကြူးဆိုင်မှာ အော်ဒါလုပ် ထားပြီ ဆရာ"

ယင်းသည်အခိုက်ဝယ် အိမ်ရှေ့သံတံခါးမှ ဂျပ်ခနဲ ကြားရပြီး ...

"ပို့စမင်း"

ပေါ်အူး ထသွားပြီး ကျွန်တော့်နာမည်နှင့် စာတစ်စောင်ကို ယူလာ ပါသည်။

ကျွန်တော် စာကို ဖောက်ဖတ်ရင်း ...

"အောင်မာ ... အောင်မာ၊ မအေပေးကောင်က ငါတို့အရင် ဟိုမှာ ရောက်နေမှကိုးကွ"

"ဘယ်သူလဲ ဆရာ"

"ခင်မောင်ဖော်လေ ငါ့အရူးလုပ်သွားတဲ့ကောင်ပေါ့၊ အမယ် အမယ် ဘာများအရေးတကြီး စာရေးသလဲ အောက်မေ့ပါတယ်။ သူလိုချင်တာ မှာ တာကိုးကွ"

"ဘာတဲ့လဲ ဆရာ"

"ဒီမှာ ဖတ်ကြည့်ကွ"

mgyoe.com

mgyoe.com


ကျွန်တော် စာကို လက်ကမ်းလိုက်ပါသည်။

သူ့စာမှာ ...

ခင်မောင်ဖော်
ခေတ္တ ပေါင်းတည်

ဟေ့ ... သူငယ်ချင်း အေးဆွေ

မင်း ပေါင်းတည်ကို လာမယ်ဆိုတဲ့သတင်း ငါ မင့်ဦးကြီးဆီက ကြားရတယ်။ ငါရောက်နေတာတော့ ၅ ရက် ရှိသွားပြီကွ။ အဲဒီ ၅ ရက် အတွင်းမှာပဲ မြာတစ်ယောက် တွေ့နေပြီ၊ ချောတယ်။ သိပ်ချောတာပဲ။ မင်းရောက်လာလို့ ငါ့မြာကို တွေ့ရင် မင့်ကိုယ်မင်း ငါ သိပ်အလာနောက် ကျလေခြင်းလို့ ဝမ်းနည်းမိမှာ အမှန်ပဲ။ ငါမှ အင်မတန်ကံကောင်းလို့ ဆရာ အခု ပေါင်းတည်တို့၊ ပြည်တို့မှာ အပျိုချောချော သိပ်ရှားနေတာပဲ။

အေးလေ .. မင်းလည်း ငါပြောတာနဲ့ သိပ်စိတ်မပျက်နဲ့ဦး။ မင်း ရောက်တော့ ကံကောင်းရင် တစ်ယောက်တလေ တွေ့ချင်တွေ့ဦးမှာပေါ့။ အခုငါ့စာကတော့ ငါ့မြာငါ သိပ်ပြီးဂုဏ်ပြုချင်တာနဲ့ ဟုတ်တာထက်ပိုပြီး ရေးလိုက်တာကွ။

ငါ ... ဒီစာရေးရခြင်း အကြောင်းရင်းကတော့ မင်းဟာ ငါ့သူငယ် ချင်းကောင်းပီပီ အောက်ပါပစ္စည်းများ ဝယ်လာဖို့ပါပဲ။

(၁) မိန်းမဆောင်းပိုးထီး ပန်းရောင်လှလှကလေး တစ်လက်။

(၂) ပိုးသားနုနု အဆင်ဆန်းဆန်း မိန်းမလည်စည်းကလေးနှစ်ခု။

(၃) အမောက်အတွန့်အတက် အဆန်းဆုံးအလှဆုံး အင်္ဂလိပ်ရုပ်ရှင် မင်းသမီး တစ်ယောက်ရဲ့ ဓာတ်ပုံကြီးကြီး အက်စသာဝီလီယန် (သို့မဟုတ်) အီဗွန်ဒီကာလို။

ကဲ ... သူငယ်ချင်း အဲဒီသုံးခုအနက်မှာ နောက်ဆုံးနံပါတ် ၃ ကို ငါ့မြာ ဘာလို့ လိုချင်လဲဆိုတော့ မင်းအံ့သြသွားမှာပဲ။ ငါ့မြာမှာ အမောက် မထောင်ရတာကြာလို့ အခုပြန်ထောင်ချင်တော့ ဘယ်လိုထောင်ရမလဲဆို တာတောင် မေ့နေတဲ့အတွက် အင်္ဂလိပ်မ ပုံကို နည်းယူဖို့ ကြည့်ချင်တာ တဲ့ကွာ။

ဒေါက်ဖိနပ်တော့ မစီးရတာ ကြာပေမဲ့ အရေးမကြီးဘူး။ အဲဒီ အ

mgyoe.com

mgyoe.com


တွင်း ကုလားမခြေထောက်ကို အစီးကျင့်ကျင့်ထားလို့ အခုပြန်စီးတော့ အိုကေပဲကွ။

အဲဒါပါပဲ။ ဝယ်ခဲ့ကွာနော် ဆက်ဆက်။ ကျန်းမာပါစေ

ခင်မောင်ဇော်

သြော် ... မင့်ကို တစ်ခုပြောရဦးမယ်။ အခု အောင်ရွှေကြီးတို့လည်း ရောက်နေတယ်ကွ၊ သူ့မိန်းမ ဂျပုလေးလည်း ပါတယ်ကွ။

ဇော်

မိတ်ဆွေသည် ခင်မောင်ဇော်ကို သိရှိပြီး ဖြစ်ပါလိမ့်မည်။ သို့သော် ဒီကောင် ကျွန်တော့်ကို အရူးလုပ်ထားသည်ကို စိတ်နာလှသည်နှင့် ထပ်၍ ပြောပြပါရစေဦး။

မန္တလေးက ဒေါ်ကြီးစိုး၏ **ဘေဘီဂျူနီယာ** ကိစ္စအပြီးတွင် ပေါ်အူး မရှိခိုက်၌ ကျွန်တော်သည် သူတို့အိမ် ၁၀ ရက်မျှ သွားနေသည်တွင် လက်ထပ်အံ့ဆဲဆဲ သူ့နှမတစ်ဝမ်းကွဲ မော်လမြိုင်သူ မြလေးမူကို ကျွန်တော်နှင့် ကြိုက်ဟန်ဆောင်စေပြီး ဤဘဝ၌ ပေါင်းမဖြစ်တော့၍ နောင်ဖြစ်လေရာ ဘဝတိုင်းဝယ် ပေါင်းရပါစေသားဟု ဆုတောင်းကာ အဆိပ်သောက်ပြီး နှစ်ယောက်သေဟန် စီမံသူဖြစ်သည်။ ကျွန်တော်သည် သူ့နှမ၏ အဆွဲ အဆောင်ကောင်းမှုကြောင့် ပေါချာခဲ့မိ၏။ သို့သော် ကျွန်တော်တို့ သောက်သည်မှာ တကယ့်အဆိပ်မဟုတ်။ အဖြီးကောင်းသော သူ့အစ်ကို ထင် အောင်ကျော်၏ အိပ်ဆေးများဖြစ်၍ ကျွန်တော်တို့ အိပ်ပျော်သွားသောအခါ နတ်စိမ်းအဝတ်အစားများ ဝတ်စေပြီး ကျွန်တော့်ကိုယ် ကျွန်တော် နတ်စိမ်း မှတ်အောင် လှည့်စားမိ၏။ အတူသေဟန်ပြုသော သူ့နှမကိုလည်း နတ် စိမ်းမ ဖြစ်စေသည်။ သို့သော် မြလေးမူ မဟုတ်ပေဘဲ ဒီကောင်မနှင့် အမှာ ပူးမွေးသော ရုပ်တူမူကွဲ ယောကျ်ားစစ်စစ်ကို အစားထိုးထားခြင်း ဖြစ်ပါ သည်။ ကျွန်တော် ခွေးလုံးလုံး ကျခဲ့ချေ၏တကား။ ရှက်ပါသည်။ ရှက်ပါ သည်။ ထို့ကြောင့် ကျွန်တော်သည် သူ့အား ပြန်၍ကလဲ့စားချေရန် ကြံ စည်ထားသူဖြစ်၏။ ယခုမူကား အစွန်းအစပေါ်ချေပြီ။

သူ့စာထဲ၌ပါသော **အောင်ရွှေကြီး**ကိုကား မိတ်ဆွေ မေ့ကောင်း မေ့နေပြီ ထင်ပါသည်။ ဒီကောင်ကြီးကား အခြားလူမဟုတ်ပါ။ အလွန်မေ့

mgyoe.com

mgyoe.com


တတ်သဖြင့် ဖုန်းမေ့လေ၏ ဟု ကျွန်တော်တို့က ဘွဲ့ပေးထားသူ ဖြစ်ပါသည်။ မိတ်ဆွေ တစ်ခုတော့ သတိရကောင်း ရပါမည်။ တစ်ခါတုန်းက သူ၏ကတိထားပြီး ရည်းစားကို မေ့၍ ဝန်ကြီးတစ်ယောက်၏တူမနှင့် သွားပြီး စေ့စပ်မိသဖြင့် ချောက်ကျအံ့ဆဲဆဲ ကျွန်တော့်တပည့် ပေါ်အူးက ကယ်ရသူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း သူ့ဂျပုမကလေးနှင့် လက်ထပ်ရခြင်း ဖြစ်ပါသည်။

အလွန် အရပ်ရှည်သော ကောင်ကြီးနှင့် အင်မတန် ပုကွသော လိုတိုးပိုလျော့ လင်မယားကို မတွေ့ရတာ ကြာပေပြီ။ ယခု တွေ့ရတော့ ချေမည်။ ခင်မောင်ဇော်ကိုလည်း တွေ့ချင်လှပါ၏။ သူ့ကိုတော့ ကလဲ့စားချေရန် ဖြစ်သည်။ ယခုပင် ဦးနှောက်ထဲ၌ စိတ်ကူးပေါ်ပါပြီ။

ထို့ကြောင့် ပေါ်အူး စာဖတ်ပြီးသောအခါ၌ ...

"ဘယ့်နှယ်လဲဟေ့ တပည့်"

"ဆရာ"

"ခင်မောင်ဇော်နဲ့ ကိုယ်နဲ့တော့ တွေ့ကြတော့မယ်"

"ဆရာ ဟိုရောက်ရင် တွေ့မှာပေါ့ ဆရာ"

"ဟိုက် ... ငါက ... ဒါကို ပြောတာ မဟုတ်ဘူး"

"ဘာကိုလဲ ဆရာ"

"ဒီကောင် ငါ့ကို အရူးလုပ်ဖူးတယ် မဟုတ်လား။ ငါ့က သူ့ကို ကလဲ့စားပြန်ချေမှာ ပြောတာကွ"

"ဘယ်လို ပြန်ချေမှာလဲ ဆရာ"

"အခု သူ့ကောင်မလေးဖို့ သူမှာတာတွေ ရှိ မဟုတ်လား။ အဲဒါတွေ ငါ ဝယ်သွားမယ်ထင်သလား"

"မထင်ဘူးဆရာ"

"အဲဒါတွေအစား ဘာတွေဝယ်သွားမယ် ဆိုတာရော မင်း သိရဲ့လား"

"မသိဘူးဆရာ"

"အေး ... ငါ့ဦးနှောက်ထဲ ခုနကလေးတင်မှ ဖြစ်ပေါ်လာတာတော့ မင်း ... ဘယ်သိနိုင်မလဲကွာ၊ ဒီလိုကွ ငါ့အကြံက သူ ... သူ့ကောင်မလေး

mgyoe.com

mgyoe.com


ဆီမှာ ချောက်ကျအောင် အခု သူမှာတဲ့ဟာတွေနဲ့ ဆန့်ကျင်ဘက်ပစ္စည်းတွေကို ဝယ်သွားမယ်ကွာ"

"ဘယ်လို ဆန့်ကျင်ဘက်တွေလဲ ဆရာ"

"ဒီမှာ သူ့ကောင်မလေး လိုချင်တာ နံပါတ်(၁) မိန်းမဆောင်း ပိုးထီး ပန်းရောင်လှလှလေးဆို မဟုတ်လား။ အဲဒါကို ယောကျ်ားစီး ဘောကန်ဖိနပ်ညိုညစ်ညစ်ကြီး ဝယ်သွားမယ်ကွ"

ကျွန်တော်က ပိုင်ပိုင်နိုင်နိုင်ကြီး ပြောလိုက်ပါသည်။

ဤနေရာ၌ ပေါ်အူးပင် ပြုံးပါသည်။

"ဘယ့်နှယ်လဲ ဟေ့ ... ငါ့စိတ်ကူးဉာဏ် မကောင်းဘူးလား"

"ဟာ ... အင်မတန်ကောင်းတယ် ဆရာ"

"နို့ပြီးတော့ နံပါတ်(၂) ပိုးသားနုနု အဆင်ဆန်းဆန်း မိန်းမလည်စည်းကလေးနှစ်ခုဆိုတာကို သိုးမွေးကြမ်းကြမ်း ကန့်လန့်စင်းအဝါနဲ့ အနက်ဆင် ယောကျ်ားစွပ် ခြေအိတ်ကြီးတစ်စုံ ဝယ်သွားမယ်ကွ။ မဟန်လားဟေ့"

"ဟန်ပါ့ဆရာ"

"နို့ပြီး နံပါတ် (၃) အမောက်အတွန့်အတက် အများဆုံး အင်္ဂလိပ်ရုပ်ရှင်မင်းသမီးပုံ ဆိုတာကတော့ ပန်းချီဦးအုန်းလွင် ဆီဆေးနဲ့ အပျင်းပြေဆွဲထားတဲ့ ရောင်ပေစူးကြီးနဲ့ ကပ္ပလီမကြီးပုံ အရုပ်ဆိုးဆိုးကြီးကို ဝယ်သွားမယ်ကွ မှတ်ကရော့ ငါ့စိတ်ကူးဉာဏ်တွေ မပိုင်လားဟေ့"

"ပိုင်ပါ့ဆရာ"

"ဟိုရောက်တော့ ငနဲက သူမှာတဲ့ပစ္စည်းတွေ ယူရအောင်လာတဲ့အခါမှာ ရော့ကွာ မင်းမှာတာတွေ ငါဝယ်လာခဲ့တယ်ကွ လို့ ပေးလိုက်တဲ့အခါမှာ ငနဲမျိုးမျက်နှာ ဟီဟီ ငါ မြင်ယောင်သေးတော့တယ်ကွာ"

ကျွန်တော်မှာ ကိုယ့်စိတ်ကူးနှင့်ကိုယ် အတော်ပင် ပီတိဖြစ်၍နေပါသည်။

လူတို့၌ ဤကဲ့သို့ ဆန်းကွန့်သော အကြံထူးဉာဏ်ထူးများမှာ ပေါ်တောင့်ပေါ်ခဲလှလေသည်။ ကျွန်တော်ကိုယ်တိုင်လည်း ရံဖန်ရံခါများ လောက်မှသာ ယခုကဲ့သို့ ထူးထူးချွန်ချွန် စိတ်ကူးဉာဏ် ပေါက်ရောက်မိ

mgyoe.com

mgyoe.com


ကြောင်း ရှိသားစွာဝန်ခံပါသည်။ သို့အတွက် နောက်နောင်တွင်၌ အမှတ်တရရှိစေခြင်းငှာ ဘီလိယက်ခုံမှ အိတ်ထဲတွင် အသင့်ပါလာသော မြေဖြူခဲကို ထုတ်ကာ ...

"ပေါ်အူးရေ ... ဒီနေ့ ငါစိတ်ကူးညဏ်တော့ မှတ်တမ်းတင်လိုက်တော့မယ်ကွာ"

ဟု ပြောပြီး အနီးရှိ နံရံပေါ်၌ အောက်ပါအတိုင်း ရေးလိုက်ပါသည်။

**ဆန့်ကျင်ဘက်များ**

(၁) မိန်းမဆောင်း ပိုးသားထီးနှင့် ယောကျ်ားစီး ဘောကန်ဖိနပ်။

(၂) ပိုးသားနုနုမိန်းမလည်စည်းနှင့် သိုးမွေးကြမ်းကြမ်း ယောကျ်ား ခြေအိတ်။

(၃) အင်္ဂလိပ် ရုပ်ရှင်မင်းသမီးပုံနှင့် ကပ္ပလိမ အရုပ်ဆိုးဆိုးကြီး။

ပုံ

အေးဆွေ

၁၅-၆-၅၀

နေ့စွဲနှင့် ဆိုင်းပါ ထိုးလိုက်သည်။ အကြောင်းမှာ အိမ်သို့ ဧည့်သည်ရောက်လာသောအခါ မြင်၍ မေးမြန်းလျှင် အကျိုးအကြောင်းပြော၍ ကြွားရန် ဖြစ်ပါသည်။

ပေါ်အူးမူ ပြုံး၍နေပါသည်။

ယင်းသည့်အခိုက်တွင် အန်တီမြ (စာရေးဆရာ ဒဂုန်မြမြကြီး) ရောက်လာသဖြင့် ...

"ဟဲ့လို ..အန်တီ ... ဖုန်းမဆက် အကြောင်းမကြားဘဲနဲ့ ဘာကိစ္စများ ပေါ်လာပါလိမ့် ထိုင်ပါထိုင်ပါ"

သို့သော် အန်တီမြ၏မျက်နှာမှာ တယ်မကြည်သာလှဘဲ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး ...

"မင်းသိလား မင်းကောင် ခင်မောင်ဇော်ရယ် ပေါင်းတည်ကို ထွက်သွားတယ်ကွ"

ကျွန်တော်သည် ကုလားထိုင်လက်တန်းပင် တစ်ချက်ရိုက်၍ ရယ်လိုက်ပြီး ...

mgyoe.com

mgyoe.com


"သိတာပေါ့ အန်တီ၊ သိလို့ပဲ ဟော့ဟိုမှာ ကြည့်စမ်း"

ဟု အခန်းနံရံတွင် ခုနက ရေးထားသော စာကို ပြလိုက်ပါသည်။

အန်တီမြသည် မျက်နှာကို ရှုံ့မဲ့ပြီး ...

"မောင်အေးဆွေ၊ မင်းဟာ တယ်ပြီးစိတ်မနှံ့ဘူးလို့ ဒေါက်တာ သိန်းဇံ ပြောတာ မှန်နေရော့လားကွယ်။ ဘာ ... ရူးကြောင်ကြောင်အလုပ်တွေ လျှောက်လုပ်နေတာလဲ လူများမြင်ရင် ရှက်စရာကွယ်"

"ဟာ အန်တီရဲ့ ကျွန်တော်က ဒီကောင့်ကို ချောက်ချဖို့ စိတ်ကူးဉာဏ်ပေါ်လာတာကို မှတ်တမ်းရေးထားတာဗျ။ ဟော့ဒီမှာ ဒီစာကို ကြည့်စမ်းပါဦး"

ဤကိစ္စ ရှင်းလင်းသွားရန်အတွက် ခင်မောင်ဇော်ထံမှ ပေးလိုက်သော စာကို ထိုးပေးလိုက်ပါသည်။ သို့သော် အန်တီမြသည် ကျွန်တော့်လက်ကို ဆီးတွန်းပစ်ပြီး ...

"နေစမ်းပါကွယ်၊ မင်းအရူးထပြီး ရေးထားတဲ့ စာတွေကို မဖတ်ချင်ပါဘူး။ ငါလာတဲ့ကိစ္စက ခင်မောင်ဇော်ရယ် ဟိုမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့နေတယ် ကြားလို့ကွယ့်"

"အေး ... ဟုတ်တယ်လေ။ ကျွန်တော်ကလည်း သူနဲ့ အဲဒီကောင်မလေးနဲ့ ချောက်ကျအောင် စီစဉ်နေတာပါပဲ။ ရော့ ... ဒီမှာဖတ်ကြည့်ပါ။ ဒါ သူ့ဆီက ပေးလိုက်တဲ့စာပါပဲ"

ဤတွင်မှ အန်တီမြသည် စာကို ယူ၍ဖတ်ပါသည်။ စာဆုံးခါနီး၌ ကျွန်တော်က ...

"ကဲ ... အန်တီ၊ သူ့ကောင်မလေး လိုချင်တာတွေ တွေ့ပြီမဟုတ်လား။ အဲဒါတွေနဲ့ ဆန့်ကျင်ဘက် ဝယ်သွားတော့ ငနဲ ချောက်ကျရော မဟုတ်လားဗျ။ ကျွန်တော်က သူ့ကို ကလဲ့စားချေဖို့ စိတ်ကူးနေတာ ကြာလှပြီ။ အခုမှ ချက်ကောင်းတွေ့တာဗျ။ ဟား ဟား ဟား ဟား"

ကျွန်တော်မှာ ဝမ်းသာအားရပင် ရယ်ပစ်လိုက်ပါသေးသည်။ သို့သော် အန်တီမြမှာ ကျွန်တော့်ကိစ္စကို လုံးဝစိတ်ဝင်စားဟန် မရှိဘဲ မျက်ခုံးကို တွန့်၍

"မင့် မဟုတ်က ဟုတ်ကဟာတွေ နံဘေးထားစမ်းပါကွာ။ ဒီမှာ

mgyoe.com

mgyoe.com


ငါ့မယ် ရိရိ့အတွက် ဒုက္ခရောက်နေတယ်ကွယ့်"

"ရိရိက ဘာဖြစ်လို့လဲ"

"ခင်မောင်ဇော်ရယ် ဟိုမှာ ကောင်မလေးနဲ့ တွေ့နေတယ် ဆိုလို့ပေါ့ကွယ်"

"ဒါ ... သူနဲ့ ဘာဆိုင်သလဲ"

"သူတို့ချင်း သမီးရည်းစားကွယ့်"

"ဘယ်သူတို့ချင်းလဲ"

"မင့်နှမ ရိရိနဲ့ ခင်မောင်ဇော်လေ"

"ဟင်"

ကျွန်တော့်မှာ မျက်လုံးပြူး၍ သွားပါသည်။ ရိရိမှာ ဦးကြီးဖျိုင်း၏ သမီး ကျွန်တော့်နှမဝမ်းကွဲ ဖြစ်ပါသည်။

"ကျွန်တော် အစက မသိပေါင်ဗျာ။ သို့သော် အန်တီရယ် ဒီကောင် သစ္စာမတည်လို့ ဖောက်ပြားသွားတဲ့ဟာ ဘာမက်စရာရှိသလဲ ရိရိကို ပြောလိုက်ပါ ကိုယ့်ရုပ်ကိုယ့်ဂုဏ်နဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်ကြီးမှာ ယောကျ်ားမရှားပါဘူး"

ကျွန်တော်အမှန်ပင် ရိရိ့အတွက် မခံချင်စိတ် ဖြစ်ပါသည်။ သို့သော် အန်တီမြသည် ဦးခေါင်းကို လေးလေးညိတ်ရမ်းကာ ...

"မဟုတ်သေးဘူး မောင်ဆွေ။ သူတို့ကိစ္စမှာ ကောင်လေးအပြစ်ချည်းလည်း မဆိုသာဘူး။ အန်တီ ပယောဂလည်း ပါနေသေးတယ်ကွယ့်"

"ဘယ်လိုပါတာလဲ"

"ဒီလိုကွယ့်၊ အန်တီက မင့်နှမ ရိရိနဲ့ မြမြ နှစ်ယောက်စလုံးကိုပဲ အိမ်ထောင်မပြုမီအတွင်းမှာ မိဘပစ္စည်း ဝတ်စားပြီး အိမ်မှာ အလကားနေမယ့်အစား တတ်နိုင်သလောက် တိုင်းပြည်အကျိုး၊ လူထုအကျိုးကို သယ်ပိုးရာရောက်အောင် ဆေးရုံကြီးမှာသွားပြီး သူနာပြုသင်တန်း ယူနေဖို့ တရားဟောတာနဲ့ ညီအစ်မနှစ်ယောက်စလုံး လိုက်နာကြတယ်ကွယ့်။ အဲဒါကို မောင်ခင်မောင်ဇော်က သိတော့ သဘောမတူနိုင်ဘူးဆိုပြီး စိတ်ကောက်ထွက်သွားပြီး ပေါင်းတည်ကနေပြီး နောက်ချစ်သူ တွေ့နေတဲ့အကြောင်း ရိရိဆီကို စာရေးလိုက်တယ်။ အဲဒါကြောင့် ရိရိက ငါ့ကြောင့် သူ့ရည်းစား

mgyoe.com

နဲ့ ကွဲရတယ်ဆိုပြီး မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတယ်ကွယ့်"

ဤနေရာ၌ ကျွန်တော်ပင် အန်တီမြကို စိတ်ပေါက်ပေါက်ရှိလာကာ

"ဟုတ်သားပဲ၊ ဒါတော့ အန်တီ သက်သက်ပြုဟ်မွှေတာပဲဗျ။ ဒီနေရာမျိုးမှာ ခင်မောင်ဇော်သာ မဟုတ်ဘူး။ ကျွန်တော်ဆိုရင်လည်း သဘောတူမှာ မဟုတ်ဘူး။ ဘယ့်နှယ်ဗျာ ဘာမဟုတ် ညာမဟုတ် နာစ့်မလုပ်ရတယ်လို့"

"ဟော့ ... ဟော့ ... မင်း ဒီလိုရမ်းမပြောနဲ့"

အန်တီမြသည် ဆတ်ကဲ့လတ်ကဲ့နှင့် လက်တား၍ ကျွန်တော့်စကားကို ဖြတ်ကာ ...

"မင်း နာ့စ်မကလေးတွေအကြောင်း ဘာများသိသလဲ။ ဘာများ လေ့လာဖူးသလဲ။ မင်းဆေးရုံ ရောက်ဖူးသလား။ လူနာအဖြစ်နဲ့ ဆေးရုံမှာနေဖူးသလား။ မင်း ဆေးရုံတစ်ခါလောက် တတ်ဖူးရင် နာ့စ်မကလေးတွေ တန်ဖိုးကို ကောင်းကောင်းသိလာမယ် နားလည်လား"

အန်တီမြသည် ကျွန်တော့်စကားအတွက် အတော်ပင် မခံမရပ်နိုင်အောင် ဖြစ်ဟန်တူသည်။ ကျွန်တော်ကလည်း အားကျမခံ ...

"ကျွန်တော် ရောဂါရတဲ့ကောင် မဟုတ်လို့ ဆေးရုံတတ်မနေဖူးပေမယ့် နာ့စ်မတွေ အကြောင်းတော့ ဟိုကပြော ဒီကပြောနဲ့ သိသင့်သလောက်သိတာပေါ့ဗျ"

"အေး ... သူတို့ကွာတာ လူစည်တာ ဘာဖြစ်သလဲ။ သူတို့ကို ခင်မင်တဲ့လူ ကျေးဇူးတင်တဲ့လူ ပေါလို့ လာပြုလည်ကြတယ်ကွ။ ရုပ်ရှင်တို့၊ ပြဇာတ်တို့ ခေါ်ပြကြတယ်ကွာ။ သူတို့လိုက်သင့်တဲ့ လူနဲ့ လိုက်ကြည့်ချင်ကြည့်ကြတယ်ကွာ။ လမ်းအတူ လျှောက်ချင်လျှောက်ကြတယ်ကွာ။ အဲဒါ ဘာဖြစ်သလဲ"

"ဒီလိုဆိုကတည်းက ဘယ်ကောင်းတော့မလဲဗျ။ ဟိုလူနဲ့တွဲ၊ ဒီလူနဲ့တွဲနဲ့"

"ဟော့ ... မင်း၊ အဲလို ခေတ်မမီတဲ့ ရှေးရိုးအဘွားကြီးစကားတွေ မပြောပါနဲ့ကွာ။ သူတို့ကိုယ်သူတို့ သိလို့တွဲတာ ဘာဖြစ်သလဲ။ သူတို့ဟာ ကိုယ့်ဒူးကိုယ်ချွန်တဲ့ မိန်းကလေးတွေကွယ့်။ မိန်းမတစ်ရာမှာ တစ်ယောက်

mgyoe.com